The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 40 တနင်္လာနေ့တိုင်းထုတ်ဝေသည် October 24 , 2016

# မြန်မာ့ဆန်စပါးဈေးကွက် အရှေ့



**အတိတ်ကို ပြန်သုံးသပ်ခြင်း**

မြန်မာ့ဆန်စပါး ဈေးကွက်ကို ပြန်လည်လေ့လာ သုံးသပ် ကြည့်ပါက ၂၀၀၃ ခုနှစ်အထိ ပုဂ္ဂလိက လုပ်ငန်းရှင်များမှာ ပြည်တွင်းဈေးကွက်ကိုသာ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပတင်ပို့မှုကို နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (MAPT) တစ်ဦးတည်းကသာ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ နှစ်ကုန်ပိုင်းတွင် နိုင်ငံတော်က ဆန်စပါးမူဝါဒချမှတ်ပြီး နောက်ပိုင်းတွင် တပ်မတော် အစိုးရက ရွေးချယ်ထားသည့် ကုမ္ပဏီများ (Selected Companies) နှင့် ရေနက်ကွင်း လုပ်ငန်းပြုကုမ္ပဏီများက ၂၀၀၈ခုနှစ် မတိုင်မီကာလအထိ ပြည်ပဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့ကြပါသည်။

|pmrsuEs- 12|

## ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှု စည်းမျဉ်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ခွင့်ပြု ပေးလျက်ရှိ

|pmrsuEs- 17|

## နယ်စပ်ဒေသများမှ လယ်ယာစိုက်ပျိုးရေးသုံးနဲ့ ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ ယာဉ်/ယန္တရားများ တင်သွင်းခွင့်ပြု၍ လုပ်ငန်းရှင်များအကျိုးရှိ

|pmrsuEs- 17|






ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်

# GOOD BROTHERS' COMPANY LIMITED

လက်ငင်းစနစ်၊ဘဏ်အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပြီး အပိုပစ္စည်းများကို
အမြို့မြို့အနယ်နယ်ရှိကုမ္ပဏီခွဲများတွင်ဝယ်ယူရရှိနိုင်ပါသည်။
ဈေးနှုန်းသက်သာပြီးဝယ်ယူသူများအဆင်ပြေချောမွေ့စေရန်ဝန်ဆောင်မှုများကို
အကောင်းဆုံးဆောင်ရွက်ပေးပါသည်။







ရန်ကုန် – အမှတ်–(၂၂)၊ဘုရင့်နောင်လမ်းမကြီး၊သီရိမွန် လုံးချင်းအိမ်ရာ၊လှိုင်မြို့နယ်။ ဖုန်း–၀၁ ၆၈၂၁၄၇၊ ၆၈၂၁၅၇၊ ၆၈၂၇၉၉ (လိုင်းခွဲ ၈၁၅/၈၂၅) ဖက်(စ်) ၀၁ ၆၈၀၄၁၁ ၀၉–၅၀၂၀၁၈၁၊ ၀၉၂၅၆၂၆၇၄၆၉

မန္တလေး – အမှတ်–(၅၁၂/၅၄၁)၊ ၈၁လမ်း၊ ၃၅ × ၃၆ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း–၀၂–၃၉၉၄၈၊ ၃၂၄၄၀၊ ၆၄၅၁၄၊ ၇၁၅၆၄(လိုင်းခွဲ–၂၁၁၊ ၂၁၄)၊ ၀၉၂၀၁၀၈၁၄၊ ၀၉၆၄၆၀၁၆၅၊ ၀၉၄၄၄၀၀၂၄၁၄၊ Fax–၀၂–၂၄၈၄၈



ဝိတိုရိယ ဆေးရုံ

Victoria Hospital

ESWL
Medispec
EM1000

Quality Care



## အသံလှိုင်းသုံး၍ ဆီးကျောက်ချေခြင်း

(Extra corporeal Shock Wave Lithotripsy <ESWL>)

ဝိတိုရိယဆေးရုံတွင် ဆီးနှင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် ခေတ်မီနောက်ဆုံးပေါ် ကျောက်ကပ် အထူးပြုစက်ကိရိယာဖြင့် ကြိမ်နှုန်းမြင့်အသံလှိုင်းသုံး၍ ဆီးကျောက်ချေနိုင်ပါပြီ. . .။

ESWL ဆိုသည်မှာ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတစ်လျှောက်ရှိ ကျောက်ကို မခွဲမစိတ်၊ မှန်ပြောင်း မသုံး၊ မေ့ဆေး မပေးဘဲ ခန္ဓာကိုယ်ပြင်ပမှ ခေတ်မီစက်ကိရိယာအသုံးပြု၍ အသံလှိုင်းဖြင့် ကျောက်ချေခြင်း (Extra corporeal Shock Wave Lithotripsy > ESWL) ဖြစ်သည်။

## ကြိမ်နှုန်းမြင့် အသံလှိုင်းသုံး၍ ဆီးကျောက်ချေခြင်း (ESWL) ၏အကျိုးကျေးဇူးများ

- ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတစ်လျှောက်ရှိ အရွယ်အစားသေးငယ်သော ကျောက်များ ( size - ) ကို အသံလှိုင်းများထုတ်လွှင့်၍ ပိုမိုသေးငယ်သော ကျောက်မှုန်လေးများဖြစ်အောင် ဖြိုခွဲကာ ဆီးထဲသို့ မျောပါ စွန့်ထုတ်နိုင်အောင် ပြုလုပ်ပေးခြင်း။
- ဆေးရုံတက်ရောက်ရန် မလိုဘဲ ပြင်ပလူနာအဖြစ် ကုသမှုခံယူနိုင်ခြင်း။
- ခွဲစိတ်စရာမလိုသည့်အတွက် မေ့ဆေးအန္တရာယ် မရှိခြင်း၊ အမာရွတ် မကျန်ခြင်း။
- နာကျင်မှု အနည်းငယ်မှအပ ပုံမှန်အတိုင်း ပြန်လည်လှုပ်ရှား သွားလာနိုင်ခြင်း။
- အချိန်ကုန် သက်သာခြင်း၊ အလုပ်အကိုင် မပျက်ခြင်း။
- ကုသမှုခံယူရသည့်အချိန်မှာလည်း ကျောက်အရွယ်အစားပေါ်မူတည်၍ ၄၅ မိနစ်မှ (၁) နာရီခန့်သာ ကြာမြင့်ခြင်း။

အသေးစိတ်စုံစမ်းလိုပါက

Hunt Line . . . 019666141

Hot Lines . . . 09783666141~144, Ext: 7066

No.(68), Tawwin Road, 9 Mile, Mayangone Township, Yangon, Myanmar.

Email: info@witoriyahospital.com  Website: www.victoriahospitalmyanmar.com

Facebook: https//www.facebook.com/WitoriyaGeneralHospital

# သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေးအတွက် Joint Venture Agreement Amendment လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်




သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေးအတွက် Joint Venture Agreement Amendment လက်မှတ်ရေးထိုးပွဲ အခမ်း အနားကို အောက်တိုဘာ ၂၁ရက်တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာ - ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေး မိတ်ဖက်အဖြစ် သီလဝါအထူးစီးပွား ရေးဇုန်ကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံဘက် မှ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနနှင့် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry တို့က Memorandum of Cooperation လက်မှတ်ရေးထိုးခဲ့ရာမှ သမိုင်းတွင်သည့် မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ယနေ့ သည် လုပ်ငန်းအောင်မြင်မှုအတွက် အတူတကွ ရှေ့ဆက်လျက် ရှိရာတွင် မိမိတို့အနေဖြင့် အခွင့်အလမ်းကောင်း များ ရရှိမည်ဆိုသည်ကို အားရဝမ်းသာ စွာ တွေ့ရှိရပါကြောင်း၊ သီလဝါအထူး စီးပွားရေးဇုန် ဘက်စုံတည်ဆောက်ရေး ဆက်စပ်အခြေခံ အဆောက်အအုံများ တည်ဆောက်ရေး အကောင်အထည် ဖော်ရေးနှင့် သီလဝါ အထူးစီးပွားရေး ဇုန်အား နိုင်ငံတကာ အဆင့်မီဇုန်တစ်ခု ဖြစ်ပေါ်လာစေရေး စသည့်ဆောင်ရွက် ချက်များတွင် အဘက်ဘက်က ပူးပေါင်း ကူညီ ဆောင်ရွက်ပေးကြသည့် ဂျပန် အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်း များကို အထူးပင် ကျေးဇူးတင်ရှိပါ ကြောင်း၊ ယခုအချိန်တွင် နိုင်ငံပေါင်း (၁၇)နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူပေါင်း ၇၂ ဦးကို ခွင့်ပြုထားပြီး စီးပွားဖြစ်စက်ရုံများ လည်ပတ်နေပြီဖြစ်သည့်အတွက်အလုပ် အကိုင် အခွင့်အလမ်းများ၊ ပို့ကုန်များ၊ သွင်းကုန်အစားထိုး လုပ်ငန်းများ တိုးတက်လာပြီ ဖြစ်သည်ကို တွေ့ရှိ ရပါကြောင်း၊ ယခုကဲ့သို့အောင်မြင်မှုများ ကြောင့် နိုင်ငံတကာမှ စိတ်ဝင်စားကာ လာရောက် ရင်းနှီးမြှုပ်နှံကြရာ ယနေ့ဆို လျှင် ဒုတိယ အဆင့် Zone (B) ၁၀၁ ဟက်တာကို လက်မှတ်ရေးထိုးတော့ မည် ဖြစ်ပါကြောင်း၊ ယင်းအချက်သည် ရှေ့ဆက်လက်သွားမည့် အောင် မြင်မှု မှတ်တိုင်တစ်ခု ဆက်လက် ထူထောင် ခြင်း ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ကပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတဲရှိဟိဂူချီနှင့် မြန်မာနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဌ၊ သီလဝါအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဌ ဦးဆက်အောင်တို့က နှုတ်ခွန်း ဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဂျပန်သံအမတ် ကြီးတို့၏ ရှေ့မှောက်တွင် တာဝန်ရှိသူ များက သီလဝါအထူး စီးပွားရေးဇုန် (B) တည်ဆောက်ရေး စာချုပ်ကို လက် မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ် ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များ၊ စပိန်နိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ Minister of State ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံ၊ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီ လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့် သည် အောက်တိုဘာလ ၂၀ ရက် နံနက် ၁၁း၀၀ နာရီ အချိန်က ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင် များအား ဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးတို့မှာ အရေးကြီးပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် ပြဿနာများသည် ယင်းပြည်နယ် တစ်ခု တည်းနှင့် သာမက တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ ဝန်ကြီး ဌာနနှင့် အခြား သက်ဆိုင်သည့် ဝန်ကြီး ဌာနများ၊ ပြည်နယ် အစိုးရများ နှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ် ပါကြောင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း နှင့် အထူးစီးပွားရေးဇုန် အကောင် အထည်ဖော်ရေး အပါအဝင် ရခိုင်ပြည် နယ်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေး၊ ဒေသနေပြည်သူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ ရေးတို့အတွက် ရှေ့ဆက်လက်ဆောင် ရွက်ရမည့် ကိစ္စများအား ဆွေးနွေးခဲ့ကြ သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀း၀၀ အချိန်တွင် စပိန်နိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊

➲ စာမျက်နှာ - ၁၇ သို့

Commerce
JOURNAL
**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
**စာတည်းမှူးချုပ်**
ဉာဏ်တင်
**တာဝန်ခံစာတည်း**
ခင်သီတာအေး
**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်
**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း
**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း
**သတင်းထောက်များ**
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)
**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်
**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၀၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃
**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး
**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ
**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း
**Layout Design & Graphic Design**
CJ Design Group
**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Email Address**
commercejournal.editor@gmail.com

# ပြည်ဆန်စပါးဈေး ဆက်ကျနေဆဲ

၂၀၁၆ ခုနှစ် မိုးစပါး များ အသစ်ပေါ် ထွက်လာပြီးဈေးကွက်အတွင်းသို့ ၅၀ ရာခိုင်နှုန်း ဝင်ရောက်လာပြီဖြစ်ကြောင်း သိရပါတယ်။ စပါးဈေးအဖွင့်ဈေးထက် ယခုတစ်ပတ်မှာ ဈေးအနည်းငယ် ထပ်မံကျလာတာ တွေ့ရပါတယ်။ စပါးအရည်အသွေးနဲ့ အစိုဓါတ်ပေါ် မူတည်၍ စပါးဈေးအကျဘက်ရောက်နေတာဖြစ်ကြောင်း သိရပါတယ်။ ယခုတစ် ပတ်ရဲ့ စပါးဈေး၊ ဆန်ဈေးတွေကတော့ တောင်ပျံမွှေးစပါးတင်း (၁၀၀) ၄၆ပေါင်ကိုက်ဈေး ကျပ် ၇၈၂၀၀၀နှင့် ဆန်တစ်အိတ်ဈေး ကျပ် ၃၂၀၀၀၊ ဧည့်မထစပါး(မိုး)ဟောင်း ကျပ် ၄၇၀၀၀၀နှင့် ဆန်တစ်အိတ်ဈေး (ဟောင်း) ကျပ် ၁၈၀၀၀၊ ဧည့်မထ (မိုးသစ်) စပါးဈေး ကျပ် ၃၄၀၀၀၀နှင့် (မိုးဆန်သစ်) တစ်အိတ် လျှင် ကျပ် ၁၄၀၀၀မှ ကျပ် ၁၇၀၀၀အထိ ဆန်အမျိုးအစားပေါ် မူတည်၍ဈေးနှုန်းကွဲ ပြားမှုရှိနေပါတယ်။ အရောင်းအဝယ်အနေဖြင့် တောင်ပျံမွှေးဆန်ချော တင်ပို့မှုမရှိဘဲ ဒေသတွင်းသာ အရောင်းအဝယ် ရှိနေပါတယ်။ ဧည့်မထ(မိုး)ဆန်အသစ် တွေကတော့ အရောင်းအဝယ်လိုက်နေတယ်လို့ သိရပါတယ်။ ဒေသတွင်းရော/ နယ်ပါတင်ပို့မှုအနေဖြင့် တစ်ရက်လျှင် အိတ် ၁၂၀၀ ကျော် ရောင်းဝယ်မှုရှိတယ်လို့ သတင်းရရှိပါတယ်။

**နီနီဝင်း**

# ပုသိမ်ဈေးကွက်တွင် ကောက်စောစပါးပေါ်ကာနီး မိုးစပါးလက်ကျန် ဆန်စပါးဈေးကွက် ဆက်လက်အေးလျက်ရှိ

ပုသိမ်မြို့၊ ဆန်စပါးဈေးကွက်တွင် လက်ရှိအချိန်၌ အချို့ကောက်စောသီးထပ်ရင်စပါးများ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိရာ မျိုးစပါးအနေနှင့် ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၀၀၀၀၀ ဝန်းကျင်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိပြီး ကောက်ညှင်းသစ်များဈေးကွက်သို့ဝင်ရောက်လာချိန် ယခင်တစ်ပတ်ခန့်က တစ်တင်းကို ကျပ် ၄၄၀၀၀ မှ ၄၅၀၀၀ ကျပ်ဈေးရှိသော်လည်း ယခုအချိန်တွင် ၃၅၀၀၀ ကျပ်ဈေးဖြစ်သွားတဲ့အတွက် တစ်တင်းလျှင် ကျပ် ၁၀၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းသွားကြောင်း၊ ယခင်နှစ်လက်ကျန် ကောက်ညှင်းအဟောင်းဈေးမှာ တစ်တင်းကို ၄၈၀၀၀ ကျပ်ဈေးရှိပြီး ယခုကောက်ညှင်းအဟောင်းဈေးကွက်မှာလည်း အသစ်ပေါ်ချိန် ဈေးနှုန်းအနည်းငယ်ကျဆင်းသွားကြောင်း ဈေးကွက်မှသိရပါတယ်။

ယခုနှစ် ပုသိမ်ဆန်စပါးဈေးကွက်မှာ မိုးတွင်းရေကြီးချိန် စက်တင်ဘာလမှစ၍ ယခု အောက်တိုဘာ တတိယပတ်အထိ ဈေးနှုန်းမှာအကျဈေးဖြစ်နေ၍ ဒေသတွင်းနှင့် ရန်ကုန်-ပြည်-မန္တလေး-အညာဒေသများသို့တင်ပို့မှုမှာလည်း လျော့နည်းလျက်ရှိကြောင်း၊ ယခင်နှစ် မိုးစပါးပေါ်ချိန်က ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀ မှ ၆၀၀၀၀၀ ဈေးရရှိခဲ့ရာ တောင်သူများတွက်ခြေကိုက်ပြီး ယခုနှစ် မိုးစပါးပေါ်ချိန်မှာတော့ ယခင်နှစ်ဈေးကို မီ/မမီပြော၍မရကြောင်း၊ လက်ရှိအခြေအနေတွင် မိုးစပါးလက်ကျန် အဟောင်းများ တောင်သူ၊ ကုန်သည်၊ စက်ပိုင်အချို့တွင် လှောင်စပါးများပိတ်မိနေပြီး အရောင်းအဝယ် အေးတဲ့အတွက် မိုးစပါးသစ်ဝယ်ယူရန် စိတ်ဝင်စားမှုနည်းပါးလို့ ဈေးကွက်အေးတဲ့အတွက် လက်ရှိအချိန် စပါးဟောင်းဈေးကွက်မှာ ဝယ်ယူသူဈေးကွက်ဖြစ်နေပြီး ဝယ်လိုအားလျော့နည်းနေတာကြောင့် ဈေးကွက်မှာ စပါးဟောင်း တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀ မှ ၆၀၀၀၀ ဝန်းကျင်သို့ ကျဆင်းလျက်ရှိကြောင်း စပါးဟောင်းဈေးကွက်မှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**



# ဆန်ချောဈေးတက်သော်လည်း ဆန်ကြမ်းဈေးကျ

ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ် ဆန်လက်ကားဈေးနှုန်းအရ ဆန်ချောဈေး အနည်းငယ်မြင့်တက်ပြီး ဆန်ကြမ်းဈေးအနည်းငယ်ကျဆင်းလာကြောင်း သိရှိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ဈေးနှုန်းမှာ ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ်၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၆၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၃၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၉၀၀၀ ဖြစ်ပြီး ဖျာပုံနဲ့ပုသိမ် ပေါ်ဆန်းက တစ်အိတ်ကို ကျပ် ၅၀၀ ဈေးတက်လာကြောင်း သိရပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကို ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၅၀၀ ဈေးနဲ့ ဈေးငြိမ်နေပါတယ်။ ဆန်ချောအကောင်းစားက အဝယ်လိုက်လို့ ဈေးအနည်းငယ်မြင့် တက်တာဖြစ်ပြီး၊ အညံ့စားကတော့ အရောင်းအဝယ်သိပ်မဖြစ်ဘူးလို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရှိရပါတယ်။

ဧည့်မထဆန် ထိပ်စတစ်အိတ်ကျပ် ၁၉၀၀၀၊ လတ်စတစ်အိတ် ကျပ် ၁၈၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၅၀၀ခန့် ဈေးကျလာပါတယ်။ နွေသီးထပ်ရှယ်တစ်အိတ် ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။ မနောသုခတစ်အိတ်ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀၊ ပြည်ပပို့မယ့် ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၁၄၅၀၀ မှ ၁၅၂၀၀ ကျပ်ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးကျလာကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် ဝါးတန်းကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ်ဆန်ဈေးမှာ ဧည့်မထ ၅ မှတ်မော်ဘီနဲ့ စူပါတစ်အိတ်ကို ၁၂၆ ယွမ်မှ ၁၂၈ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီနဲ့ စူပါတစ်အိတ် ၁၂၄ ယွမ်မှ ၁၂၅ ယွမ်၊ ဧည့်မထ ၁၅ မှတ် မော်ဘီ တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၂ ယွမ်၊ ဧည့်မထ ၂၅ မှတ် မော်ဘီတစ်အိတ် ၁၁၄ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ်၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ် ကုန်စည်ဒိုင်သို့ ဆန်အဝင်မှာ အောက်တိုဘာ ၁၄ရက်မှ ၂၀ ရက်အထိ ၄၇၈၃ တန်ဝင်ရောက်ခဲ့ပါတယ်။ ဆန်အဝင်မှာ ပုံမှန်ရှိနေပြီး အရောင်းအဝယ်လည်းအေးကြောင်း မူဆယ် ဆန်ဈေးကွက်မှ သိရှိရပါတယ်။ အောက်တိုဘာ ၂၁ ရက် ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၁၈၉ ကျပ်ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၀-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၂ | ၃၇၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၀ | ၃၄၈ | ▽ | ၃၄၈ | ၃၅၀ | △ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၄၇ | ၃၄၅ | ▽ | ၃၄၀ | ၃၄၅ | △ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၅ | ၃၄၃ | ▽ | ၃၃၅ | ၃၄၀ | △ | ၃၃၅ | ၃၃၅ | □ | ၃၁၂ | ၃၁၀ | ▽ |
| ပေါင်းဆန် | ၃၆၀ | ၃၆၇ | △ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၂၁-၁၀-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | ▽ | ၂၀၀၀၀ | □ | ၇၈၂၀ | □ | ၃၂၀၀၀ | ▽ |
| ပုသိမ် | ၅၂၂၀ | ▽ | ၂၂၅၀၀ | ▽ | ၇၁၀၀ | ▽ | ၃၀၀၀၀ | ▽ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၃၀၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၄၉၀၀ | ▽ | ၂၁၀၀၀ | ▽ | ၇၅၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၀၅၀ | ▽ | ၁၈၀၀၀ | ▽ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၇၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၅၀၀ | △ |
| မော်လမြိုင် | ၆၅၀၀ | □ | ၂၂၅၀၀ | □ | ၈၂၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၅၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ၁၇-၁၀-၂၀၁၆ မှ ၂၁-၁၀-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 330 | 14,770,126.044 |
| 2 | Form D | 41 | 2,700,926.064 |
| 3 | Form E | 106 | 2,759,221.002 |
| 4 | Korea GSP | 11 | 192,506.250 |
| 5 | Form AK | 117 | 4,083,088.400 |
| 6 | Form AJ | 6 | 317,356.200 |
| 7 | Form AI | 49 | 1,461,952.440 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **660** | **26,285,176.400** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၁-၁၀-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၄/၁၀ | ၂၁/၁၀ | ပြောင်းလဲမှု | ၁၄/၁၀ | ၂၁/၁၀ | ပြောင်းလဲမှု | ၁၄/၁၀ | ၂၁/၁၀ | ပြောင်းလဲမှု | ၁၄/၁၀ | ၂၁/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၈၈ | ၂၃၈၁ | ▲ | ၂၃၃၃ | ၂၃၃၃ | ■ | - | ၂၁၂၅ | - | ၂၂၅၀ | ၂၂၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၆၃၉ | ၁၇၀၂ | ▲ | - | - | - | - | - | - | ၁၆၅၀ | ၁၅၇၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၃၀ | ၁၅၀၀ | ▲ | ၁၄၂၂ | ၁၃၈၇ | ▼ | ၁၅၂၆ | ၁၄၂၁ | ▼ | ၁၂၁၀ | ၁၂၉၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၇၀၀ | ▲ | - | - | - | ၂၂၀၀ | - | - | ၂၁၀၅ | ၂၁၃၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၃၀ | ■ | ၁၀၈၃ | ၁၀၈၃ | ■ | - | - | - | ၁၅၅၀ | ၁၅၅၅ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၇၃၀ | ▲ | ၇၄၇ | ၇၄၇ | ■ | - | - | - | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၁-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၄၀ | ၁၁၅၀ | ▲ | ၁၁၆၇ | ၁၁၂၄ | ▼ | ၁၀၄၇ | ၁၀၄၉ | ▲ |
| ၂ | ပဲစင်းငုံ | ၈၁၀ | ၈၃၀ | ▲ | ၉၄၃ | ၉၈၂ | ▲ | ၉၅၈ | ၁၀၁၁ | ▲ |
| ၃ | ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၇၃၃ | ၇၀၄ | ▼ | ၇၁၈ | ၇၆၄ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၅၀ | ၁၀၅၀ | ■ | ၁၅၄၁ | ၁၆၉၃ | ▲ | ၁၄၉၆ | ၁၇၂၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၆) မှ |
| | (၈.၁၀.၁၆)ထိ | (၁၅.၁၀.၁၆)ထိ | (၁၅.၁၀.၁၆) ထိ |
| မတ်ပဲ | ၄၇၃၁ | ၅၃၂၀ | ၄၀၈၆၂၉ |
| ပဲတီစိမ်း | ၂၆၆ | ၁၁၈၀ | ၁၅၀၆၉၉ |
| ပဲစင်းငုံ | ၁၃၂၀ | ၁၀၉၄ | ၁၈၁၃၁၀ |
| ကုလားပဲ | ၂၄၀ | ၄၁၃ | ၂၆၆၁၃ |
| ပဲလွန်းဖြူ | ၄၈ | ၂၆၄ | ၁၅၈၅၁ |
| မြေထောက်ပဲ | ၄၀၇ | ၁၉၃ | ၁၀၆၇၉ |

## ပြည်ဈေးကွက်မှာပစ္စည်းအဝင်မရှိ၍ ဆီဆန်ဈေးပုံမှန် ရှိသော်လည်း လုံးဆန်ဈေး အနည်းငယ်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ မြေပဲအဝင်မရှိဘဲ ယခင်လက်ကျန် မြေပဲဆန်များဖြင့်သာ ရောင်းဝယ်လျက်ရှိတာတွေ့ရပါတယ်။ မြေပဲဆန် အဝင်မရှိသော်လည်း ဆီဆန်ဈေးမှာ မြင့်တက်မလာဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

လုံးဆန်ဈေးမှာတော့ အနည်းငယ် မြင့်တက်လာတာတွေ့ရပါတယ်။ လုံးဆန်ကိုဝယ် လက်များက အဝယ်ရှိသဖြင့် လုံးဆန်အဖြူဈေးမှာ တစ်ပိဿာလျှင် ၁၈၅၀ ကျပ်ဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၅၀ ကျပ်ခန့် ဈေး မြင့်လာပြီး လုံးဆန်အနီ တစ်ပိဿာလျှင် ၂၀၅၀ကျပ်ဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်ပိဿာကို ၁၅၀ ကျပ်ဈေးမြင့်လာတာတွေ့ရပါတယ်။

မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၁၄၅၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသော်လည်း မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ၄၂၀၀ ကျပ်ဖြင့် တစ်ပိဿာလျှင် ၃၀၀ ကျပ်ခန့်ဈေးမြင့်တက်လာတာတွေ့ရပါတယ်။

ဝေဝေမင်း

## ပြည်ပဲနီပြားဈေးကျဆင်းပေမယ့် ယခင်နှစ်ဈေးကို မမီခဲ့

ပြည်ပဲဈေးကွက်မှာ လက်လီရောင်းဝယ်မှုများတဲ့ ပဲနီပြားသီးနှံဟာ အောက်တိုဘာလလယ်မှစ၍ ဈေးအနည်းငယ်လျော့နည်းသွားခဲ့တာကြောင့် ယခုတစ်ပတ်မှာလည်း တစ်တင်းကျပ် ၂၄၀၀၀နဲ့ဆက်လက်အရောင်းအဝယ်ဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲ အနည်းငယ်သာရှိခဲ့လို့ လက်လီရောင်းဝယ်မှုများဖြင့် နေ့စဉ်အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က အောက်တိုဘာလအတွင်း ပဲနီပြား သီးနှံဟာ လဆန်းရက်မှာ ဈေးအေးခဲ့ပေမယ့် လလယ်မှစ၍ ဈေးမြင့်တက်လာခဲ့ လို့ တစ်တင်းကျပ် ၂၇၀၀၀ ထိရရှိလာခဲ့ပါတယ်။ ယခုနှစ်အောက်တိုဘာလရဲ့ ပဲနီပြားဈေးဟာ ယခင်နှစ်ဈေးကိုမမီခဲ့ဘဲ ဈေးအေးအရောင်းအဝယ် အေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ခင်ဆွေဝင်း

## ပြည်ထောပတ်ပဲ ဈေးအနိမ့်နဲ့သာ အရောင်းအဝယ်ဖြစ်

ယခုနှစ်ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း အခြားပဲများဈေးအတက်အကျရှိခဲ့သော်လည်း ထောပတ်ပဲသီးနှံအနေဖြင့် ယခုနှစ်တစ်နှစ်တာလုံးဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ဒါကြောင့်ပဲဈေးကွက်အတွင်းမှာလည်း ဈေးအနိမ့်ဆုံးရခဲ့လို့ တစ်တင်းကျပ် ၁၃၅၀၀ ဖြင့်သာ ပဲသစ်ပေါ်ချိန် နှစ်ဆန်းပိုင်းကာလမှစ၍ ယခု ချိန်အထိ ယင်းဈေးတစ်ပတ်လည်သာရရှိခဲ့ပါတယ်။ ယခင်နှစ်က အောက်တိုဘာလအတွင်း တစ်တင်းကျပ် နှစ်သောင်းကျော်အထိ ရရှိခဲ့သလို ပဲလက်ကျန်ပြတ်ချိန်မှာလည်း တစ်တင်းကျပ် ၁၇၅၀၀ခန့်အထိ ရရှိခဲ့တာကိုတွေ့ရပြီး ယခုနှစ်ဈေးထက်လည်း ပိုရခဲ့တာကိုတွေ့ရပါတယ်။ ခင်ဆွေဝင်း

## ပြည်စားတော်ပဲဈေးကွက် ယခင်နှစ်များနည်းတူ ဈေးကောင်းဆက်လက်ရ



ပြည်ပဲဈေးကွက်အတွင်း ဒေသတွင်းမှ လက်လီသမားများနဲ့သာ အရောင်းအဝယ်အဖြစ်များတဲ့ စားတော်ပဲသီးနှံဟာ ဈေးနှုန်းအနေဖြင့် ပြည်ပဝယ်လက်ပဲတွေဖြစ်တဲ့ ပဲစင်းငုံ၊ မတ်ပဲသီးနှံများကဲ့သို့ ဈေးကောင်းရတဲ့သီးနှံတစ်မျိုးဖြစ်ခဲ့ပါတယ်။ ယခုနှစ်မှသာလျှင် ပြည်ပဝယ်လက်သီးနှံတွေဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးကောင်းရလာသလို စားတော်ပဲသီးနှံကလည်း အဲဒီသီးနှံတွေအတိုင်း ဈေးပြိုင်နီးပါးရရှိခဲ့ပါတယ်။ ၂၀၁၄ခုနှစ်က စားတော်ပဲသီးနှံဟာ ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးဈေးနဲ့ ထိပ်ဆုံးက ရပ်တည်နေခဲ့တာကို တွေ့ရပါတယ်။

ဒါကြောင့် အခြားပဲများ နှစ်အလိုက်ဈေးအတက်အကျမြန်ပေမယ့် စားတော်ပဲသီးနှံမှာမူ နှစ်စဉ်လိုလို ဈေးကောင်းရခဲ့တဲ့သီးနှံဖြစ်လျက်ရှိပါတယ်။ ယခုအောက်တိုဘာလအတွင်း လက်ကျန်ပဲများ နေ့စဉ်လက်လီဝယ်ယူမှုများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ သလို တစ်တင်းကျပ် ၃၈၅၀၀နှင့် ကျပ် ၃၉၀၀၀ အကြား ရရှိခဲ့တယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း

## ပင်လယ်ရေကြောင်း ကုန်သွယ်မှုဖြင့် အမေရိကန်နိုင်ငံသို့ ဆန်တင်ပို့

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ ကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆၉ သန်းတန်ဖိုးရှိ ဆန် ၉၉၄၂ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၂၂၆ တန်ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရှိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅၉ သန်းတန်ဖိုးရှိ ငစိန်ဆန် တန် ၉၅၀ ကျော်နဲ့ ညှော့မထဆန် ၆၂၂၃ တန်၊ ချင်းရွှေဟော်စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၁ သန်း တန်ဖိုးရှိငစိန်ဆန် ၅၅၁ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၀၉ သန်းတန်ဖိုးရှိ ငစိန်ဆန် ၂၂၁၈ တန်ခန့် တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်သာမက ဆန်ကွဲလည်း ပိုမိုတင်ပို့ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၁ သန်းတန်ဖိုးရှိဆန်ကွဲ ၂၈၈၆ တန်ခန့် ကိုတင်ပို့ခဲ့တဲ့ အနက် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၅၁၅ တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၃၇၁ တန်ခန့်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၁၀၅၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၉ရက်မှ ၁၅ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၂ သန်းတန်ဖိုးရှိဆန်ဖြူနဲ့ ပေါင်းဆန် တန် ၁၅၅၀ ကို တင်ပို့ခဲ့တဲ့အနက် စင်ကာပူနိုင်ငံသို့ ညှော့မထ ၂၅ မှတ်ဆန်တန် ၅၀၊ အမေရိကန်နိုင်ငံသို့ ပေါင်းဆန် တန် ၅၀၀၊ ဆွစ်ဇာလန်နိုင်ငံသို့ ညှော့မထ ၂၅ မှတ် ဆန်တန် ၅၀၀ နဲ့ ကနေဒါနိုင်ငံသို့ ပေါင်းဆန်တန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်ဆန်တင်ပို့မှုအနေဖြင့် တန် ၁၃၅၀ ကျော်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်နိုင်ငံသို့ ဆန်တင်ပို့နေပြီဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၀ သန်းတန်ဖိုးရှိ ဆန်ကွဲတန် ၁၃၅၀ ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၈၅၀ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရှိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုမှာ နီပေါနိုင်ငံသို့ ဆန်ကွဲ ၂၂၅ တန်နဲ့အီးယူနိုင်ငံများသို့ ၁၁၂၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ဆန်နဲ့ဆန်ကွဲ နှစ်ရပ်ပေါင်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်းဖိုးနဲ့ ၅၃၄၉၉၁ တန်ကျော်ရှိပြီဖြစ်ကြောင်းသိရှိရပါတယ်။ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၄၁ ဒသမ ၁၅၈ သန်းဖိုးနဲ့ ၄၀၁၃၆၇ တန်ကျော်၊ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၃၉ ဒသမ ၅၀၂ သန်းဖိုးနဲ့ ၂၃၃၆၂၄ တန်ကျော်ဖြစ်ပါ တယ်။

ယဉ်ယဉ်အေး

Vol: 16, No.40 Monday October 24 2016

# သီတင်းကျွတ်ကာလပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းဈေး မြင့်တက်လာခဲ့ပေမယ့် ကျန်ပဲများဈေးငြိမ်အရောင်းအဝယ်ဖြစ်လျက်ရှိ



ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ အောက်တိုဘာလလယ်အတွင်း ပြည်တွင်း၊ ပြည်ပဝယ်လက်ပဲအားလုံးဈေးအတက်အကျ သိပ်မဖြစ်ခဲ့ဘဲ ပဲတီစိမ်းသီးနှံဈေး မြင့်တက်လာပြီး ကျန်ပဲအားလုံးလိုလိုဈေးငြိမ်အရောင်းအဝယ် ဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ဒုတိယပတ်မှစ၍ ဈေးလျှော့လာပြီး ယခုချိန်အထိလည်း ဈေးပြန်မြင့်တက်လာခြင်းမရှိဘဲ ဈေးငြိမ်နေခဲ့ပါတယ်။ ပဲအဝင်မရှိပေမယ့် တစ်ခါတစ်ရံ အိတ် ၅၀ နှင့် ၁၀၀ ကြား ဝင်ရောက်ခဲ့ပြီး ဝယ်လက်ကတော့ ရန်ကုန်ဝယ်လက်ဝယ်ယူမှုရှိလို့ တစ်ရက် အိတ် ၁၅၀ နှင့် ၂၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးအေးနေသလို အရောင်း အဝယ်လည်း အေးနေခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ်က အောက်တိုဘာလအတွင်း လကုန်ပတ်မှာ မျိုးပဲများဝယ်ယူမှုရှိခဲ့တဲ့အတွက် ပဲဈေးနှုန်းဟာ တစ်တင်း ကျပ်ခုနစ်သောင်းကျော် အထိ စံချိန်တင်မြင့်တက်ခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲဈေးနှုန်းဟာ ယခုချိန်အထိ ဈေးအေးနေဆဲဖြစ်လို့ ယခင်နှစ်ဈေးကို မီနိုင်မယ့်အလားအလာမရှိဘူးလို့ ပဲလှောင်လက်တောင်သူအချို့က ထင်မြင်ယူဆလျက်ရှိနေပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပန်းတောင်း၊ ကံမဘက်မှ ပဲအဝင်နည်းပေမယ့် တစ်ရက် အိတ် ၂၅၀ မှ ၃၀၀ ကျော်အထိ ဝင်ရောက်လျက်ရှိပြီး မန္တလေးဝယ်လက်သမားများက နေ့စဉ်ဝယ်ယူနေတာကြောင့် ဝင်လာသမျှပဲများအားလုံး ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်တက်ခဲ့လို့ တစ်တင်း ၂၆၅၀၀ ကျပ်မှ ကျပ် ၂၈၀၀၀ အထိ ရရှိခဲ့ပါတယ်။ လဆန်းရက်က တစ်တင်း ၂၄၅၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ မတ်ပဲ၊ ပဲစင်းငုံဈေးငြိမ်ပေမယ့် ပဲတီစိမ်းသီးနှံတစ်မျိုးသာ ပြည်ပဝယ်လက်ပဲထဲမှာ ဈေးမြင့်လာခဲ့ပါတယ်။ ယခင်နှစ် အောက်တိုဘာလအတွင်း ပဲတီစိမ်းသီးနှံဟာ ဈေးကွက် အတွင်း လက်ကျန်မရှိတဲ့အတွက် အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့လည်း လေ့လာသိရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာ အဝင်မရှိဘဲ လက်ကျန်ပဲများကို တစ်ခါတစ်ရံအိတ် ၂၀၀ မှ ၃၀၀ ကြား ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၃၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေ ပြီး စက်တင်ဘာလအတွင်းက ရရှိခဲ့တဲ့ဈေးနှုန်းထက်လည်း ဈေးလျော့နည်းနေတာကို တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံမှာလည်း ပဲတီစိမ်းသီးနှံကဲ့သို့ပင် ယခင်နှစ်စက်တင်ဘာလအတွင်းမှာကတည်းက လက်ကျန်ပြတ်သွားခဲ့လို့ အောက်တိုဘာလမှာ အရောင်း အဝယ်မဖြစ်တာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲစင်းငုံသီးနှံ ပဲလက်ကျန်ပြတ်ချိန် အပိတ်ဈေးနှုန်းမှာ တစ်တင်းကျပ် ၅၃၀၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးကတော့ ယခင်နှစ်ကဈေးထက် တစ်တင်း ကျပ် ၂၀၀၀၀ နီးပါးလျော့နည်းနေခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ဈေးအမြင့်နဲ့ ဆက်လက်ဈေးငြိမ်နေကြောင်း သိရပြီး ပဲအဝင်နည်းလို့ တစ်ရက်အိတ် ၁၀၀ မှ ၂၀၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ဝယ်လက်အနေဖြင့် ပဲခွဲစက်သမားများ ပုံမှန်ဝယ်ယူခဲ့တဲ့အတွက် တစ်ရက် အိတ် ၂၀၀ မှ ၃၀၀ ကျော်အထိ အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးကွက်မှာ ဈေးနှုန်းအနေဖြင့် မတ်ပဲသီးနှံဈေးပြီးလျှင် ဒုတိယဈေးအမြင့်ဆုံး ရနေခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်အောက်တိုဘာလအတွင်း မျိုးပဲဝယ်ယူချိန်တွင် ကုလားပဲဈေးနှုန်းဟာ တစ်တင်း ကျပ် ၄၀၀၀၀ အထိ ဝယ်ယူမှုရှိခဲ့လို့ ယခုနှစ်မှာတော့ မျိုးပဲ ဝယ်ယူမှုမရှိသေးတဲ့အတွက် ပဲဈေးနှုန်းဟာ ဈေးဆက်ကောင်းလာမလား စောင့်ကြည့်နေခဲ့ကြတယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံမှာ ယခုနှစ်အတွင်း ဈေးအတက်အကျ သိပ်မဖြစ်ခဲ့ဘဲ ဈေးငြိမ်ငြိမ်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာလည်း ပဲကြီးဈေးဟာ ဈေးဆက်ငြိမ်နေလို့(ရွှေကျွန်း) တစ်တင်းကျပ် ၂၇၀၀၀၊ (ကမ်းနား) တစ်တင်း ၂၃၅၀၀ ကျပ်ဖြင့် ပဲကြော်ဖိုသမားများ နေ့စဉ်ဝယ်ယူမှုရှိကာ အိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဘိုကိတ်၊ ပဲလွန်းဖြူနဲ့ ပဲပုပ်သီးနှံများမှာလည်း ပဲအဝင်မရှိခဲ့ဘဲ လက်ကျန်ပဲများသာ အသင့်အတင့်အရောင်းအဝယ်ရှိလို့ လက်လီသမားအနည်းငယ်ဖြင့် ရောင်းဝယ်ခဲ့ကြရကာ ပဲဈေးနှုန်း အားလုံးဈေးဆက်ငြိမ်နေခဲ့တဲ့အတွက် ဘိုကိတ်ပဲတစ်တင်း ၂၄၅၀၀ ကျပ်၊ ပဲလွန်းဖြူတစ်တင်း ကျပ် ၂၄၀၀၀၊ ပဲပုပ်တစ်တင်း ကျပ် ၂၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

# ဗီယက်နမ်ဆန်ဈေး ရက်သတ္တပတ်ခုနစ်ပတ်အတွင်း အမြင့်ဆုံးရောက်ရှိ

အိန္ဒိယနှင့် ထိုင်းနိုင်ငံပြီးလျှင် ကမ္ဘာ့ဆန်တင်ပို့မှုတွင် တတိယအများဆုံးဖြစ်သော ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့အကြီးဆုံး ဆန်ဝယ်လက်ဖြစ်သော တရုတ်နိုင်ငံက နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအရ ဆန်များကို စတင်ဝယ်ယူသောကြောင့်ဖြစ်ကြောင်း ကုန်သည်များကပြောသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် မကြာသေးမီရက်များအတွင်းက မိုးရွာသွန်းမှုများကြောင့် ဆန်အထွက်ကျဆင်းသည့်အတွက် ဈေးနှုန်းများမြင့်တက်ခဲ့ရကြောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် ရက်သတ္တပတ်ခုနစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။

ထိုင်းဆန်ဈေးနှုန်းက အောက်တိုဘာ ဒုတိ ယရက်သတ္တပတ်အတွင်းက ခေတ္တမျှ မြင့်တက်ခဲ့ရာမှ ပြန်လည်ကျဆင်းခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက်က သတင်းတွင် ဖော်ပြသည်။ အိန္ဒိယဈေးကွက်တွင် အာဖရိကမှဝယ်လိုအား မြင့်တက်မှုနှင့် ရူပီးတန်ဖိုး မြင့်တက်မှုကြောင့် ဆန်ဈေးများမြင့်တက်ခဲ့ကြောင်း ကုန်သည်များကပြောသည်။

ဗီယက်နမ်ငါးမှတ်ဆန်၏ အက်ဖ်အိုဘီဈေးမှာ အောက်တိုဘာ ၁၂ ရက်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၄၅ ဈေးနှုန်းရှိခဲ့ရာမှ အောက်တိုဘာ ၁၉ ရက်မှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၅၀-၃၅၅ နှုန်းရှိခဲ့သည်။ ဈေးနှုန်းမှာ မတ် ၉ ရက်နောက်ပိုင်း ထိုင်းနိုင်ငံဈေးထက် ပထမအကြိမ်အဖြစ် ပိုမိုမြင့်တက်လာခြင်းဖြစ် ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဗီယက်ဆန်ဈေးတစ်တန်ကို အမေရိကန် ဒေါ်လာ ၃၅၅ အထိ ရောက်ရှိခဲ့ခြင်းမှာ ဩဂုတ် ၃၁ ရက်နောက်ပိုင်း အမြင့်ဆုံးဖြစ်သည်။

သို့သော်လည်း တရုတ်နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ ၂၀၁၅ ခုနှစ်က တန်ချိန် ၉ ဒသမ ၁ သန်းရှိခဲ့ ရာမှ ယခုနှစ်အတွင်း တန်ချိန် ၆ ဒသမ ၈ သန်းအထိ ကျဆင်းမည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ အောက်တိုဘာအစီရင်ခံစာတွင် ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်ဆန်တင်ပို့မှုကို အက်ဖ်အေအိုက တန် ၈ သန်းရှိ မည်ဟု ဇူလိုင်လအတွင်းက ခန့်မှန်းခဲ့ရာမှ တန်ချိန် ၇ ဒသမ ၂ သန်းရှိမည်ဟု လျှော့ချခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံ၏ တင်ပို့မှုကို တန် ၁၀ သန်းနှင့် ထိုင်းနိုင်ငံ၏ တင်ပို့မှုကို တန်ချိန် ၉ ဒသမ ၉ သန်းရှိမည်ဟု ယခင်အတိုင်း ဆက်လက်ခန့်မှန်းထားသည်။ **စံမီအောင်**

# မုံရွာကုန်စည်ဒိုင် အောက်တိုဘာတတိယပတ် ပဲဈေးကွက် ကုလားပဲမျိုးစုံ တက်ဈေးဖြင့် အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် အောက်တိုဘာလတတိယပတ်ပဲဈေးကွက်မှာ ကုလားပဲ မျိုးစုံ၊ စိမ်းကြီးနဲ့ မတ်ပဲတို့ အသီးသီးဈေးတက်ကာ အရောင်းအဝယ်သွက်လာခဲ့ပြီး၊ ပဲစင်းငုံနီကတော့ သိသိသာသာ ဈေးကျဆင်းသွားတာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ကုလားပဲဈေးဟာ ကုလားပဲဖြူလုံးကြီး တစ်တင်း ကျပ် ၄၄၀၀၀ နဲ့ 929 တစ်တင်း ကျပ် ၄၂၀၀၀ အသီးသီး စံချိန်တင်ပေါက်ဈေးရောက်ရှိခဲ့ကာ အရောင်းအဝယ်အားဖြင့်လည်း တစ်ရက်အနည်းဆုံး အိတ် ၇၀၀ ခန့်မှ အများဆုံးအိတ် ၁၅၀၀ အထိဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရပါတယ်။ ပွင့်လင်းရာသီရောက်လာပြီဖြစ်သလို ပဲသစ်ပေါ်ဖို့ အနည်းဆုံးလေးလကျော်လို သေးတာမို့ ခွဲစက်၊ အမှုန့်ကြိတ်စက်စတဲ့ ကုန်ချောလိုင်းနဲ့ ကြာဆန်စက်တွေရဲ့ ကုန်ကြမ်းလိုင်းပါ အဝယ်လိုက်ခဲ့လို့ အခုလိုတက်ဈေးနဲ့ အဝယ်သွက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ပဲတီစိမ်းဈေးကွက်မှာလည်း ယခုတစ်ပတ်မှာ စိမ်းကြီးက တစ်တင်း ၂၉၅၀၀ ကျပ်အထိ၊ စိမ်းသေးက တစ်တင်း ကျပ် ၂၈၀၀၀ အထိ အမြင့်ဈေးပေါက်ခဲ့ပြီး၊ တရုတ်အဆွဲအနည်းငယ် နဲ့ ပြည်တွင်းသုံးအဝယ်ရှိခဲ့ပြီး၊ တစ်ရက် အိတ် ၂၀၀ မှ ၃၀၀ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ မတ်ပဲဈေးကွက်မှာ လည်း အထွက်တိုးတစ်တင်း ကျပ် ၄၃၀၀၀ နဲ့ ရိုးရိုးပဲတစ်တင်း ကျပ် ၄၇၀၀၀ ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်က တစ်တင်း ၃၆၈၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်ခဲ့တဲ့ ငုံနီဟာ ယခုတစ်ပတ်မှာ တစ်တင်း ၃၃၇၀၀ ကျပ်အထိ ကျဈေးဖြစ်ခဲ့ပြီး၊ အဝယ်အသင့်အတင့်ရှိလို့တစ်ရက် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

အခြားပဲမျိုးစုံဈေးကွက်မှာတော့ စွန်တာနီတစ်တင်း ၁၆၅၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်း ၁၇၈၀၀ ကျပ်၊ ထောပတ်ပဲတစ်တင်း ၁၃၅၀၀ ကျပ်၊ ပဲကြီးတစ်တင်း ကျပ် ၂၅၀၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၂၄၀၀၀ နဲ့ မြေထောက်ပဲတစ်တင်း ကျပ် ၂၃၀၀၀ အသီးသီးဈေး ငြိမ်နေခဲ့ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ မုံရွာကုန်စည် ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

## ကြက်သွန်နီ

# ကြက်သွန်နီလျော့နည်းတင်ပို့ပေမယ့် ကြက်သွန်ဖြူ ပိုမိုတင်ပို့

မြန်မာ - တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၈ရက်မှ ၁၄ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၉၈၉ တန်ဖိုးရှိ ကြက်သွန်နီ ၂၈၅ တန်ခွဲ တင်ပို့ခဲ့သလို မြန်မာ - ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၄၄၇၇ တန်ဖိုးရှိကြက်သွန်နီ ၁၃၇တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၅၅ တန်ဖိုးရှိ ကြက်သွန် နီ ၁၁တန် တင်ပို့ခဲ့ပါတယ်။ ယခင် သီတင်းပတ်က မူဆယ်မှ ကြက်သွန်နီ ၃၁၆ တန်ကျော်၊ မြဝတီမှ ၂၄၆တန်ကျော်နဲ့ တာချီလိတ်မှ တန် ၂၀၀၊ ကော့သောင်းမှ ၂၅တန် တင်ပို့နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ယခုတစ်ပတ်ရဲ့ ကြက်သွန်နီ တင်ပို့မှုဟာ ၄၃၃တန်ကျော်ဖြစ်ပြီး ယခင်တစ်ပတ်က ၇၈၈တန်ကျော် ဖြစ်တာကြောင့် ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများမှ ကြက်သွန်နီ တင်ပို့မှု လျော့နည်း သွားခဲ့တာ ဖြစ်ပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၃၀၅၄၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ ၁၆၅တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တန်၉၀သာ တင်ပို့ခဲ့လို့ ကြက်သွန်ဖြူ တင်ပို့မှု ပိုမိုလာပါတယ်။ **မော်မော်အောင်**



# ပြည်ကြက်သွန်နီ ဈေးငြိမ်ပြီး အရောင်းအဝယ်သွက်

မီးဖိုချောင်တွင် မပါမဖြစ်အရေးပါတဲ့သီးနှံတစ်ခုဖြစ်တဲ့ ကြက်သွန်နီသီးနှံဟာ ယခုတစ်ပတ် ဆက်လက်၍ အရောင်းသွက်နေကြောင်းသိရပါတယ်။ ကထိန်ရာသီအတွက် အလှူအတန်းပြုသူများမှ ဈေးတက်မည်စိုး၍ ကြိုတင်ဝယ်ယူနေသောကြောင့် အရောင်းသွက်နေတာလို့သိရပါတယ်။ ပြည်ဈေးကွက်အတွင်း အိတ်ဆွဲဝယ်ယူမှုများသွက်နေပြီး ဒေသတွင်းဝယ်လက်များနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင်တစ်ရက်ကို ပိဿာ၃၀ ဝင် အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ အရောင်းအဝယ်သွက်သလို ဝင်ရောက်မှုမှာလည်း ဆိပ်ဖြူ၊ ရေနံချောင်း၊ တောင်တွင်း၊ အောင်လံ၊ ပခုက္ကူစသည်ဖြင့် နယ်စုံမှကြက်သွန်နီများဝင်ရောက်မှုများပြားနေကြောင်းလည်းသိရပါတယ်။

ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲ ရှိနေတာတွေ့ရပါတယ်။ ပွဲရုံ၊ လက်ကားဈေးတစ်ပိဿာလျှင် (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၆၅၀၊ (သေး)ကျပ် ၅၅၀တို့ရှိပြီး လက်လီဈေးအသေးများတွင် (ရှယ်သန့်) ကျပ် ၈၅၀၊ (ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၅၀၊ (သေး) ကျပ် ၆၀၀ တို့နှင့် ရောင်းဝယ်နေပါတယ်။ ကထိန်ရာသီ တက်ဈေးမျှော်လျက်ရှိတဲ့ ပွဲရုံလုပ်ငန်းရှင်နဲ့ စိုက်ပျိုးသူတောင်သူများမှာ အမြတ်နည်းပါးပြီး အချို့တောင်သူများမှာ အရှုံးပေါ် လျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ်နှင့်ဈေးနှုန်းနှိုင်းယှဉ်ချက်အရ ဝယ်ယူသို လှောင်ကုန်သည်များနှင့်စိုက်ပျိုးတောင်သူများ တွက်ခြေ ကိုက်မှုနည်းပါးပြီး စားသုံးသူများမှာတော့ စိတ်ကျေနပ်မှုရှိနေကြောင်းသိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

| လအမည် | ကြက်သွန်နီ(အလတ်စ) | | ကာလတူဈေးနှုန်း | |
|---|---|---|---|---|
| | ၂၀၁၅-၁၆ | | ၂၀၁၆-၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဩဂုတ် | ၁၀၀၀ | ၁၂၀၀ | ၆၀၀ | ၇၅၀ |
| စက်တင်ဘာ | ၁၁၀၀ | ၁၃၀၀ | ၄၅၀ | ၆၀၀ |
| အောက်တိုဘာ (တတိယပတ်) | ၁၇၀၀ | ၂၀၀၀ | ၆၅၀ | ၇၅၀ |

## ချင်း

# ယခုသီတင်းပတ် ချင်းပြန်လည်တင်ပို့

အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်သီတင်းပတ်အတွင်း ချင်း ၄၄တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာ ပထမသီတင်းပတ်မှစပြီး အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ၄၆၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ရှမ်းချင်းများ ဈေးကွက်သို့အဝင်နည်း

သီတင်းကျွတ်ကာလဖြစ်တာကြောင့် ကုန်စည်တွေက အဝင်နည်းနေပါတယ်။ ချင်းဥမတွေလည်းအဝင်နည်းနေပါတယ်။ ငွေလိုတဲ့ တောင်သူတွေကတော့ သီတင်းကျွတ်မတိုင်မီက ထုတ်ရောင်းခဲ့ကြပေမယ့် အခုလောလောဆယ်တော့ သိပ်ပြီးမရောင်းဖြစ်ကြဘူးလို့ သိရပါတယ်။ ချင်းကဒီဈေးအတိုင်းပဲသွားနေရင်တော့ တူးကြတော့မှာ မဟုတ်ဘဲ ချင်းတက်ပေါ်ချိန်မှသာ ဖော်ပြီးရောင်းကြတော့မှာလို့လည်း ဒေသခံပွဲရုံတွေထံမှ သိရပါတယ်။ အခုချိန်က ပွင့်လင်းရာသီကို ရောက်လာပြီဆိုပေမယ့် ဝယ်လက်တွေက သိပ်ပြီးမရှိသေးပါဘူး။ ပြည်တွင်း သုံးချင်းထိုးသမားတွေနဲ့ မီးဖိုချောင်သုံးအတွက်သာ အဝယ်ရှိနေတယ်လို့လည်း သိရပါတယ်။ တပ်ကုန်းကတော့ ချင်း(ညှံ့စ)တွေကို အဝယ်များပါတယ်။ ရန်ကုန်၊ ပြည်၊ မုံရွာတို့ကလှောင်ဖို့အတွက်(ထိပ်စ)တွေကို အဝယ်ရှိတယ်လို့ ဆိုပါတယ်။

ချင်းခြောက်ကို ရန်ကုန်နဲ့ ပြည်ဝယ်လက်တွေသာဝယ်ယူမှုရှိနေပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာ(ညှံ့စ)က ကျပ် ၂၀၀ နဲ့ (ထိပ်စ)က ကျပ် ၃၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၁၆၀၀မှ ၁၇၀၀ ဈေးရှိပြီး တစ်ပတ်အတွင်းမှာ ချင်း(စို)က ပိဿာချိန် ခြောက်သောင်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ အောင်ပန်းဈေးကွက်မှသိရှိရပါတယ်။ **ဧခိုင်-တောင်ကြီး**

# ချင်းခြောက် ပိုမိုတင်ပို့

အောက်တိုဘာလ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၂၅၀၀၀ တန်ဖိုးရှိ ချင်းခြောက် ၂၄ တန် နီးပါးကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၁၇ တန်ခွဲတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ချင်းခြောက် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက် ပေါက်ဈေး ၁၃၆၄၂၅၀ ကျပ်ဝန်းကျင်ရှိတယ်လို့သိရပါတယ်။ **မော်မော်အောင်**



## ကြက်သွန်ဖြူ

# ဒေသတွင်းအရောင်းအဝယ်ဖြစ်နေတဲ့ ပြည်ကြက်သွန်ဖြူ ဈေးအနည်းငယ်ကျ

ပြည်ပွဲရုံများတွင် ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်မှု ရှိနေပြီး အရောင်းအဝယ်လည်းဖြစ်ကြောင်းသိရပါတယ်။ ယခုအောက်တိုဘာ တတိယ ပတ်မှာ စားဖိုဆောင်သီးနှံတွေ အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ ပွဲတော်ရက်များ၊ အလှူများ ဆက်တိုက်ဖြစ်နေတာကြောင့် ရောင်းဝယ်မှုကောင်းနေပေမယ့် ကြက်သွန်ဖြူဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာလျှင် (ရှမ်းစ)ပွဲရုံဈေး ၃၈၀၀ ကျပ်နှင့် (ကြူကုတ်စ) ၃၈၀၀ ကျပ်တို့ဖြစ်ပါတယ်။ ဒေသတွင်းလက်လီဈေးကတော့ (ရှမ်းစ) တစ်ပိဿာ လျှင် ၄၃၀၀ ကျပ်နှင့် (ကြူကုတ်စ) ၄၆၀၀ ကျပ်ဈေး တို့ဖြင့်ရောင်းချလျက်ရှိနေ ပါတယ်။ ကြက်သွန်ဖြူပွဲရုံများ၌ တစ်ရက်လျှင် ကြက်သွန်ဖြူအိတ် ၂၀၀ ကျော် အရောင်းအဝယ် ဖြစ်နေကြောင်းသိရပါတယ်။ **နီနီဝင်း**

## နနွင်း

# ရှမ်းနနွင်းပွဲရုံလက်ကျန်တွေနဲ့သာ အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းလည်း အရောင်းအဝယ်ပါးတာ တစ်လနှစ်လခန့် ရှိနေပြီလို့သိရပါတယ်။ အဝင်လည်းမရှိသလို ရောင်းအားကလည်းနည်းနေတော့ ပွဲရုံ လက်ကျန်တွေနဲ့သာ အရောင်းအဝယ် လုပ်နေရတယ်လို့လည်း သိရပါတယ်။ ဈေးပတ်သမားတွေကလည်း တစ်ခါဝယ်ရင် ငါးအိတ်မှ ရှစ်အိတ်ခန့်သာ ဝယ်ယူမှုရှိနေပါတယ်၊ ဒီနှစ်မှာအရည်အသွေးကောင်းတဲ့ ဆင်တောင်နနွင်းကို ဝယ်လက်တွေက ကြိုက်ကြပါတယ်။ ဒါပေမယ့် အရင်နှစ်တွေမှာ ဆင်တောင်နနွင်းက ဈေးနှုန်းမြင့်လို့ အရောင်းအဝယ် သိပ်ပြီးမဖြစ်တာကြောင့် အစိုက်နည်းသွားပြီး အထွက်လည်း နည်းလာပါတယ်။ အထွက်နှုန်းနည်းလာတဲ့နှစ်တွေမှာ ဝယ်လက်တွေက ဝယ်ယူမှု ပြန်များလာလို့ စောစောစီးစီးပဲ ဈေးကွက်မှာ ပစ္စည်းလက်ကျန်တွေ ပြတ်သွားတယ်လို့ သိရပါတယ်၊ ဆင်တောင် နနွင်းလောက်နီးနီး အရည်အသွေးရှိတဲ့ ဟိုပုံးနနွင်းကိုလည်း ဝယ်လက်က ကြိုက်နှစ်သက်လာလို့ အောင်ပန်းဈေးကွက်မှာဟိုပုံးနနွင်းက အရောင်းအဝယ်ဖြစ်လာပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာရှိတဲ့ နနွင်းတွေကို ရန်ကုန်နဲ့ ပြည်ဝယ်လက်တွေက ဝယ်ယူမှုရှိနေတာကြောင့် တစ်ပတ်အတွင်းမှာ နနွင်း ပိဿာချိန်ပေါင်းကိုးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်၊ ဒီတစ်ပတ်နနွင်းတစ်ပိဿာပေါက်ဈေးတွေက အောင်ပန်းစက ကျပ် ၁၀၀၀၊ တောင်ပို့လစက ကျပ်၁၄၀၀နဲ့ ဆင်တောင်းနနွင်း(ဟိုပုံး) နနွင်းက ကျပ် ၁၈၀၀ ဈေးရှိပါတယ်။ **ဧခိုင်-တောင်ကြီး**

# မူဆယ်မှ နနွင်းတက် ပုံမှန်တင်ပို့

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၆၈၁၇ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၄၉ တန်နီးပါးကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ် မှ ၅၄ တန်ခွဲနဲ့ မြဝတီမှ ၁၆တန်ကျော် တင်ပို့ခဲ့လို့ မူဆယ်မှ နနွင်းတက်တင်ပို့မှု ပုံမှန်ရှိခဲ့ပါတယ်။ မြဝတီကတော့ ယခုတစ်ပတ်မှာ နနွင်းတက်တင်ပို့မှုမရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာနနွင်းတက်တစ်တန်ကို(ငွေလဲနှုန်းအရ)မိမိဘက် ပေါက်ဈေး ၉၆၂၆၂၅ ကျပ်မှ ၉၇၅၃၇၅ ကျပ်ဈေးခန့်ရှိတယ်လို့သိရပါတယ်။ **မော်မော်အောင်**



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Public Forum နှင့် မြန်မာ

■ အောင်မင်းသိုက်

(ယခင်တစ်ပတ်မှအဆက်)

WTO ရဲ့ Public Forum ကို မြန်မာနိုင်ငံက တာဝန်ရှိသူတွေ တက်ရောက်ခဲ့တဲ့အတွက် ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ချမှတ်နိုင်ခဲ့သလို အကျိုးကျေးဇူးတွေလည်း အများအပြား ရရှိခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဂျီနီဗာမြို့မှာကျင်းပတဲ့ WTO ရဲ့ Public Forum ကို တက်ရောက်လာကြတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးချက်တွေအရ ရှေ့ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကတော့-

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် အကူအညီပေးလျက်ရှိတဲ့ Enhanced Integrated Framework (EIF) အစီအစဉ်အရ ကုန်သွယ်မှုကဏ္ဍဘက်စုံလေ့လာဆန်းစစ်မှု အစီရင်ခံစာ (Diganostic Trade Integration Study – DTIS) ကို ကမ္ဘာ့ကုန်သွယ်ရေးနှင့် ကမ္ဘာ့ဘဏ်မှပညာရှင်များရဲ့အကူအညီနဲ့ ရေးဆွဲပြုစုထားပြီးဖြစ်ရာ အဲဒီအစီရင်ခံစာမှာပါရှိတဲ့ Action Matrix များကို လက်တွေ့ဆောင်ရွက်နိုင်ရေးအတွက် Medium Term Program ဟုခေါ်သော နှစ်လတ်စီမံကိန်းများ ရေးဆွဲရေးလုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်သွားနိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်တို့ကို တွန်းအားပေးဆောင်ရွက်သွားရန်၊

နှစ်လတ်စီမံကိန်းများရေးဆွဲရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနဲ့ ကုန်သွယ်မှုလွယ်ကူ လျင်မြန်ချောမွေ့စေရေးအတွက် လိုအပ်ချက်အစရှိတဲ့ အစီရင်ခံစာများပါ လုပ်ငန်းစဉ်များအားလုံး ထပ်တူခြင်း မရှိစေဘဲ ပါဝင်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်၊

နှစ်လတ်စီမံကိန်းများရေးဆွဲပြုစုမှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးသတ်ရေးဆွဲရန်နဲ့ရေးဆွဲပြီးစီးတဲ့ လုပ်ငန်းစီမံကိန်းတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့နိုင်ငံတကာ အဖွဲ့အစည်းတွေ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတွေ၊ အလှူရှင်နိုင်ငံတွေရဲ့ အကူအညီတွေကို ရယူဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာကုန်သွယ်ရေးအဖွဲ့အစည်းများဖြစ်သော ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန အစရှိတဲ့အဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများရယူဆောင်ရွက်သွားရန်၊

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှာ မြန်မာနိုင်ငံအနေနဲ့ ပိုမိုတက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံရဲ့ပုံရိပ်ကိုပိုမို မြှင့်တင်နိုင်ရန်၊

နိုင်ငံစုံကုန်သွယ်မှုစနစ်အောက်မှ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိနိုင်ရေးအတွက် မိတ်ဖက်နိုင်ငံများနဲ့လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

WTO ရဲ့ဖိုရမ်နဲ့အတူ ကျင်းပခဲ့တဲ့ Myanmar: Opening up for Business Forum ကို တက်ရောက်ခဲ့ရတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့အကျိုးကျေးဇူးတွေအများအပြားရရှိခဲ့တာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနဲ့ဂျီနီဗာအခြေစိုက် နိုင်ငံတကာ အဖွဲ့ရုံးများရဲ့ လေးနက်စွာ အသိအမှတ်ပြုခြင်းကိုခံခဲ့ရပါတယ်။

ဒ့ါအပြင် ကုန်သွယ်မှု ဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာစာအုပ် (DTIS) အား အောင်မြင်စွာ ရေးသားပြုစုနိုင်ခဲ့ပြီး၊ အဲဒီအစီရင်ခံစာပါ လုပ်ငန်းစဉ်များအပေါ် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)တို့က နည်းပညာအကူအညီနဲ့ အရင်းအမြစ်များ ပိုမိုပေးအပ်သွားမယ်ဆိုတဲ့ ကတိကဝတ်တွေကိုလည်း ရရှိခဲ့ပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးအစီအစဉ်အရ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ခြင်းအဆင့် (Tier 1) နဲ့ ရှေ့ဆက်ဆောင်ရွက်ရမယ့် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးကဏ္ဍများဖော်ထုတ်၍ ကာလလတ်စီမံကိန်းများအား အကောင်အထည်ဖော်ရေးအဆင့် (Tier 2) လုပ်ငန်းစဉ်များကို နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနဲ့ နိုင်ငံများသို့ ရှင်းလင်းပြောကြားနိုင်ခဲ့တဲ့အတွက် ၎င်းတို့ရဲ့အားရကျေနပ်မှုနဲ့ ပိုမိုနီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ ကတိကဝတ်တွေရရှိခဲ့ပါတယ်။

> ”
>
> မြန်မာနိုင်ငံအနေနဲ့ Myanmar: Opening up for Business ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့တဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ နိုင်ငံတကာအသိုက်အဝန်းအကြားမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်နဲ့ ဂုဏ်သိက္ခာကို ပိုမိုမြှင့်တင်နိုင်ခဲ့ပါတယ်။

ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ၊ ကုန်သွယ်မှုမူဝါဒချမှတ်ခြင်းနဲ့ အကောင်အထည်ဖော်ရေး၊ နိုင်ငံစုံကုန်သွယ်မှုစနစ်မှာ တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုနဲ့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်းနဲ့နိုင်ငံစုံကုန်သွယ်မှုစနစ်သို့ ပေါင်းစပ်ပါဝင်နိုင်ရေး၊ ကုန်သွယ်မှုကိုဖွံ့ဖြိုးတိုးတက်မှုရဲ့ မောင်းနှင်အားတစ်ရပ်အဖြစ် အသုံးပြု၍ Global Value Chains မှာ ပိုမိုပေါင်းစပ်ပါဝင်နိုင်ရေး အစရှိတဲ့အကြောင်းအရာတွေကို WTO ၊ ITC ၊ World Bank အစရှိတဲ့ နိုင်ငံတကာ အဖွဲ့အစည်းများမှ အကြီးအကဲများနဲ့ ချစ်ကြည်ရင်းနှီးစွာအမြင်ချင်းဖလှယ် ဆွေးနွေးခွင့်ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ Myanmar: Opening up for Business ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့တဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ နိုင်ငံတကာအသိုက်အဝန်းအကြားမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်နဲ့ ဂုဏ်သိက္ခာကို ပိုမိုမြှင့်တင်နိုင်ခဲ့ပါတယ်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ ကြီးမှူးကျင်းပ ပြုလုပ်ခဲ့တဲ့ Public Forum ဆွေးနွေးပွဲနဲ့ Myanmar:Opening up for Business Forum သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ အာဆီယံအပါအဝင် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ (GMS, BIMSTEC, ACMECS) အပြင် လက်ရှိနိုင်ငံတော်ရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနဲ့အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ နိုင်ငံစုံကုန်သွယ်မှုမှာလည်း တတ်ကြွစွာ ပါဝင်ဆောင်ရွက်နေခြင်းကို ထင်ဟပ်စေခဲ့ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့EIFဆိုင်ရာ လုပ်ငန်းစဉ်အစည်းအဝေးများ အပါအဝင် ဆက်စပ် အစည်းအဝေးများတက်ရောက်ခဲ့ခြင်း၊ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရောဘတ်တိုအဇယ်ဗယ်ဒို၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ရဲ့ အမှုဆောင် ဒါရိုက်တာဖြစ်သူ မစ္စအာရန်ချာဂွန်ဇာလက်၊ Enhanced Integrated Framework Division မှ အမှုဆောင် ဒါရိုက်တာဖြစ်သူ Dr.Ratnakar Adhikari ၊ ဂျီနီဗာအခြေစိုက် ယူနိုက်တက်ကင်းဒမ်း (UK) သံရုံးအမြဲတမ်းကိုယ်စားလှယ်တို့နဲ့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့တဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှာ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍကို ပိုမိုမြှင့်တင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ နိုင်ငံစုံ ကုန်သွယ်မှုလုပ်ငန်းစဉ်များမှာပါဝင်ဆောင်ရွက်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ကုန်သွယ်မှုလွယ်ကူ လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများမှာ ဈေးကွက်အခွင့်အလမ်းများပိုမိုရရှိစေရေး၊ မိမိပို့ကုန်များကို အရည်အသွေးနဲ့ စံချိန်စံနှုန်းများ ပိုမိုမြှင့်တင်နိုင်ရေးနဲ့ ဈေးကွက်များ ပိုမိုကျယ်ပြန့်စွာရှာဖွေနိုင်ရေး အစရှိတဲ့ အခွင့်အလမ်းများ ရရှိနိုင်တော့မှာ ဖြစ်ပါတယ်။

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီအဝင်ပို

အောက်တိုဘာ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၄၇၆၂၃၆၂တန်ဖိုးရှိ ဒီဇယ်၉၆ ဒသမ ၆၀၁တန်နဲ့ ကန်ဒေါ်လာ ၆၀၆၀၈၀၂တန်ဖိုးရှိ ဓာတ်ဆီ ၁၂၂ ဒသမ ၆၉၂တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်၊ (92)၊ (95)တို့ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်ဓာတ်ဆီတင်သွင်းမှုမှာ ၃၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် ၈၄ တန်ကျော် ပိုမိုခဲ့သလို ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ ၁၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် ၇၇တန်ကျော်ပိုမို တင်သွင်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ တင်သွင်းမှု ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၇၇၄၅၀၆ တန်ဖိုးရှိ ဒီဇယ် ၁၆၁၈ ဒသမ ၂၀၅တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာကန်ဒေါ်လာ ၂၄၇၈၉ တန်ဖိုးရှိ ဓာတ်ဆီ ၃ ဒသမ ၈ တန် နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ၆၆၃၇၅၇ တန်ဖိုးရှိ ဒီဇယ်၁၃၆၆တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ် ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အဆင့်မြင့်ဒီဇယ်၊အောက်တိန်း(92)၊ ဒီဇယ်နဲ့ အောက်တိန်း (95)မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၆၃၅ ကျပ်၊အောက်တိန်း (92) ၆၄၀ ကျပ်၊ အောက်တိန်း (95) ၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၁၇ ရက်မှာ ဒီဇယ်ဝယ်ဈေး၁၁၈၀၀၀ကျပ်၊ ရောင်းဈေး ၁၂၂၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး နောက်ရက်များတွင် ဆက်တိုက်ဈေးမြင့်လာခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဝယ်ဈေး၊ ရောင်းဈေး ၅၀၀၀ ကျပ်နီးပါး ဈေးမြင့်လာခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာ ၁၇ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ တစ်ဂါလန်ဈေးများအနေနဲ့ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ ဓာတ်ဆီတစ်ဂါလန် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီဈေးငြိမ်နေသော်လည်း ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၄၅ကျပ်၊ အောက်တိန်း (92) ၆၄၅ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ အောက်တိုဘာ ၁၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဆက်တိုက်ဈေးတက်ခဲ့ရာ အောက်တိုဘာ ၂၀ရက်နေ့တွင်ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေး ၊ ရောင်းဈေး ၇၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာ ၁၇ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၄၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ဝယ်ဈေး ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ၂၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာဒီဇယ် ၂၈၀၀ ကျပ်၊ ဓာတ်ဆီ ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီမှာဈေးငြိမ်ပြီး ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၈၈၀ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၉၂၅ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၉၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ငွေလဲနှုန်းများ ပြန်လည်မြင့်တက်၊ အမြင့်ဆုံးဈေးအဖြစ် ကျပ် ၁၃၀၀ နီးပါးသို့ ရောက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကာ အမြင့်ဆုံးဈေးအဖြစ် အမေရိကန် တစ်ဒေါ်လာကို ကျပ် ၁၃၀၀ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ ဗဟိုဘဏ် ၏ခေါ်ယူတွေ့ဆုံမှုအပြီးတွင် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပငွေလဲနှုန်းများ မြင့်တက်ခဲ့သည့်နည်းတူ ဗဟိုဘဏ်ကလည်း ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းကို လိုက်ပါမြင့်တက်စေသဖြင့် ယခုကဲ့သို့ငွေလဲနှုန်းများ မြင့်တက်နေရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ပြင်ပဈေးကွက်များတွင် ဝယ်လိုအားများ မြင့်တက်နေပြီး ရောင်းလိုအားမှာမူ အနည်းငယ်သာရှိနေသဖြင့် ယခုကဲ့သို့ဈေးမြင့်တက်ရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

“အပြင်က ဈေးတက်တာနဲ့ ဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို လိုက်ပြီးမြင့်တက်နေတာ။ ဗဟိုဘဏ်က ဘဏ်တွေကို လေလံစနစ်နဲ့ ရောင်း ချပေးနေပေမယ့် အဲဒီဘဏ်တွေက ဝယ်လိုအားရှိသလောက် ရောင်းချမပေးနိုင်တဲ့အတွက် ပြင်ပဈေးကွက်မှာ ဈေးတွေမြင့်တက်လာရတာပါ။ အပြင်ကဈေးအတိုင်း ဗဟိုဘဏ်က လိုက်ပြီးသတ်မှတ်နေတဲ့အတွက် အခုလို ဈေးတွေမြင့်တက်နေရတာပါ” ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် အောက်တိုဘာ ၁၇ ရက်က ရောင်းဈေး ၁၂၈၃ ကျပ်၊ ဝယ်ဈေး ၁၂၇၈ ကျပ်ရှိခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင်ရောင်းဈေး ၁၂၈၇ ကျပ်၊ ဝယ်ဈေး ၁၂၈၂ ကျပ်သို့ မြင့်တက်ခဲ့သည်။ အောက်တိုဘာ ၂၀ ရက်တွင် အမြင့်ဆုံးဈေးအဖြစ် ကျပ် ၁၂၉၀ သို့ ရောက်ရှိခဲ့သည်။ အောက် တိုဘာလ ၂၁ ရက်တွင် အနည်းငယ် ပြန်လည်ကျဆင်းခဲ့ကာ ရောင်းဈေး ၁၂၈၇ ကျပ်၊ ဝယ်ဈေး ၁၂၈၃ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းငွေလဲနှုန်းပါ မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ဒီတစ်ပတ်ထဲမှာ ရွှေဈေးက ပြန်ပြီးမြင့်တက်လာတယ်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာတာရော ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာတာရောနှစ်ခုဆုံပြီး ပြည်တွင်းရွှေဈေးက ပြန်ပြီးမြင့်တက်လာတာပါ။ တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော်လောက် မြင့်တက်သွားတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ကျသွားတော့ အဝယ်ပြန်လိုက်လာပေမယ့် ဒီတစ်ပတ်ကျတော့ ဈေးကပြန်တက်လာတော့ ဈေးထပ်တက်မလားဆိုပြီး စောင့်နေကြတဲ့အတွက်အရောင်းအဝယ်က သိပ်မဖြစ်ဘူး”ဟု ရွှေကုန်သည်ဦးစံမြင့်ကဆိုသည်။ ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၁၇ ရက်က ကျပ် ၈၅၆၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၁၉ ရက်တွင် ကျပ် ၈၆၁၀၀၀ သို့မြင့်တက်ခဲ့ပြီး အောက်တိုဘာ ၂၁ရက်တွင် ကျပ် ၈၆၇၀၀၀သို့ဆက်လက်မြင့်တက် ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၁၇ ရက်တွင် ၁၂၅၃ ဒေါ်လာရှိခဲ့ရာမှ အောက်တိုဘာ ၁၉ ရက်တွင် ၁၂၆၄ ဒေါ်လာသို့ မြင့်တက်ခဲ့ကာ အောက်တိုဘာ ၂၁ ရက်တွင် ၁၂၆၉ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## မြန်မာနိုင်ငံသားများဘဏ်၏အစုရှယ်ယာဈေးနှုန်း မြင့်တက် ကျန်အစုရှယ်ယာများ၏ ဈေးနှုန်းများ ဈေးငြိမ်

ယခုတစ်ပတ်တွင် ရန်ကုန်စတော့ အိတ်ချိန်းဈေးကွက်၌ မြန်မာနိုင်ငံသားများဘဏ် (MCB)၏အစုရှယ်ယာဈေးများသည် တစ်ပတ်အတွင်း ကျပ်၁၂၀၀ ခန့် ဈေးမြင့်တက်ခဲ့ကာ အရောင်းအဝယ်လည်းဖြစ်ခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MCB ၏ အစုရှယ်ယာဈေးများ မြင့်တက်ခဲ့သော်လည်း ကျန်အစုရှယ်ယာနှစ်ခုဖြစ်သည့် MTSH နှင့် FMI တို့၏ အစုရှယ်ယာဈေးများမှာမူ ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ သည်။ MCB ၏အစုရှယ်ယာဈေးများသည် အောက်တိုဘာ ၁၇ ရက်က ကျပ် ၈၆၀၀ ရှိခဲ့ပြီး အောက်တိုဘာ ၂၀ ရက်တွင် ကျပ် ၉၈၀၀ သို့မြင့်တက်ခဲ့ကာ ထို့နေ့တွင် အစုရှယ်ယာပေါင်း ၂၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

MTSH နှင့် FMI တို့၏အစုရှယ်ယာများမှာ ရက်သတ္တတစ်ပတ်၏ အစပိုင်းနှစ်ရက်တွင် အကျဘက်သို့ဦးတည်ခဲ့သော်လည်း နောက်ပိုင်းရက်များတွင် ဈေးငြိမ်ခဲ့ကာ အရောင်းအဝယ်ဖြစ်မှုပမာဏ များခဲ့ကြောင်း သိရသည်။

“ဒီတစ်ပတ်အတွင်းမှာMTSH နဲ့ FMI ရှယ်ယာတွေက ဈေးငြိမ်တဲ့အတွက် အရောင်းအဝယ်တော်တော်လေးဖြစ်ပါတယ်။ ဈေးအတက်မြန်သွားတဲ့ MCB ရဲ့ ရှယ်ယာကတော့ ဈေးအတက်အကျရှိလို့ ဝယ်ကြတာပဲရှိတယ်။ ပမာဏကတော့ တော်တော်လေးနည်းပါတယ်”ဟု YSX ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်နေသူတစ်ဦးက ဆိုသည်။

**မယ်သီတာ**

## Currency Exchange Rate

October 21, 2016
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.31 |
| BDT Bangladesh Taka | 78.72 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.76 |
| EUR Euro | 0.92 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 66.71 |
| I DR Indonesia Rupiahs | 13050.10 |
| JPY Japan Yen | 103.91 |
| MYR Malaysia | 4.19 |
| PKR Pakistan Rupees | 104.78 |
| PHP Philippines Pesos | 48.29 |
| RUB Russia Rubles | 62.47 |
| SGD Singapore Dollars | 1.39 |
| KRW South Korea Won | 1136.69 |
| LKR Sri Lanka Rupe | 146.99 |
| THB Thailand Baht | 35.12 |
| GBP United Kingdom Pounds | 0.82 |
| VND VietnamDon | 22321.27 |

*Source : xe.com*

## World Gold Price

Octber, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 17 | 1251 | 1253 | 1253 |
| 18 | 1258 | 1260 | 1260 |
| 19 | 1258 | 1260 | 1261 |
| 20 | 1365 | 1367 | 1368 |
| 21 | 1360 | 1362 | 1362 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 17 -10- 2016 | 860.00 | 859.30 |
| 18 -10- 2016 | 865.00 | 864.80 |
| 19-10-2016 | 865.00 | 864.50 |
| 20-10-2016 | 870.50 | 870.00 |
| 21-10 -2016 | 867.00 | 866.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 17 | 6 .73 | 35.31 | 78.40 | 66.76 |
| 18 | 6. 74 | 35.11 | 78.74 | 66.69 |
| 19 | 6 74 | 34.93 | 78.74 | 66.69 |
| 20 | 6 .74 | 34.96 | 78.74 | 66.74 |
| 21 | 6.76 | 35.12 | 78.72 | 66.71 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 17 - October | 17.41 | 2294.66 | 1687.39 | 4756.19 | 939.00 |
| 18 - October | 17.65 | 2324.45 | 1688.06 | 4756.86 | 946.00 |
| 19 - October | 17.57 | 2316.38 | 1662.53 | 4731.33 | 940.00 |
| 20 - October | 17.63 | 2322.21 | 1643.26 | 4709.60 | 940.00 |
| 21 - October | 17.43 | 2310.11 | 1646.18 | 4701.31 | 928.00 |

Source:kitco.com

## Energy NYMEX 21-10-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.60 | -0.03 | -0.06 |
| Brent Crude Futr (USD/bbl) | 51.43 | 0.05 | 0.10 |
| Gasoline Rbob Fut (Cent/gal) | 149.53 | 0.16 | 0.11 |
| Natural Gas Futr (USD/MMBtu) | 3.11 | -0.03 | -1.11 |
| Heating Oil Futr (Cent/gal) | 156.13 | 0.17 | 0.11 |

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် ဘိလပ်မြေတန်ချိန် ၁၈၀၀၀ ကျော်ပိုတင်သွင်း



အောက်တိုဘာ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၄၄၂၂၄ တန်ဖိုးရှိ ဘိလပ်မြေ ၂၅၂၆၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၅၆ တန်၊ မလေးရှားမှ ၅၄ တန်နဲ့ ထိုင်းနိုင်ငံမှ ၂၅၁၅၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး စိန်တံဆိပ်နဲ့ အက်စ်စီဂျီစတဲ့ တံဆိပ်များ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာ ၆၇၈၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၈၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်ဘိလပ်မြေဈေးကွက် ဈေးမြင့်လာ

အောက်တိုဘာ ၉ ရက်မှ ၁၅ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၂၅၂၆၀ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၆၇၈၀ နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၈၄၇၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၉၆၈၇ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၁၈၂၉၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၁၃၉၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ် ဆက်လက်ကောင်းနေပြီးဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၅၀၀ ကျပ်၊ မြန်မာဆင် ၄၁၀၀ကျပ်၊ ဆင်(ထိုင်း) ၆၅၀၀ ကျပ်၊ စိန်(ထိုင်း) ၆၆၀၀ကျပ်၊ ဆင်မင်း ၄၂၀၀ ကျပ်၊ ကျားခေါင်း ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဈေးနည်းနည်းကျကာ အရောင်းအဝယ်နည်းနည်းဖြစ်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်က ၃၀၀ ကျပ်၊ စိန်က ၄၀၀ ကျပ်၊ အပါချီက ၂၀၀ ကျပ် ၊ ကမ္ဘောဇက ၃၀၀ကျပ်၊ နဂါးက ၁၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ၆၄၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၄၀၀ကျပ်၊ ကမ္ဘောဇ ၄၀၀၀ကျပ်၊နဂါး ၄၆၀၀ကျပ်၊ ဆင်(ထိုင်း) ၆၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ပုံမှန်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဆင်က ၃၀၀ ကျပ်၊ စိန်က ၂၀၀ ကျပ် ဈေးမြင့်လာခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ စိန်က ပစ္စည်းပြတ်နေတယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၇၀၀ ကျပ်၊ စိန်(ထိုင်း) ၅၄၀၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၄၈၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၄၅၀၀ ကျပ်၊ မော်လမြိုင် (ဆင်) ၅၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

## စာတ်မြေသြဇာ

### နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၁၇၀၀၀ နီးပါးတင်သွင်း

အောက်တိုဘာ ၉ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၀၇၂၂၈၀ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၁၆၈၄၃ ဒသမ ၈၉၇ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားတံဆိပ်များမှာ နိုက်တြိုဂျင်၊ ယူရီးယား၊ ကွန်ပေါင်း၊ ပိုတက်ဆီယမ်၊ ဖလော်ရာ၊ သြဂဲနစ်တို့ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ဘရာဇီးနိုင်ငံမှ ၁၅၁၂ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ ၈၇၅၅ ဒသမ ၇၆၄ တန်၊ အိန္ဒိယမှ ၂၄ တန်၊ အစ္စရေးမှ ၁၂၈ ဒသမ ၆၄၆ တန်၊ ဂျပန်နိုင်ငံမှ ၂၆ ဒသမ ၉၈၇ တန်၊ မလေးရှားမှ တန် ၅၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၄၆၂၀ နဲ့ ဗီယက်နမ်မှ ၁၇၂၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ၂၅၁၅၆ တန်နဲ့ နှိုင်းယှဉ်ရင် ယခုတစ်ပတ်မှာ တန်ချိန် ၈၃၀၀ ကျော် လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မော်လမြိုင်မြေဆီဈေးကွက်အရောင်းသွက်

အောက်တိုဘာ ၉ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ ၁၆၈၄၃ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က ၂၅၁၅၆ တန်ကျော် ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၈၃၀၀ ကျော် အဝင်လျော့ခဲ့ တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၃၀၀၃ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၂၇၅၈ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၄၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် စတင်ဝယ်ယူလာတာကြောင့် အရောင်းအဝယ် နည်းနည်းသွက်လာတယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေး ၂၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်)နဲ့ ကွန်ပေါင်း ၁၆း၁၆း၈ က ၃၀၀ကျပ် ဈေးမြင့်လာခဲ့ပြီးတီစူပါ ၄၆% က ၅၀၀ ကျပ်ဈေးကျကာ ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)၂၁၀၀၀ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၂၉၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၁၀၀၀ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေသြဇာဈေးတွေ မပြောင်းဘဲ ယခင်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ မြွားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၀၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၅၀၀ကျပ်၊ သီးစုံ (ဝါစိမ်းပြာ)၁၅၅၀၀ကျပ်၊ အာမို၁၅ ပတ်လည် ၃၅၅၀၀ကျပ်၊ အာမို ၁၆း၁၆း၈ ၃၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၁၉၀၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၈၂၀၀ကျပ်၊ တီစူပါ ၁၉၀၀၀ ကျပ်၊ တောင်သူမ ၁၅၃၀၀ကျပ်၊မြွားကမ္ဘာ(၁၅း၇း၈) ၁၉၀၀၀ ကျပ်၊ ဇာမဏီ ၁၇၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှစုံစမ်းသိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီချိန်လည်း မရောက်သေးတာကြောင့် အရောင်းအဝယ်အေးနေတယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ဆိုပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ကမ္ဘာလုံး) က ၂၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) က ၅၀၀ ကျပ်ဈေးကျပြီး ယူရီးယား(ပန်းဖူး) က၁၀၀ ကျပ်၊ ပန်းဖူး(ရွှေတောင်)က ၅၀၀ ကျပ်၊ ခတ်ဆားက ၅၀၀ ကျပ် ဈေးကျပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ် လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၀၀၀ကျပ်၊ ယူရီး ယား (ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၀၃၀၀ကျပ်၊ တီစူပါ၂၀% (တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၀၀၀ကျပ်၊ ခတ်ဆား (တရုတ်) ၁၄၅၀၀ကျပ်၊ ပိုတက်(တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြွားကမ္ဘာ ၁၄၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီတန်ချိန် ၂၅၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၄၀ ကျော်ဝင်

အောက်တိုဘာ ၉ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၁၈၀၀၂ တန်ဖိုးရှိ နို့ဆီ ၂၄၈ ဒသမ ၃၄၆ တန် ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ **Falcon** တံဆိပ် သုည ဒသမ ဝ၃၆ တန်နဲ့ ဒွန်းနို့ဆီ ၂၄၈ ဒသမ ၄၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဝင်ရောက်ခဲ့တဲ့ ၁၄၆ တန်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၁၈၈၅၀ တန်ဖိုးရှိ နို့မှုန့် ၂၂ ဒသမ ၄၄ တန်ကို သြစတြေးလျမှ လည်းကောင်း၊ ကန်ဒေါ်လာ ၂၃၇၃၇ တန်ဖိုးရှိ နို့မှုန့် ၈ ဒသမ ၄၇၄ တန်ကို မွန်ဂိုလီးယားမှလည်းကောင်း၊ ကန်ဒေါ်လာ ၁၀၆၀၀၂ တန်ဖိုးရှိ နို့မှုန့် ၁၁ ဒသမ ၇၀ တန်ကို မလေးရှားနိုင်ငံမှ လည်းကောင်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စုစုပေါင်းတင်သွင်းတန်ချိန်မှာ ၄၂ ဒသမ ၆၁၄ တန် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်တင်သွင်းမှုမှာ ၁၈၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၄၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၆၇၃၈ တန်ဖိုးရှိနို့ဆီ ၇ ဒသမ ၇၅ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၀ မှ ၁၄/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၀ မှ ၇/၁၀ | | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၆၆.၇၀ | ၁၂၈၅.၀၀ | (+) | ၃၈၁.၇၀ |
| ၂။ | လွယ်ဂျယ် | ၂၄၀.၀၀ | ၁၄၄၀.၀၀ | (-) | ၁၂၀၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၂၂၇.၀၀ | ၃၀၈၀.၀၀ | (+) | ၁၄၇.၀၀ |
| ၅။ | တာချီလိတ် | ၅၀၀၀.၀၀ | - | (+) | ၅၀၀၀.၀၀ |
| ၆။ | မြဝတီ | ၇၈၁.၄၆ | ၄၃၀.၄၀ | (+) | ၃၅၁.၀၆ |
| ၇။ | ကော့သောင်း | ၈၄၀၀.၀၀ | ၁၀၉၂၅.၀၀ | (-) | ၂၅၂၅.၀၀ |
| ၈။ | မြိတ် | ၃၇၂.၅၀ | ၁၁၃၅.၀၀ | (-) | ၇၆၂.၅၀ |
| | စုစုပေါင်း | ၁၉၆၈၇.၆၆ | ၁၈၂၉၅.၄၀ | (+) | ၁၃၉၂.၂၆ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၀ မှ ၁၄/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၁၀ မှ ၇/၁၀ | | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၆၄၃.၂၀၀ | ၉၀၆၈.၈၃၀ | (+) | ၅၇၄.၃၇ |
| ၂။ | လွယ်ဂျယ် | ၁၂၂.၀၀၀ | ၃၂၀.၅၀၀ | (-) | ၁၉၈.၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၆.၀၀၀ | ၁၇.၅၀၀ | (-) | ၁.၅၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၈၇၂.၇၄၈ | ၁၅၅၂.၁၂၅ | (+) | ၃၂၀.၆၂၃ |
| ၆။ | ကော့သောင်း | ၁၀၀.၀၀၀ | - | (+) | ၁၀၀.၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၂၅၀.၀၀၀ | ၁၈၀၀.၀၀၀ | (-) | ၅၅၀.၀၀၀ |
| | စုစုပေါင်း | ၁၃၀၀၃.၉၄၈ | ၁၂၇၅၈.၉၅၅ | (+) | ၂၄၄.၉၉၃ |

ခင်မိုးသူ

## နှမ်း

# မူဆယ်ရော မြဝတီမှပါ နှမ်းတင်ပို့

မြန်မာ - တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၈ရက်မှ ၁၄ရက် သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄ဒသမ ၀၅၅သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၃၀၅၉တန်ကျော် တင်ပို့ခဲ့ ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းဖြူ ၆၂၈တန်ကျော်၊ နှမ်းနက် ၂၄၁၈တန်ခွဲနဲ့ နှမ်းညို ၁၃တန်ကျော် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၉၆၈ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်၉၀ကျော် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အောက် တိုဘာ ၈ရက်မှ ၁၄ရက်အတွင်း နှမ်းဖြူတစ်တန် (မိမိဘက် ပေါက်ဈေး)မှာ ၁၂၈၅၉၈၁ ကျပ်နဲ့ နှမ်းနက် (စမုံ) ဈေး မှာ ၂၄၀၇၄၇၇ ကျပ် ရှိတယ်လို့ သိရပါတယ်။ အလားတူ မြန်မာ-ထိုင်း နယ်စပ် ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၀၃၅၆တန်ဖိုးရှိ နှမ်းနက် ၇၄တန်နီးပါး တင်ပို့ခဲ့တာ တွေ့ရပါတယ်။ **မော်မော်အောင်**

# ပြည်ဈေးကွက်မှာပစ္စည်းအဝင်မရှိလို့ လက်ကျန်နှမ်းများဖြင့် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်တွင် သီတင်းကျွတ်ပြီးကတည်းက နှမ်းအဝင်မရှိသဖြင့် လက်ကျန်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပစ္စည်းအဝင်မရှိပေမယ့် အဝယ်ရှိသဖြင့် နှမ်းနီဈေးနဲ့ စမုံနက်နှမ်းဈေးအနည်းငယ်မြင့်လာကာ နှမ်းနက်ရိုးရိုးမှာ အဝယ်ရပ်လာပြီး ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ နှမ်းနီကို ဆီစက်များကအဝယ်ရှိသဖြင့် ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်လျှင် ကျပ် ၁၄၀၀ ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းနီဈေးမြင့်ပေမယ့် ဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးကျလာရခြင်းမှာ ယခင်ကြိတ်ပြီးသား ဆီလက်ကျန်များကိုထုတ်၍ရောင်းချနေတာကြောင့်ဖြစ်ကြောင်းသိရပါတယ်။ ယခုအခါမှာတော့ ဈေးအမြင့်နဲ့ဝယ်ပြီး ကြိတ်ရတဲ့နှမ်းဆီဈေးများ ပြန်လည်မြင့်တက်လာနိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၃၀၀၀၀ ကျပ်နှင့် စမုံနက်နှမ်းဈေးမှာ တစ်တင်းလျှင် ၅၅၀၀၀ ကျပ်ဖြင့် ယခင်တစ် ပတ်ထက် ဈေးမြင့်လာပြီး နှမ်းနက်ရိုးရိုးတစ်တင်း လျှင် ၄၀၀၀၀ ကျပ်နဲ့ ရောင်းချနေသော်လည်း အဝယ်မရှိ၍ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါကကျပ် ၁၆၀၀ ခန့် ဈေးကျလာတာ တွေ့ရပါတယ်။ **ဝေဝေမင်း**



# ပို့ကုန်နေးကွေးကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေးနှုန်းကျဆင်း

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ပြိုင်ဖက်ဟင်းရွက်ဆီဖြစ်သော ပဲပုပ်ဆီဈေးနှုန်း နှေးကွေးကျဆင်းမှုနှင့် စားအုန်းဆီပို့ကုန်ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် အောက်တိုဘာ ၂၀ရက်နေ့တွင် စားအုန်းဆီဈေး ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင်ဖော်ပြသည်။

ဘာဆာမလေးရှား (Bursa Malaysia Derivatives Exchange) ကုန်စည်ဒိုင်တွင် အောက်တိုဘာ ၂၀ရက်နေ့ ညနေက ဇန်နဝါရီအတွက် စာချုပ်သော စားအုန်းဆီ၏ အခြေခံ စံထားဈေးနှုန်းမှာ သုညဒသမ ၅ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၇၁၈ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၆၅၀) နှုန်းရှိခဲ့သည်။

အောက်တိုဘာ ၂၀ရက်က ရောင်းချရသော စားအုန်းဆီ ပမာဏသည် ၂၅တန်ရှိ အတွဲပေါင်း ၄၆၂၁၂ တွဲ ဖြစ်ရာ ၂၀၁၅ ခုနှစ် အတွင်းက ရှိခဲ့သော တစ်ရက်ပျမ်းမျှ ရောင်းချနှုန်း ၄၄၆၀၀နှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရသည်။

စားအုန်းဆီ ဈေးနှုန်းသည် အောက်တိုဘာ ၁၈ရက်က နှစ်နှစ်ခွဲအတွင်း အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့ပြီးမှ နောက်ပိုင်းတွင် တစ်ဟုန်ထိုး ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ဒါလီယံဈေးကွက်တွင် စားအုန်းဆီနှင့် ပဲပုပ်ဆီ နှစ်ခုစလုံးသည် နှစ်နှစ်အတွင်း အမြင့်ဆုံး ဈေးနှုန်းသို့ ရောက်ရှိခဲ့သည့်အတွက် မလေးရှား စားအုန်းဆီ ဈေးက အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် မြင့်တက်လာခဲ့သည်။

ငွေကြေးစာချုပ်စာတမ်းဈေးကွက်တွင် ဈေးကစားခြင်းနှင့် ဈေးကွက်တွင် ဖြစ်ပေါ်သော အန္တရာယ်များကို ထိန်းချုပ်ရန်အတွက် တရုတ်နိုင်ငံက ဈေးကွက်ထိန်းချုပ်ရေး စည်းမျဉ်းသစ်များကို ချမှတ်ခဲ့သည်။ ထို့ကြောင့် ငွေကြေး စာချုပ်စာတမ်းများကို ပြန်လည် ရောင်းချမှုကြောင့် ဈေးကွက်ထဲတွင် ဒေါ်လာများ ဘီလီယံနှင့်ချီ၍ ဝင် ရောက်လာသည့်အတွက် ပဲပုပ်ဆီအပါအဝင် တရုတ်ကုန်စည်ဈေးများ အောက်တိုဘာ ၁၇ရက်က မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် ဈေးကွက်ဝေစုရရှိရန် တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင်နေရသည့် အတွက် စားအုန်းဆီကြမ်းနှင့် ပဲပုပ်ဆီ ကြိုတင်ရောင်းဈေးများကလည်း စားအုန်းဆီ ဈေးနှုန်းအပေါ်တွင် ဂယက်ရိုက်ခတ်မှုရှိခဲ့သည်။

ဒါလီယံဈေးကွက်တွင် ပဲပုပ်ဆီဈေးနှုန်းသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် မြင့်တက်ရာမှ ညနေပိုင်းတွင် အနည်းငယ်ကျဆင်းလာသည့်အတွက် စားအုန်းဆီဈေးလည်း ကျဆင်းစေခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီအတွက် ကြိုတင်ရောင်းသော ပဲပုပ်ဆီဈေးမှာ သုညဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး စားအုန်းဆီကြမ်း၏ ဇန်နဝါရီအတွက် ကြို ရောင်းဈေးမှာ သုညဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

"ဒါလီယံဈေးကွက်မှာ အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက ဈေးပြန်ကျလာပါတယ်။ ကုန်စည်စစ်တမ်းအဖွဲ့များက ထုတ်ပြန်တဲ့ စာရင်းများအရ ပို့ကုန်တွေကလည်း ကျဆင်းနေပါတယ်" ဟု Intertek Testing Services နှင့် Societe Generale de Surveillance တို့၏ ကုန်စည်စစ်တမ်းများကို ရည်ညွှန်းပြီး ကွာလာလမ်ပူမှ အရောင်းတာဝန်ခံ တစ်ဦးက ပြောသည်။

စက်တင်ဘာ ကာလတူနှင့် နှိုင်းယှဉ်ပါက အောက်တိုဘာ ၁ ရက်မှ ၂၀ရက် အတွင်း မလေးရှား စားအုန်းဆီ တင်ပို့မှုက ၁၂ ရာခိုင်နှုန်း ကျဆင်းသည်။

**ညဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၁-၁၀-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၄၄၀၀ | ၄၃၀၀ | ▽ | ၃၈၀၀ | ၃၃၀၀ | ▽ | ၁၆၈၀ | ၁၇၂၅ | △ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၇၉၀ | ၁၈၂၀ | △ |
| ပဲခူး | ၄၀၀၀ | ၃၈၀၀ | ▽ | ၄၈၀၀ | ၄၈၀၀ | □ | ၁၇၈၀ | ၁၈၀၀ | △ |
| မကွေး | ၃၆၀၀ | ၃၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၂၀၀ | ၃၂၀၀ | □ | ၃၁၀၀ | ၃၁၀၀ | □ | ၁၈၄၀ | ၁၄၈၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၁-၁၀-၂၀၁၆ US$/Ton

| အမျိုးအစား | အောက်တိုဘာဒုတိယပတ် | အောက်တိုဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၉.၀၀ | ၆၇၀.၅၀ | △ |
| RBD P.Olein | ၆၆၆.၅၀ | ၆၆၇.၅၀ | △ |
| RBD P.Strarin | ၆၆၅.၀၀ | ၆၇၁.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၁- ၁၀ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၃၁.၂၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၈၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၆ |
| စားအုန်းဆီအလျှော့ | 0.5% x လက်ကားဈေး | ၈.၆၃ |
| ဆီကန်သို လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၉၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှော့ထား | (CIF x 35/-)/ 612 | ၄၂.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၇၉.၄၀၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၁-၁၀-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၇၅၅ ဒေါ်လာနှင့် USD ဈေး ၁၂၇၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၁-၁၀-၂၀၁၆နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၇၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# jrefmhqefpyg;aps;uGuf
# ta&G

■ Eagle



## အတိတ်ကို ပြန်သုံးသပ်ခြင်း

မြန်မာ့ဆန်စပါး ဈေးကွက်ကို ပြန်လည်လေ့လာ သုံးသပ်ကြည့်ပါက ၂၀၀၃ ခုနှစ်အထိ ပုဂ္ဂလိကလုပ်ငန်းရှင်များမှာ ပြည်တွင်းဈေးကွက်ကိုသာ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပတင်ပို့မှုကို နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (MAPT) တစ်ဦးတည်းကသာ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ နှစ် ကုန်ပိုင်းတွင် နိုင်ငံတော်က ဆန်စပါး မူဝါဒချမှတ်ပြီးနောက်ပိုင်းတွင် တပ်မတော် အစိုးရက ရွေးချယ်ထားသည့် ကုမ္ပဏီများ (Selected Companies) နှင့် ရေနက်ကွင်း လုပ်ငန်းပြ ကုမ္ပဏီများက ၂၀၀၈ခုနှစ် မတိုင်မီ ကာလအထိ ပြည်ပဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့ကြပါသည်။

၂၀၀၈ မှ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ခွဲတမ်းစနစ်ဖြင့် အခြားလုပ်ငန်းရှင်များပါ လုပ်ပိုင်ခွင့်ရခဲ့ပြီး ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသ လမ်းကြောင်းများမှ လွတ်လပ်စွာ တင်ပို့နိုင်ရန် ပို့ကုန်လိုင်စင် လျှောက်ထားခွင့် ရရှိခဲ့ပါသည်။

၂၀၀၃ - ၂၀၀၈ ခုနှစ်အတွင်း ပြည်ပတင်ပို့မှုကို အဓိကအားဖြင့် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ အာဆီယံနှင့် အာဖရိက ဈေးကွက်သို့ အဓိကထားတင်ပို့ခဲ့ပြီး ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် ရုရှားနှင့် အရှေ့အလယ်ပိုင်း ဈေးကွက်များသို့ ထပ်မံတိုးချဲ့ တင်ပို့ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဥရောပသမဂ္ဂ (အီးယူ)က စီးပွားရေး ပိတ်ဆို့မှု ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း ဥရောပဈေးကွက်သို့ပါ ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့ကြပါသည်။

## ဈေးကွက်ပါရာဒိုင်းအရွေ့

၂၀၁၁ ခုနှစ်တွင် တပ်မတော်အစိုးရက ဦးသိန်းစိန်အစိုးရ လက်ဝယ်သို့ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးပြီးနောက် ယခင်တပ်မတော်အစိုးရ လက်ထက်က ကုန်သွယ်မှုကို ထိန်းချုပ်ကိုင်တွယ်နေသည့် ကုန်သွယ်မှုကောင်စီ (Trade Council) ကို ဖျက်သိမ်းခဲ့သည်။ ဆန်စပါး ပြည်ပတင်ပို့မှုကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုခဲ့ပြီး အထူးသဖြင့် နယ်စပ်ကုန်သွယ်မှု မျက်နှာစာကို စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန် မှစ၍ ဆန်စပါး ပြည်ပဈေးကွက်၏ အပြောင်းအလဲ စတင်ခဲ့ပါသည်။ ဥရောပ ဈေးကွက်မှလည်း ချမှတ် ထားသော စီးပွားရေးပိတ်ဆို့မှု (Sanction) ကို ၂၀၁၂ ဩဂုတ်လအတွင်း ရုပ်သိမ်းပေးခဲ့ပြီး GSP အခွင့်အရေးကိုလည်း ပြန်လည်ပေးအပ်ခဲ့သဖြင့် အီးယူဈေးကွက်သစ်တစ်ခု ထပ်မံရရှိခဲ့ပါသည်။

## ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အထိ ကမ္ဘာ့ဆန်ဈေးကွက် အခြေအနေ

ကမ္ဘာ့ဆန်ထုတ်လုပ်မှု၊ စားသုံးမှုနှင့် အရန်ရိက္ခာထားရှိမှုကို USDA ၏ ကိန်းဂဏန်း များအရ သုံးသပ်ကြည့်လျှင်

| ခုနှစ် | ထုတ်လုပ်မှု | စားသုံးမှု | လက်ကျန် (အရန်ပမာဏ) |
|---|---|---|---|
| ၂၀၁၂ | ၄၇၂. ၄၉၅ | ၄၆၅. ၅၀၉ | ၁၁၃. ၈၀၈ |
| ၂၀၁၃ | ၄၇၈. ၄၃၉ | ၄၇၈. ၄၈၂ | ၁၁၃. ၇၆၅ |
| ၂၀၁၄ | ၄၇၈. ၇၀၄ | ၄၇၈. ၁၇၉ | ၁၁၄. ၂၉ |
| ၂၀၁၅ | ၄၇၀. ၈၁၈ | ၄၇၃. ၅၈၉ | ၁၁၁. ၅၁ |
| ၂၀၁၆ (ဩဂုတ် ခန့်မှန်း) | ၄၈၁. ၀၈၃ | ၄၇၅. ၈၂၇ | ၁၁၃. ၇၆၆ |

## တရုတ်ဈေးကွက်ကို လေ့လာခြင်း

၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တရုတ်ဆန်ဈေးကွက် အခြေအနေ

| ခုနှစ် ထုတ်လုပ်မှု | စားသုံးမှု | စားသုံးမှု | လက်ကျန် (အရန်ပမာဏ) |
|---|---|---|---|
| ၂၀၁၂ | ၁၄၃ | ၁၄၁ | ၄၉. ၈၃၂ |
| ၂၀၁၃ | ၁၄၂. ၅၃ | ၁၄၃ | ၅၃. ၁၀၂ |
| ၂၀၁၄ | ၁၄၄. ၅၆ | ၁၄၄. ၅ | ၅၇. ၄၃၆ |
| ၂၀၁၅ | ၁၄၅. ၇၇ | ၁၄၄. ၅ | ၆၃. ၂၀၆ |
| ၂၀၁၆ (ဩဂုတ် ခန့်မှန်း) | ၁၄၆. ၅၀ | ၁၄၄. ၅ | ၆၉. ၉၀၆ |

အောက်ပါဇယားများတွင် ဖော်ပြထားသည့် ကိန်းဂဏန်းများကိုကြည့်လျှင် ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းသည် တည်ငြိမ်မှုရှိနေပြီး ထုတ်လုပ်မှု၊ စားသုံးမှုနှင့် လက်ကျန် (အရန်) ပမာဏသည် တည်ငြိမ်နေသည်ကို တွေ့ရပါသည်။

တရုတ်ဈေးကွက် ဆန်စုဆောင်းချိန်နှင့် မြန်မာဈေးကွက်အသစ် (သို့) နယ်စပ်တင်ပို့မှုကို ၂၀၁၁ နှစ်ကုန်ပိုင်းတွင် စတင်ခဲ့ပါသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် လယ်ယာစွန့်ခွာမှုတို့ကို တရုတ် အစိုးရက ကိုင်တွယ် ဆောင်ရွက်ရာတွင် စပါးအခြေခံဈေးနှုန်း သတ်မှတ်ဝယ်ယူခြင်း၊ ဆန်စပါး အဓိက စိုက်ပျိုးသည့် ပြည်နယ်များတွင် MSP (Minimum Support Price) Program ကို ၂၀၀၈ ခုနှစ်မှ စတင် ဆောင်ရွက်ပေးခဲ့ပြီး အရန်ဆန်ပမာဏကို တိုးမြှင့်ဝယ်ယူခဲ့ပါသည်။ ၂၀၁၆ခုနှစ် ဩဂုတ်အထိ ကိန်းဂဏန်းများအရ အရန်ဆန်ပမာဏ တန်ချိန် ၁၁၃ဒသမ ၇၆၆ သန်းတွင် တရုတ်နိုင်ငံ၌ တန်ချိန် ၆၉ဒသမ ၉၀၆သန်းရှိခဲ့ရာ ကမ္ဘာ့လက်ကျန် စုစုပေါင်းပမာဏ၏ ၆၁ဒသမ ၁၈ ရာခိုင်နှုန်း ရောက်ရှိနေသည်ကို တွေ့ရ ပါသည်။

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နေထိုင်သော တရုတ်နိုင်ငံအနေဖြင့် ၂၀၀၈ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဆန်ဈေး ရုတ်တရက် မြင့်တက်မှုနှင့် အယ်လ်နီညို ဖြစ်စဉ်ကြောင့် ကမ္ဘာ့ဆန်ထွက်ရှိမှု ကျဆင်းနိုင်သည်ဟူသော ကြိုတင် ခန့်မှန်းချက်များအရ အရန်ရိက္ခာ ပမာဏကို တန်ချိန် ၄၉ဒသမ ၈၃၂ သန်းမှ ၆၉ဒသမ ၉၀၆ သန်းအထိ တိုးမြှင့်ခဲ့ပြီး ၂၀၁၂ မှ ၂၀၁၆ (ဩဂုတ်) ခန့်မှန်းကာလအတွင်း ဆန်တန်ချိန် ၁၉ သန်းကျော် တိုးမြှင့် သိုလှောင်ခဲ့ပါသည်။

ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် အရန်ဆန်ပမာဏ အမြောက်အများကို သိုလှောင်ထားရသည့် ဝန်ထုပ်ဝန်ပိုး ဖြစ်ပေါ်လာပြီး နောက်ပိုင်း ယခင်နယ်စပ်ဒေသများမှ ဝင်ရောက်မှုကိုမျက်စိပိတ်၊ နားပိတ်နေခဲ့ရာမှ ၂၀၁၆ နှစ်လယ်ပိုင်းမှစ၍ တင်းကျပ်မှုများကို စတင်ဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့ ဝယ်ယူထားသော အရန်ဆန် ပမာဏအား ဆုံးရှုံးမှုနည်းအောင်၊ ၎င်းတို့ပြည်တွင်း၌ ရောင်းချနိုင်အောင် ဆောင်ရွက်လာပါသည်။

## ကမ္ဘာ့ဆန်ဈေးကွက်ကို မျက်ခြည်ပြတ်နေသော မြန်မာ့ဆန်ဈေးကွက်

အထက်ဖော်ပြပါ ကိန်းဂဏန်းများအရ ကမ္ဘာ့ဆန်ဈေးကွက်သည် လွန်ခဲ့သည့် ငါးနှစ်ကာလအတွင်း အပြောင်းအလဲ အနည်းငယ်မျှသာ တည်ရှိနေသော်လည်း မြန်မာ့ဆန်ဈေးကွက်တွင်မူ တရုတ်နယ်စပ်ဝယ်လိုအား မြင့်တက်မှု၊ အီးယူမှ GSP အခွင့်ရေးရရှိမှုနှင့် ပြည်တွင်းရေကြီးမှု သဘာဝ ဘေးဒဏ်များကြောင့် နှစ်စဉ်အတက်ဘက်ကို ဦးတည်ခဲ့ပြီး ၂၀၁၅ ဩဂုတ်အတွင်း စံချိန်တင် ဈေးမြင့်တက်မှုကို ကြုံခဲ့ရပါသည်။

ပင်လယ်ရေကြောင်း တင်ပို့မှုကို ဆောင်ရွက်နေသော ပို့ကုန်လုပ်ငန်းရှင်များသည်လည်း တရုတ် နယ်စပ်၏ မခန့်မှန်းနိုင်သော ဝယ်လိုအားနှင့် ကမ္ဘာ့ဈေးကွက်သို့ ရောင်းချရန် ခက်ခဲသော ပြည်တွင်း ဈေးနှုန်း၊ ငွေလဲနှုန်း အတက်အကျများမှုတို့ကို ကြောက်ရွံ့ပြီး ဈေးကွက်မှ ဘေးထွက်စောင့်ကြည့် အနေအထားသို့ ရောက်ရှိခဲ့ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့သည့် ပမာဏလည်း ကျဆင်းခဲ့ပါသည်။

ပြည်တွင်းဈေးကွက်တွင်လည်း မူမမှန်သောဈေးကွက်သဘောတရားအရ နှစ်စဉ်တိုးမြှင့်လာသော ဆန်စပါး ဈေးနှုန်းများကို အခြေခံ၍ ဈေးနှုန်းအမြင့်ကို အကောင်းမြင်သည့် Up Trend ဈေးကွက်ကဲ့သို့ သဘောထားကာ ယခင်နှစ်များကဲ့သို့ ဈေးမြင့်တက်ရန် မျှော်လင့်စောင့်စားခဲ့တာကြောင့် အဓိက တင်ပို့သည့် နယ်စပ်ထွက်ပေါက်တွင် တားမြစ်မှုများ၊ တင်းကျပ်မှုများ နှင့်အတူ သိုလှောင် စောင့်ဆိုင်းသူများ အမြတ်မထွက်သော ယနေ့အချိန်သို့ ရောက်ရှိခဲ့ကြပါသည်။

## ကောက်ပဲသီးနှံတို့၏ ဈေးကွက်သဘောတရား

စပါး၊ ဂျုံ၊ ပြောင်း၊ ကြံ၊ ပဲပုပ်စသည့် ကမ္ဘာ့အဓိက ကောက်ပဲသီးနှံများသည် ရာသီသီးနှံများဖြစ်ကြပြီး ဈေးကွက် သဘောတရားအရ အထွက်နှုန်း မြင့်တတ်ပြီး လက်ကျန်ပမာဏ များပါက ထွက်ရှိရာသီတွင် ဈေးနှုန်း ကျဆင်းတတ်ပါသည်။ ဈေးနှုန်းကျဆင်းပါက ထုတ်လုပ်သူများ တွက်ချေမကိုက် စိုက်ပျိုးမှု နည်းပြီး နောက်တစ်ရာသီအတွက် အထွက်နှုန်းကျဆင်းကာ ဈေးနှုန်းပြန်လည် မြင့်တတ်လာနိုင်ပေသည်။

စာမျက်နှာ (၂၁)သို့ ➤

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## သယံဇာတအရင်းအမြစ်သုံးစွဲမှု လျှော့ချနိုင်ရန် Prefab Buildings များအား တရုတ်နိုင်ငံ၌ တည်ဆောက်ရန်စီစဉ်

တရုတ်နိုင်ငံ၌ စွမ်းအင်နှင့်သယံဇာတအရင်းအမြစ်သုံးစွဲမှုများအား ချွေတာနိုင်ရန် ကြိုတင်ပုံသွင်းပစ္စည်းဖြင့် ဆောက်လုပ်သော အဆောက်အအုံ Prefab Buildings များ ဆောက်လုပ်မှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း အိုးအိမ်နှင့် ကျေးလက်မြို့ပြဖွံ့ဖြိုးမှုဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်ပါသည်။ Prefab Structure ဖြင့် ဆောက်လုပ်ရာ၌ အဆောက်အဦတည်ဆောက်ရန်အတွက် လိုအပ် သည့် ပစ္စည်းကိရိယာများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုထဲ၌ အသင့်တပ်ဆင်သည့်ပုံစံဖြစ်သဖြင့် စွမ်းအင်ချွေတာနိုင်သည့်အပြင် တရုတ်၌လက်ရှိရင် ဆိုင်နေရသည့် ထုတ်လုပ်မှုပိုလျှံသည့် အခက်အခဲကိုလည်း ဖြေရှင်းရာရောက်ကြောင်း ဖော်ပြထားပါသည်။ တရုတ်၌ ယခုလက်ရှိ Prefab Building ပမာဏမှာ ငါးရာခိုင်နှုန်းခန့်သာရှိပြီး အသစ်ထပ်မံဆောက်မည့် အဆောက်အဦများ၏ ၃၀ ရာခိုင်နှုန်းကို Prefab Structure ဖြင့်ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

Prefabricated Construction သည် သမားရိုးကျဆောက်လုပ်ခြင်းထက် သဘာဝအရင်းအမြစ်သုံးစွဲမှု၊ ပတ်ဝန်းကျင်ဆူညံမှုနှင့်ညစ်ညမ်းမှုများကို လျှော့ချနိုင်ခြင်း၊ ယေဘုယျအားဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ သုံးစွဲမှု၏ ၁၅ ရာခိုင်နှုန်းခန့်ကို လျှော့ချနိုင်ခြင်း၊ ဆောက်လုပ်သည့်ကြာမြင့်ချိန် သုံးပုံတစ်ပုံခန့် ကိုလည်း လျှော့ချနိုင်ခြင်းစသည့် အားသာချက်များရှိကြောင်း သိရှိရပါသည်။

ဟူနန်ပြည်နယ်၊ ချန်ရှမြို့၌ ၅၇ ထပ်မြင့်သည့် Prefab Building တည်ဆောက်ရာ၌ Prefab Structure ဆောက်လုပ်ရေးပစ္စည်းများ စုစည်းပြင်ဆင်သည့်အချိန်ကာလမှာ ကြာမြင့်သော်လည်း တပ်ဆင်သည့် ကာလမှာမူ ၁၉ရက်သာ ကြာမြင့်ခဲ့ကြောင်း သိရှိရပါသည်။

Prefab Building များကို ပြည်သူများ တွင်တွင်ကျယ်ကျယ် နှစ်သက်လာစေရန် အချိန်ယူရမည်ဖြစ်ကြောင်း၊ ရှင်းလင်းသည့် မူဝါဒ ပံ့ပိုးမှုဆိုင်ရာနှင့် အချို့လုပ်ငန်းများ၌ နည်းပညာတို့၌ အားနည်းနေသေးကြောင်း သိရှိရပါသည်။ Prefab Building များတည်ဆောက်ရန်အခက်အခဲတစ်ခုမှာ ကုန်ကျစရိတ်ကြီးမားခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အရေအတွက်များစွာ တည်ဆောက်မည်ဆိုပါက သမားရိုးကျ ဆောက်လုပ်သည့် ကုန်ကျစရိတ်ထက် သက်သာနိုင်ကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## တရုတ်နိုင်ငံ၏ ကုန်သွယ်မှုဆောင်ရွက်ချက်များ ပြန်လည်ဦးမော့လာ

ယခုနှစ် ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမှာ ကုန်သွယ်မှု ပမာဏ ၄ ဒသမ ၄၉ ထရီလီယံ ရှိခဲ့ပြီး ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သို့သော် ကုန်သွယ်မှုဆောင်ရွက်ချက်အနေနှင့် တိုးတက်မှုများ ရှိလာကြောင်း အကောက်ခွန်ဌာနက ပြောကြားခဲ့ပါသည်။

ဇန်နဝါရီမှ စက်တင်ဘာလအထိ ပြည်ပကုန်သွယ်မှုမှာ ယွမ် ၁၇ ဒသမ ၅၃ ထရီလီယံဖြင့် ယခင်နှစ်ထက် ၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သွင်းကုန်မှာ ယွမ် ၇ ဒသမ ၄ ထရီလီယံဖြင့် ၂ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့သော် တတိယသုံးလပတ်အတွင်း ပြန်လည်တည်ငြိမ်လာခဲ့ပြီး ယခင်နှစ်ထက် ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဆက်လက်ဖော်ပြထားပါသည်။ အကြောင်းရင်းမှာ လတ်တလောပြည်တွင်း၊ ပြည်ပဝယ်လိုအား ကျဆင်းနေသည့်အပြင် ပြည်ပကုန်သွယ်ရေး၌ ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးမှု (Trade Protectionism)၊ ဈေးကွက်ဝင်ရောက်မှုလမ်းကြောင်း ကန့်သတ်ချက်များ (Limited Market Channel) နှင့်ဆောင်ရွက်မှုစရိတ်စက ကြီးမြင့်မှု (Rising Operational Cost) အခက်အခဲများကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် အစိုးရအနေဖြင့် ပြည်တွင်းကုမ္ပဏီများအား အခွန်အခ လျှော့ချပေးခြင်း၊ အဆင့်မြင့် နည်းပညာသုံးကုန် ထုတ်လုပ်ငန်းများအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ စွမ်းဆောင်ရည်တိုးမြှင့်အောင် ဆောင်ရွက်ပေးခြင်း အပြင် Belt & Road လမ်းကြောင်း တစ်လျှောက်နိုင်ငံများနှင့် ကုန်သွယ်မှု တိုးမြှင့်ခြင်းစသည်တို့ကို ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။ တရုတ် ငွေကြေးတန်ဖိုး ကျဆင်းနေခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် အကျိုးရှိစေသော်လည်း ပြည်ပမှတင်သွင်းသည့် ကုန်ထုတ်လုပ်မှုပစ္စည်းများ (Imported cost of production materials) ၏ တန်ဖိုး ကြီးမြင့်လာစေပါသည်။

Belt & Road လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများသို့ ပို့ကုန် တင်ပို့မှုအနေဖြင့်ကြည့်ပါက ဇန်နဝါရီမှ စက်တင်ဘာအထိ တိုးတက်မှုများ ရှိခဲ့ပါသည်။ ဥပမာ ပါကစ္စတန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ၁၄ ဒသမ ၉ ရာခိုင်နှုန်း၊ ရုရှားသို့ ၁၄ ရာခိုင်နှုန်း၊ ပိုလန်သို့ ၁၁ ဒသမ ၇ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်သို့ ၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် အိန္ဒိယသို့ ၇ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ပါသည်။ သို့သော် အဓိကဈေးကွက်ဖြစ်သည့်အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တတိယမြောက် အကြီးဆုံးဈေးကွက်ဖြစ်သည့် အာဆီယံနိုင်ငံများသို့ တင်ပို့မှုမှာလည်း ၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ယခုအချိန်အထိ လျှပ်စစ်ပစ္စည်း၊ အဝတ်အထည်နှင့် ကလေးကစားစရာပစ္စည်းစသည့်ကုန်စည်များသည်တရုတ်၏ အဓိကပို့ကုန်များဖြစ်နေသေးကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## [illegible]

ထိုင်းအစိုးရ၏ အသုံးစရိတ်များ တိုးမြှင့်မှုကြောင့် ၂၀၁၆ ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ၂ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ယခင်က ခန့်မှန်းခဲ့ရာမှ ယခုအခါ ၃ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဟု ကမ္ဘာ့ဘဏ်က တိုးမြှင့်ခန့်မှန်းခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်ခြင်း၊ အစိုးရ၏ စီးပွားရေးစေ့ဆော်မှုများနှင့် ပုဂ္ဂလိကစားသုံးမှု တိုးတက်ခဲ့သဖြင့် ပထမနှစ်ဝက်တွင် စီးပွားရေးတိုးတက်မှု ရရှိခဲ့ပါသည်။

သို့သော် ပို့ကုန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုသည် အားနည်းနေဆဲဖြစ်ပါသည်။ ဒုတိယနှစ်ဝက်တွင်လည်း စီးပွားရေး သည် ဆက်လက်တိုးတက်မည်ဖြစ်ရာ အစိုးရ၏ အသုံးစရိတ်များပေါ်တွင် လုံးဝမှီခိုမှုရှိနေသဖြင့် ကဏ္ဍတိုင်း၌ အသုံးစရိတ်များကို မြှင့်တင်ရန်အတွက် အစိုးရ၏ စီမံခန့်ခွဲမှုသည် အလွန် အရေးကြီးပါသည်။ တတိယသုံးလပတ်တွင် အစိုးရ၏အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုနှုန်းသည် ဒုတိယ သုံးလပတ် ထက်လျော့နည်းခဲ့ခြင်း၊ တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးတည်ငြိမ်မှုမရှိခြင်း၊ ထိုင်းနိုင်ငံ၏ နိုင်ငံရေး တည်ငြိမ်မှု ကျဆင်းနိုင်သည့် အလားအလာရှိခြင်း၊ အစိုးရ၏ အသုံးစရိတ်များ ကျဆင်းနိုင်ခြင်း၊ စားသုံးသူနှင့်ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုများ ကျဆင်းနိုင်ခြင်းစသည့် အချက်များသည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ထိခိုက်နိုင်သည့် အချက်များဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏စီးပွားရေးပညာရှင် မစ္စတာ ကီယာတီပွန် ကပြော ကြားခဲ့ပါသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ထိုင်းနိုင်ငံတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ခရီးသွားလုပ်ငန်း၏ တိုးတက်မှုနှုန်း နှေးကွေးသွားသော်လည်း ဒုတိယနှစ်ဝက်တွင် တရုတ်နိုင်ငံနှင့် အီးယူသို့ ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် တိုးတက်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာ့ဘဏ်၏လေ့လာချက်အရ ထိုင်းနိုင်ငံတွင် ကျွမ်းကျင်လုပ်သားရှား ပါးလျက်ရှိပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကျဆင်းခြင်းနှင့်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ အပေါ် ယုံကြည်မှု အားနည်းခြင်းတို့သည် ထိုင်းနိုင်ငံ၏ စီးပွားရေး ကျဆင်းမှုအပေါ် ညွှန်ပြနေသည့်အချက်များပင်ဖြစ်သည်။ ထို့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့သော်လည်း နောက်ထပ် တစ်ဖန် နိုင်ငံရေး မတည်မငြိမ်ဖြစ်လာမည်ကို ပုဂ္ဂလိက ကဏ္ဍက စိုးရိမ်မကင်း ရှိကြသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## အမေရိကန်နိုင်ငံမှ ကမ္ဘာ့နိုင်ငံများသို့ ဒစ်ဂျစ်တယ်တွဲဖက် ဝန်ထမ်း တိုးချဲ့ခန့်ထားရန်ရှိ

အမေရိကန်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်အတွင်း ဒစ်ဂျစ်တယ် ဝန်ဆောင်မှုအစီအစဉ် ဆောင်ရွက်နိုင်ရန် ဒစ်ဂျစ်တယ်တွဲဖက်ဝန်ထမ်း နှစ်ဆ တိုးချဲ့ခန့်ထားရန် ရှိကြောင်း ဆီလီကွန်ဗယ်လီတွင် ပြုလုပ်သည့် အင်တာနက်အသင်း၏ ဒုတိယနှစ်ပတ်လည်ညီလာခံတွင် ထည့်သွင်း ပြောကြားခဲ့ကြောင်းနှင့် ယခုနှစ် အစောပိုင်းတွင် အရှေ့တောင်အာရှနိုင်ငံများ၊ ဘရာဇီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီးယူ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သို့ စမ်းသပ်စေလွှတ်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ဒစ်ဂျစ်တယ်တွဲဖက်ဝန်ထမ်း အစီအစဉ်သည် ၂၁ ရာစု ဒစ်ဂျစ်တယ်ဆိုင်ရာ ကုန်သွယ်မှုအတားအဆီးများအား ကျော်လွှားစေရန် ရည်ရွယ်သည့် အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဘက်စုံမဟာဗျူဟာ ဖြစ်ကြောင်း၊ ကမ္ဘာ့အီလက်ထရွန်းနစ် ကုန်သွယ်ရေးလမ်းကြောင်းတွင် အမေရိကန်စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါ ဝန်ထမ်းများအား စွမ်းအားစုအရင်းအမြစ်များသဖွယ် အသုံးပြု၍ ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဝန်ထမ်းများမှ ပြည်ပဈေးကွက်များ၏ ဒစ်ဂျစ်တယ်မူဝါဒနှင့် စည်းမျဉ်းနည်းဥပဒေဆိုင်ရာကိစ္စများအား လမ်းညွှန်ပြသနိုင်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။

အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စိစစ်သုံးသပ်မှု၊ လုပ်ငန်းများ၏ စိတ်အားထက်သန်မှုတို့အပေါ် မူတည်၍ ကမ္ဘာ့ဈေးကွက်ခြောက်ခုမှ ၁၂ ခုအထိ တိုး မြှင့်ရန်ရှိပြီး နေရာဒေသဆုံးဖြတ်ချက်ကိုမူ အဆိုပါအစီအစဉ်၌ ပါဝင်ပတ်သက်သူများ၏ သဘောထားအပေါ် မူတည်၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရှိရသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

Vol: 16, No.40 Monday October 24 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၄–၁၀–၂၀၁၆)

မြင့်ဆွေ

## ပြည်ဈေးကွက်မှာပဲတီစိမ်း ဈေးတက်ပြီး ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ပဲတီစိမ်းက တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီက ဈေးကျပြီး မတ်ပဲနဲ့ ကုလားပဲဖြူ(လုံးကြီး)က ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကို ၁၂၂၅ကျပ် မှ ယခုတစ်ပတ်မှာ တစ်ပိဿာကိုကျပ် ၁၄၀၀ (တစ်တန် ၈၅၇၃၄၆ ကျပ်) အထိဈေးရပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာကို ၁၆၇၅ ကျပ်မှ ယခုတစ်ပတ်မှာ ၁၆၅၀ကျပ် (တစ်တန် ၁၀၁၀၄၄၄ ကျပ်) ဖြင့် ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်ကရောင်းဈေးအတိုင်း မတ်ပဲ တစ်ပိဿာကို ၂၂၇၅ကျပ် (တစ်တန် ၁၃၉၃၁၈၇ ကျပ်)၊ ကုလား ပဲဖြူ(လုံးကြီး) တစ်ပိဿာကို ၂၁၇၅ ကျပ် (တစ်တန် ၁၃၃၁၉၄၈ ကျပ်ဈေးနဲ့ ယခုတစ်ပတ်မှာ ဆက်လက်ရောင်းချခဲ့ပါတယ်။ ဈေး ကွက်အတွင်း ဘုရင့်နောင်ဝယ်လက်များ ဝယ်ယူမှုနည်းသဖြင့် ပဲတီစိမ်းမှအပကျန်ပဲများ အရောင်းအဝယ်အေးနေပြီး ပဲမျိုးစုံနေ့စဉ် အိတ် ၈၀၀ ကျော်ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျဆင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ၃၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၃၂၀ကျပ် (တစ်တန် ၁၉၅၉၆၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ပြီး တစ်ပတ်အတွင်း ပိဿာချိန် ၁၂၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုရောင်းချနေတဲ့ပြောင်းများက ပြောင်းသစ်များဖြစ်တာကြောင့် ဝယ်လှောင်တဲ့သူ မရှိသေးတဲ့အတွက် ဈေးအနည်းငယ်ကျတာလို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ် ကျဆင်း

ယခုတစ်ပတ် တောင်ကြီး ဈေးကွက်မှာ ပြောင်းဈေးကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကို ကျပ် ၃၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၉၀ကျပ် (တစ်တန် ၁၇၇၅၉၅ ကျပ်) ဖြင့် ဈေးအနည်းငယ် ကျခဲ့ပါတယ်။ ပြောင်းဈေးကျဆင်းခဲ့ပေမယ့် ရောင်းချရတဲ့ပမာဏက ပိဿာ၁၄၀၀၀၀ ကျော်ရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်ကထက် ရောင်းအား ပိုမိုခဲ့ပါတယ်။ ပြောင်းများကို အစာစပ် စက်ရုံနဲ့ မန္တလေးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေရတယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် အိန္ဒိယသို့ မတ်ပဲများ ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ပြီး အဝယ်လိုက်နေတာကြောင့် မတ်ပဲဈေးတက်လာပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ/RC တစ်တန်ကိုကျပ် ၁၄၀၄၀၀၀မှ ယခုတစ်ပတ်မှာကျပ် ၁၄၅၁၀၀၀ အထိဈေးတက်လာပါတယ်။ မတ်ပဲ FAQ/RC တစ်တန်ကို ယခင်တစ်ပတ်ကကျပ် ၁၄၉၂၀၀၀ ဈေးမှ ယခုတစ်ပတ်မှာ တစ်တန်ကိုကျပ် ၁၅၂၄၀၀၀ အထိတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်ကတစ်တန်ကိုကျပ်၁၀၀၀၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၀၅၂၅၀၀ အထိဈေးတက်လာတယ်လို့သိရပါတယ်။

××××××××××××××××

## ယခုတစ်ပတ်မူဆယ်ဈေးကွက်တွင် ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာပြောင်းဈေးက ယခင်တစ်ပတ်ရောင်းဈေးအတိုင်းဆက်လက်ရောင်းချခဲ့ပါတယ်။ ပြောင်း ၅၀ ကီလိုတစ်အိတ်ကို ၇၁ ယွမ်မှ ၇၆ ယွမ် (တစ်တန် ၁၄၂၀ ယွမ်မှ ၁၅၂၀ ယွမ်)နဲ့ ယခင်တစ်ပတ် ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မူဆယ်ကုန်စည်ဒိုင်သို့ ပြောင်းတန်ချိန် ၂၅၁၅၆ တန် ဝင်ရောက်လာသော်လည်း တစ်ဖက်နိုင်ငံမှ အဖမ်းအဆီးများကြောင့် အရောင်းအဝယ် မဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးကျဆင်း

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ်ကျဆင်းပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းဖြစ်နေပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၂၂၆၅ကျပ် မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၆၀ကျပ် (တစ်တန် ၁၃၈၄၀၀၀ ကျပ်)နဲ့ ရောင်းချခဲ့ပါတယ်။ ဘုရင့်နောင်ဈေးကွက်သို့ ပုံမှန်တင်ပို့နေရပြီး တစ်နေ့ကို အိတ် ၁၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၃၃၀ကျပ် (တစ်တန် ၂၀၂၀၈၉ ကျပ်)နဲ့ ဆက်လက်ရောင်းချပြီး အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ(လုံးကြီး) ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ (လုံးကြီး)တို့ ဈေးတက်လာပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာကို ၁၅၈၀ကျပ် မှယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၆၅၀ကျပ်(တစ်တန် ၁၀၁၀၄၄၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူ(လုံးကြီး)က ယခင်တစ်ပတ်က တစ်ပိဿာကို ၂၁၆၀ကျပ် နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၂၆၀ကျပ် (တစ်တန် ၁၃၈၄၀၀၀ ကျပ်) အထိ ဈေးတက်လာပါတယ်။ ယခုတစ်ပတ် ပခုက္ကူဈေးကွက်အတွင်း အခြားပဲများက အနည်းငယ်သာ ရောင်းချနေပြီး ပဲဈေးကွက် တစ်ခုလုံး အရောင်းအဝယ်ငြိမ်နေတယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းဖြူနဲ့နှမ်းနီတို့ဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းတို့ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းဖြူနဲ့နှမ်းနီတို့ ဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းတို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာကို ၂၁၀၀ကျပ် မှ ယခုတစ်ပတ်မှာ ၂၁၈၀ကျပ် အထိဈေးတက်ခဲ့ပါတယ်။ နှမ်းနီတစ်ပိဿာကို ယခင်တစ်ပတ်က ၂၀၇၀ကျပ် မှ ယခုတစ်ပတ်မှာ ၂၀၉၀ကျပ်နဲ့ ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နှမ်းနက်ကယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ၂၇၃၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းညိုဈေးကွက်မှာ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ၁၄၇၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ၃၄၄၅ကျပ်နဲ့ ယခုတစ်ပတ်မှာ ဆက်ရောင်းခဲ့ပါတယ်။ နှမ်းမျိုးစုံကို တရုတ်သို့တင်ပို့ရန်အတွက် အဓိကဝယ်နေပြီး ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံအိတ် ၁၁၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးကွက်မှာ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာ ၁၆၅၀ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၅၇၅ကျပ် (တစ်တန် ၉၆၄၅၁၄ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်မှာ တစ်ပိဿာကို ၁၂၄၀ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၂၁၀ကျပ် (တစ်တန် ၇၄၀၉၉၂ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ကုလားပဲဈေးက ယခင်တစ်ပတ်အတိုင်း တစ်ပိဿာကို ၂၁၀၅ ကျပ် (တစ်တန် ၁၂၈၉၀၈၁ ကျပ်) နဲ့ ဆက်ရောင်းနေပြီး တစ်ရက် ကို ပဲမျိုးစုံ အိတ် ၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းဈေးမြင့်တက်ပြီး ပဲဈေး ကျဆင်း

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းဈေးတက်ပြီး ပဲဈေးကျလာပါတယ်။ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာကို ၂၀၄၄ကျပ်မှ ယခုတစ်ပတ်မှာ ၂၀၅၆ကျပ်အထိဈေးတက်လာပါတယ်။ နှမ်းနက်ရိုးရိုးကို ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၇၈ ကျပ် နဲ့ ရောင်းရာမှ ယခုတစ်ပတ်မှာ ၂၇၇၈ကျပ်အထိ ဈေးတက်ခဲ့ပါတယ်။ သိပ္ပံနှမ်းကတော့ ယခင်တစ်ပတ်ကအတိုင်း တစ်ပိဿာ ၃၅၁၁ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပြည်ပဝယ်လက်နှင့် ဆီစက်များမှ ဝယ်ယူခဲ့တဲ့အတွက် အောင်လံဈေးကွက်အတွင်း နှမ်းဈေးမှာ အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင် တစ်ပတ်မှာ တစ်ပိဿာကို ၁၆၅၀ကျပ် မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၆၂၅ ကျပ် (တစ်တန်ကို ၉၉၅၁၃၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာကို ၁၄၂၅ ကျပ်မှ ယခုတစ်ပတ်မှာ ၁၃၇၅ကျပ် (တစ်တန် ၈၄၂၀၃၆ ကျပ်) အထိဈေးကျခဲ့ပါတယ်။ ကုလားပဲ ဟော်လန်က ယခင်တစ်ပတ်မှာ တစ်ပိဿာကို ၂၁၇၅ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၁၂၅ကျပ်(တစ်တန် ၁၃၀၁၃၂၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ပြီး နေ့စဉ်အိတ် ၆၀၀ ကျော် ရောင်းချခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျ

ယခုတစ်ပတ် မန္တလေး ဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲတီစိမ်းက ယခင်တစ်ပတ် ဈေးအတိုင်း ဆက်လက်ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကို ၂၃၆၇ ကျပ် နဲ့ ရောင်းချခဲ့ရာမှ ယခုတစ်ပတ်မှာကျပ် ၂၃၀၀ (တစ်တန် ၁၄၀၈၄၉၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်ရောင်းဈေးဖြစ်တဲ့ တစ်ပိဿာကို ၁၅၆၄ ကျပ်(တစ်တန် ၉၅၇၇၇၈ ကျပ်)အတိုင်း ယခုရက်သတ္တပတ်မှာလည်း ဆက်လက်ရောင်းချ ခဲ့ပါတယ်။ နေ့စဉ်ပဲမျိုးစုံ အိတ် ၁၅၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် နှမ်းနက်စမုံဈေးကွက်ထဲဝင်လာပြီး တစ်ပိဿာကို ၃၆၆၇ ကျပ်နဲ့ နေ့စဉ်အိတ် ၅၀၀ ကျော် ရောင်းချခဲ့ ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း နှမ်းနက်စမုံက ပြည်ပ ဝယ်လက်နှင့် ဆီစက်များမှ ဝယ်ယူသဖြင့် အရောင်းအဝယ် သွက်နေကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ကုလားပဲဖြူ(လုံးကြီး)၊ ပဲစင်းငုံနီနဲ့ မတ်ပဲတို့ ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ကုလားပဲဖြူ (လုံးကြီး)၊ ပဲစင်းငုံနီနဲ့ မတ်ပဲတို့ ဈေးတက်ခဲ့ပြီး ပဲတီစိမ်းက ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူ (လုံးကြီး) တစ်ပိဿာကို ၂၁၈၄ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၂၈၉ကျပ် (တစ်တန် ၁၄၀၁၇၆၁ ကျပ်) အထိ ဈေးတက်ခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာကို ၁၅၈၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၇၀၀ကျပ် (တစ်တန် ၁၀၄၁၀၆၃ ကျပ်)နဲ့ မတ်ပဲတစ်ပိဿာကို ၂၁၀၀ကျပ်မှယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၁၂၅ကျပ် (တစ်တန် ၁၃၀၁၃၂၉ ကျပ်)အထိ အသီးသီး ဈေးနှုန်းမြင့် တက်ခဲ့ပါတယ်။ ဒါပေမယ့် ပဲတီစိမ်းက ယခင်တစ်ပတ်က တစ်ပိဿာကို ၁၄၇၄ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၄၄၇ကျပ် (တစ်တန် ၈၈၆၁၂၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကျဆင်းခဲ့တယ်လို့သိရပါတယ်။

Vol: 16, No.40 Monday October 24 2016

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ကုန်အမယ်စုံ တန်၅၀ကျော်တင်ပို့

မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေး စခန်းမှ တစ်ဖက်နိုင်ငံသို့ အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ် အတွင်း အမေ ရိကန်ဒေါ်လာ သုညဒသမ ၀၁၉ သန်း တန်ဖိုးရှိပြည်ပပို့ကုန် အမယ်စုံ တန် ၅၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂သန်း တန်ဖိုးရှိမန်ကျည်းစေ့ တန်၃၀၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄သန်း တန်ဖိုးရှိ ဆီးယိုထုတ် ၁၂တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၃ သန်း တန်ဖိုးရှိ ပိတ်စ ၁၃ တန်တို့ ဖြစ်တယ်။

ယခင်တစ်ပတ်က တန်၈၀ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၃၀ကျော် လျော့နည်းတင်ပို့ ခဲ့တယ်လို့ သိရပါတယ်။ ယင်းသို့ လျော့ နည်းရခြင်းမှာ ယခုတစ်ပတ်မှာ ရေချိုငါးနဲ့ ငါးခေါင်းပွများ တင်ပို့နိုင်ခြင်း မရှိ တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ဆက်လက်ကျဆင်း

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ- အိန္ဒိယနယ်စပ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉၃ သန်း တန်ဖိုးရှိ ကွမ်းသီးတန်ချိန် ၁၃၀၀ နီးပါး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၁၅၀၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၂၀၀ ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

တင်ပို့မှု အခြေအနေကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေ ရိကန်ဒေါ်လာ သုညဒသမ ၅၉၄ သန်းတန်ဖိုးရှိ ကွမ်းသီးတန်ချိန် ၆၀၀ ကျော်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၉၉ သန်းတန်ဖိုးရှိ ကွမ်းသီးတန်ချိန် ၆၀၀ ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ကွမ်းသီးအပြင် ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေ ရိကန်ဒေါ်လာ သုညဒသမ ၄၈၂သန်းတန်ဖိုးရှိမုန့်မျိုးစုံ၊ စီးကရက်၊ ပလပ် စတစ်အိတ်၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ဆေးရိုး၊ ငါးသေတ္တာ၊ ဆေးကြေမှုန့်တို့ကို တန် ၈၀၀ တင်ပို့ခဲ့ပြီး တမူးကုန် သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၄၀ သန်းတန်ဖိုးရှိစီးကရက်၊ နမ့်ဖာလုံကုန်စုံ၊ ငါးလေးခြောက်နဲ့ အုန်းသီးတို့ကို တန် ၈၀ ကျော်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## ချင်းရွှေဟော်မှ သကြားပိုမိုတင်ပို့သော်လည်း မူဆယ်မှ လျော့နည်းတင်ပို့

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အတွင်း ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၂၈၃၁၁၂ တန်ဖိုးရှိ သကြား ၅၁၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ သကြား ၂၂၃ တန်နဲ့ နှိုင်းယှဉ်ရင် တန် သုံးရာနီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်၊ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၆၅ သန်း တန်ဖိုးရှိ သကြား ၁၉၈၄၁ တန် တင်ပို့ခဲ့ ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၃၇၃၃၀ နဲ့ နှိုင်းယှဉ်ရင် တန် ၁၇၀၀ ကျော်ခန့် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ လွယ်ဂျယ် ကုန် သွယ်ရေးစခန်းကလည်း ၂၅၃၂၇၅ တန်ဖိုးရှိ သကြားတန် ၄၆၀ ကျော် တင်ပို့ ခဲ့ပါတယ်။ ယခုတစ်ပတ် တွင် ပြည်တွင်းသကြားဈေးမှာ တစ်တန် ကျပ် ၉၁၁၄၀၀ ဈေး ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုမီတာ တစ်အိတ်လျှင် ၂၄၄-၂၄၅ ယွမ်ဈေး ရရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါ တယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေး ဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၁၄၄၉၈၀၀ တန်ဖိုးရှိ သကြား ၂၆၃၆ တန် တင်သွင်း ခဲ့ပါတယ်။ ၈ ရက်မှ ၁၄ ရက် သီတင်းပတ် အတွင်းသီတင်းကျွတ်ပွဲတော်ကြောင့် ရန်ကုန် ဈေးကွက်မှာ သကြား တစ်ပိဿာကို ၁၃၅၀-၁၄၅၀ ကျပ် ဈေးရှိ တယ်လို့ သိရပါတယ်။

မော်မော်အောင်

## ပြည်ပမှ ဆိုင်ကယ်မျိုးစုံ ဝင်ရောက်မှုများလာ

အောက်တိုဘာ ၈ရက်မှ ၁၄ရက် အထိ ရက်သတ္တပတ် အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေး ဇုန်နဲ့ ကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၅ဒသမ ၈၆၉သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၁၀၇၉ စီးကို တင်သွင်း ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၇၃၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၃၄၇ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါ တယ်။

ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများရဲ့ တင်သွင်းမှု အခြေအနေကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန် မှ အမေရိကန်ဒေါ်လာ ၃ဒသမ ၁၄၄သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၃၁၉စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၂ဒသမ ၅၁၈သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၅၈၆ စီး၊ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၀၇ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၇၄စီးကို တင်သွင်းခဲ့တယ်လို့ သိရ ပါတယ်။

ယခုတစ်ပတ်မှာ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်း၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ တာချီလိတ် ကုန်သွယ် ရေး စခန်းများမှ ဆိုင်ကယ် တင်သွင်းမှု မရှိပေမယ့် မူဆယ် ကုန်သွယ်ရေးဇုန်၊ မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ် ရေးစခန်းများမှ ဆိုင်ကယ်များ ပိုမိုတင်သွင်း လာတဲ့အတွက် ယခင်တစ်ပတ်ထက် ပိုမိုရခြင်း ဖြစ်တယ်လို့ သတင်းရရှိပါ တယ်။

ခင်မိုးသူ

## ထိုင်းနယ်စပ်မှရေထွက်ကုန်တန်ချိန် ၅၀၀၀ ကျော်တင်ပို့

အောက်တိုဘာလ ၈ ရက်မှ ၁၄ ရက် အထိ ရက် သတ္တ ပတ် အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၂၁ သန်းတန်ဖိုးရှိ ရေထွက် ကုန်တန်ချိန် ၅၀၀၀ ကျော်ကို ထိုင်းနိုင်ငံ သို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၄၀၀၀ ကျော်သာ တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၆၀၀ ကျော် ပိုမိုတင်ပို့နိုင်တယ်လို့သိရပါတယ်။

ရေထွက်ကုန်များတင်ပို့မှု အခြေ အနေကိုကြည့်ပါက မြဝတီကုန်သွယ် ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို တန်ချိန် ၁၃၀ ကျော် ကော့သောင်းကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၂၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ အခြားရေ ထွက်ကုန် ရေဘဝဲ၊ ကင်းမွန်၊ ပင်လယ် ငါးရှဉ့်၊ ပုစွန်၊ ကဏန်း တို့ကိုတန်ချိန် ၁၆၀၀ ကျော်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၁၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ ငါးအသားလွှာ၊ ရေငန်ပုစွန်၊ သဲကဏန်း တို့ကို တန်ချိန် ၃၀၀၀ ကျော် အသီးသီး တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်း များမှ သတင်းရရှိပါတယ်။

ခင်မိုးသူ

## မူဆယ်ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ လျော့နည်း တင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၃၅၈ တန်ကျော် ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၆ သန်း တန်ဖိုးရှိ ရေထွက် ကုန် ၁၃၉၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရေထွက်ကုန်တန် ၃၀ ခန့်၊ တန်ဖိုးအနေနဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၉ သန်း လျော့နည်းခဲ့ပါတယ်။ ငါးဆားနယ်၊ ပုဇွန်ခြောက်မှုန့်၊ ငါးမှုန့်၊ ကဏန်း၊ ငါးပူတင်း အရေခွံခြောက်တို့ တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ရေထွက်ကုန် တင်ပို့မှုမှာ တန်ချိန်ရော တန်ဖိုးပါ လျော့နည်းခဲ့ရကြောင်း သိရပါတယ်။ တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ၁၈၀၀၀ ယွမ်နဲ့ ကဏန်းတစ်လျှင် ၅၄၀၀၀ ယွမ်ဈေးရရှိခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

မော်မော်အောင်

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ဝဥခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၀ သန်းတန်ဖိုးရှိ ဝဥခြောက် ၈၆ တန်ခွဲကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့သလို မြန်မာ- ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ် ရေးစခန်းမှတစ်ဆင့် အမေရိကန် ဒေါ်လာ ၁၉၂၇၇ တန်ဖိုးရှိ ဝဥခြောက် တန် ၂၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ ပါတယ်။ ယခင်သီတင်းနှစ်ပတ်က ဝဥ ခြောက် တင်ပို့မှုမရှိခဲ့ပေမယ့် အောက် တိုဘာ တတိယပတ်မှသာ တရုတ်နိုင်ငံ သို့ ၁၇ တန်ခွဲ တင်ပို့ခဲ့တာ ဖြစ်ပါတယ် ဝဥခြောက် တစ်တန်ကို မိမိဘက်ပေါက် ဈေး ကျပ် သိန်း ၂၀ ခန့်ရှိကြောင်း၊ ဝဥ ပင်ဟာ ဇွန်၊ ဇူလိုင်မှာ စတင်ပေါ်ကာ နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာ ရာသီကုန် ကြောင်း၊ တရုတ်နိုင်ငံမှာ တရုတ်ရိုးရာ တိုင်းရင်းဆေးဖော်စပ်ဖို့ ကုန်ကြမ်း အနေနဲ့ရော၊ စားသောက်ကုန်လုပ်ငန်း တွေမှာပါ အသုံးပြုကြောင်း သိရပါ တယ်။

မော်မော်အောင်

## ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန် သွယ်ရေးဇုန်မှ အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၆ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၄ မျိုးကို တန်ချိန် ၉၀၀ ကျော်အထိ တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ တောချင်း၊ ချင်းခြောက်၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ကွမ်းသီးခွံ၊ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ ဆေးမြင်းခွာ၊ စမုံနက်၊ နနွင်းတက်၊ ချဉ်ပေါင်ဖာလာ၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့နဲ့ နေလဲစေ့ တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန် ၉၀၀ ကျော် တင်ပို့ခဲ့တာကြောင့် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေးတင်ပို့မှု ပုံမှန်ရှိတယ်လို့ ဆိုရပါမယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်း တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်ကျော် တင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။

မော်မော်အောင်

# ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှု စည်းမျဉ်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ခွင့်ပြုပေးလျက်ရှိ

နိုင်ငံတကာကုန်သွယ်ရေး လောက၌ ကုန်စည်ကူးသန်း ရောင်းဝယ်ရာတွင် စနစ်တကျ ရှိစေရေးအတွက် ကူးသန်းရောင်းဝယ်ရေး ပြဋ္ဌာန်းချက်များကို နိုင်ငံတကာ ကုန်သည်ကြီးများအသင်း (International Chamber of Commerce)က သတ်မှတ်ပြဋ္ဌာန်းထားတဲ့ INCOTERMS များနဲ့အညီ လုပ်ဆောင်လျက် ရှိပါတယ်။

နိုင်ငံတကာ ကုန်သည်ကြီးများအသင်းက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ INCOTERMS (International Commercial Terms) ဆိုတာကတော့ ပြည်တွင်းပြည်ပ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် နိုင်ငံတကာမှာ တစ်ပြေးညီ နားလည်လိုက်နာရန် အခေါ်အဝေါ် အသုံးအနှုန်းများနဲ့ စည်းမျဉ်းစည်းကမ်းများကို ဆိုလိုပါတယ်။

အဲဒီ INCOTERMS ကို ၁၉၃၆ ခုနှစ်မှ စတင်ပြီး သတ်မှတ်ခဲ့ပေမယ့် ၁၉၆၇၊ ၁၉၇၆၊ ၁၉၈၀၊ ၁၉၉၀၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၀ ခုနှစ်တွေမှာ ကမ္ဘာ့ကုန်သွယ်မှု ကဏ္ဍ တိုးတက်ဖြစ်ပေါ်မှုနဲ့အညီ လိုက်လျောညီထွေရှိစေဖို့လိုအပ်သလို ပြင်ဆင် ဖြည့်စွက် ထုတ်ပြန်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ အကျိုးသက်ရောက်လျက်ရှိပြီး ယခုအချိန်အထိ ကျင့်သုံးလျက်ရှိတဲ့ Incoterms 2010 မှာ FOB, FAS, CFR, CIF, EXW, FCA, CPT, CIP, DAT, DAP, DDP ဆိုပြီး Incoterms (၁၁)မျိုး သတ်မှတ်ထားတာကို အများသိရှိပြီးဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့လည်း မိမိကုန်သည် လုပ်ငန်းရှင်များအား နိုင်ငံတကာ နည်းစနစ်နဲ့အညီ ရောင်းဝယ်နိုင်စေဖို့ Incoterms စနစ်အားလုံးကို အသုံးပြုပြီး ကုန်သွယ်ခွင့် ပြုပေးလျက်ရှိပါတယ်။

လက်ရှိကာလ ကုန်သွယ်မှုအားလေ့လာကြည့်ရာမှာ ကုန်သည် လုပ်ငန်းရှင်များအနေနဲ့ ယခင်က ပို့ကုန်တင်ပို့ရာမှာ FOB စနစ်၊ သွင်းကုန် တင်သွင်းရာမှာ CIF စနစ်နဲ့သာ အများဆုံးအရောင်းအဝယ် ပြုလုပ်ကြရာမှ နှစ်နိုင်ငံကုန်သွယ်ဖက် လုပ်ငန်းရှင် အချင်းချင်း ယုံကြည်မှု ခိုင်မာလာခြင်း၊ Global Supply Chain တစ်လျှောက် တိုးတက်ကျယ်ပြန့်လာတဲ့ ကုန်သွယ်မှု အခြေအနေများနဲ့အညီ FOB, CIF, CFR, CIP, CPT, DDP စတဲ့ စနစ်များကို စုံလင်စွာ အသုံးပြုပြီး အရောင်းအဝယ်ပြုလုပ်လာတာ တွေ့ရပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးက ကုန်သည်များအနေနဲ့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်သွယ်မှု ဆောင်ရွက်ကြရာမှာ ပင်လယ်ရေကြောင်းမှ လည်းကောင်း၊ လေကြောင်းမှ လည်းကောင်း၊ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း ဆောင်ရွက်ကြပါတယ်၊ ဒီလိုဆောင်ရွက်ရာမှာ WTO က သတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်တွေကို လိုက်နာရသလို နှစ်နိုင်ငံလုပ်ငန်းရှင်များ အချင်းချင်း Sale Contract အရ စာချုပ်ချုပ်ဆို ဆောင်ရွက်မှုတွေလည်း လုပ်ရပါတယ်။

နှစ်နိုင်ငံက ကုမ္ပဏီအချင်းချင်း ကုန်သွယ်မှုပြုလုပ်ရာမှာ Supply Chain တစ်လျှောက် လုပ်ငန်းဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်များကို လုပ်ကိုင် ဆောင်ရွက်ရာမှာ နိုင်ငံတကာက အသိအမှတ်ပြုလက်ခံ အသုံးပြုနေတဲ့ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေအတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကုန်သည် လုပ်ငန်းရှင်များအနေနဲ့ ပြည်ပနိုင်ငံများနဲ့ ကုန်သွယ်မှုပြုရာမှာ မိမိအတွက် ခိုင်ခိုင်မာမာနဲ့ ပိုမိုအကျိုး ဖြစ်ထွန်းစေမယ့် ကုန်သွယ်မှု စနစ်များကို လေ့လာ အသုံးပြုသွားကြဖို့ လိုအပ်လှပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

**မြတ်မျိုးနွယ်**

## ရက်သတ္တပတ်အတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၃၃ သန်းကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၄ ဒသမ ၇၃၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၂၉၆ သန်း ရရှိအောင်ဆောင်ရွက်နိုင်တဲ့အတွက် စုစုပေါင်း ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၆၃ ဒသမ ၀၂၈ သန်းရှိခဲ့ပါတယ်။ ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁၃၃ ဒသမ ၅၆၄ သန်းဖြစ်ပြီး ထိုသို့လိုငွေပြရခြင်းမှာ ချုပ်ပြီးအဝတ်အထည်နဲ့ သဘာဝဓာတ်ငွေ့ တင်ပို့မှုလျော့နည်းခဲ့တာကြောင့် ဖြစ်ပါတယ်။

ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန် ဒေါ်လာ ၁၀၇ ဒသမ ၀၄၁ သန်းဖိုး တင်ပို့ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၄၂၈ သန်းဖိုး တင်သွင်းခဲ့တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၁၂၈ ဒသမ ၃၈၇ သန်း ဖြစ်ပါတယ်။ ကုန်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၆၉၁ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၈၆၈ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၇၇ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးအနေနဲ့ ကုန်သွယ်မှုလိုငွေမှာ ၁၃၃ ဒသမ ၅၆၄ သန်းဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၅၂ ဒသမ ၃၉၂ သန်း၊ ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၂၂ ဒသမ ၇၇၆ သန်း စုစုပေါင်း ပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၆၀၇၅ ဒသမ ၁၆၈ သန်း ဖြစ်ပါတယ်။

သွင်းကုန်တင်သွင်းမှုအနေနဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိ ကန်ဒေါ်လာ ၆၅၀၂ ဒသမ ၉၀၄ သန်း၊ ကုန်သွယ်ရေးစခန်းများမှ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၄၆၇ ဒသမ ၅၂၄ သန်း စုစုပေါင်းသွင်းကုန် တင်သွင်းမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၇၉၇၀ ဒသမ ၄၂၈ သန်း ဖြစ်ပါတယ်။ ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှု နှစ်ရပ်လုံးရဲ့ စုစုပေါင်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၀၄၅ ဒသမ ၅၉၆ သန်း ဖြစ်ပါတယ်။ **ယဉ်ယဉ်အေး**

## နယ်စပ်ဒေသများမှ လယ်ယာစိုက်ပျိုးရေးသုံးနဲ့ ကုန်စည် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်/ယန္တရားများ တင်သွင်းခွင့် ပြု၍ လုပ်ငန်းရှင်များအကျိုးရှိ



စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းမှာ ကုန် သွယ်မှုနဲ့ ဆက်စပ်နေတဲ့ အခြားကဏ္ဍများရဲ့ လုပ်ငန်းလိုအပ်ချက်အရ နယ် စပ်ဒေသများမှတစ်ဆင့် လုပ်ငန်းသုံး ယာဉ်/ ယန္တရား တင်သွင်းခြင်းအား ရပ်ဆိုင်းထားခဲ့သော်လည်း နယ်စပ်ဒေသများနဲ့ ဆက်စပ်နေတဲ့ စိုက်ပျိုးမှု၊ ဒေသထွက်ကုန် သွယ်မှုစတဲ့ လိုအပ် ချက်တွေ အရ ၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ စတင်ကာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်၊ မြဝတီ ကုန်သွယ်ရေး ဇုန်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းတို့မှ ပြန်လည် တင်သွင်းခွင့်ပြုပေးခဲ့ပါတယ်။

နယ်စပ်ဒေသများမှ ယာဉ်/ ယန္တရားများ ပြန်လည်တင်သွင်း ခွင့်ပြုခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ မေလမှ ယနေ့အထိ မူဆယ်စခန်းမှ Combine Harvester၊ Four Wheel Tractor၊ Brand New Trawllergy၊ Farm Truck စတဲ့ စိုက် ပျိုးရေး လုပ်ငန်းသုံးယာဉ် ၁၂၃၂ စီးနဲ့ စိုက်ပျိုးရေး ထွက်ကုန်တွေကို သယ်ယူ ပို့ဆောင်နိုင်တဲ့ Prime Mover၊ Dumper Truck၊ Box Truck/ Truck စတဲ့ ယာဉ်/ယန္တရား ၆၅၈၁ စီး တင်သွင်းခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။

အလားတူ မြဝတီစခန်းမှ Combine Harvester၊ Four Wheel Tractor ၁၁၁၅စီး၊ ကုန်စည် သယ်ယူ ပို့ဆောင်ရေးဆိုင်ရာ ယာဉ် ၂၃၉၈ စီး တင်သွင်းခဲ့ပါတယ်။ တာချီလိတ်/ကျိုင်းတုံ ကုန်သွယ်ရေးစခန်းတို့ကတော့ Combine Harvester၊ Four Wheel Tractor လေးစီးနဲ့ ကုန်စည်သယ်ယူ ပို့ဆောင်ရေး ယာဉ် ၁၀ စီး တင်သွင်းခဲ့တာ တွေ့ရပါတယ်။

အဆိုပါ ယာဉ်/ယန္တရားများ တင်သွင်းခွင့်ပြုရာမှာ လုပ်ငန်းမှန်ကန် မြန်ဆန်မှုရှိစေဖို့ ကုန်သွယ်ရေး ဦးစီး ဌာန၊ အကောက်ခွန် ဦးစီးဌာနနဲ့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတို့က နယ်စပ်ဒေသများမှာရှိတဲ့ ကုန်သွယ်ရေး စခန်းအသီးသီးမှာ One Stop Service စနစ်နဲ့ တစ်နေရာတည်း စစ်ဆေး ဆောင်ရွက်ပေးနေတာ ဖြစ်ပါ တယ်။

ဒ့ါအပြင် နယ်စပ်ဒေသများမှ စိုက်ပျိုးရေးသုံး/သယ်ယူပို့ဆောင်ရေးသုံး ယာဉ်/ယန္တရားများ တင်သွင်းခွင့် ရရှိတဲ့အတွက် ကွန်တိန်နာတစ်လုံးလျှင် ပျမ်းမျှယာဉ်သုံးစီးမှ ခြောက်စီးအထိ သယ်ဆောင်နိုင်တဲ့အတွက် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်မှာ ပင်လယ် ရေကြောင်းမှ တင်သွင်းတဲ့ ကုန်ကျစရိတ်ထက် အမေရိကန်ဒေါ်လာ တစ်ထောင်ခန့် သက်သာလျက်ရှိကြောင်း သိရှိရပါတယ်။ ဒ့ါအပြင် လမ်းခရီး ကြာမြင့်ချိန်မှာလည်း ပင်လယ်ရေကြောင်းမှ သယ်ယူတဲ့ အချိန်ကာလထက် တစ်လမှ ၄၅ ရက်ခန့် ပိုမို မြန်ဆန်တဲ့ အတွက် လုပ်ငန်းသုံး ယာဉ်ယန္တ ရားများကို တင်သွင်းနေတဲ့ ကုန်သည် လုပ်ငန်းရှင်တွေအနေနဲ့ ကျေနပ်နှစ်ခြိုက်လျက်ရှိကြောင်း ကြားသိရပါတယ်။

ဒ့ါကြောင့် မြန်မာနိုင်ငံ အနှံ့ အပြားမှာရှိတဲ့ စိုက်ပျိုးရေး လုပ်ကိုင်သူတွေ၊ ကုန်သွယ်မှုပြုသူတွေအနေနဲ့ ခေတ်မီ စိုက်ပျိုးရေး ယာဉ်/ယန္တရားများ၊ ဒေသထွက်ကုန် သယ်ယူပို့ဆောင်ရေး ဆိုင်ရာယာဉ်တွေကို နယ်စပ်ဒေသ ကုန်သွယ်ရေး စခန်းများမှ တင်သွင်းခွင့် ပြုထားတဲ့အတွက် လုပ်ငန်းရှင်များ၊ တင်သွင်းသူများ အပါအဝင် ပြည်သူများအတွက် အကျိုးရှိလှပါကြောင်း သတင်းရရှိပါတယ်။ **မြတ်မျိုးနွယ်**

➢ စာမျက်နှာ ( ၃ ) ပြည်ထောင်စုဝန်ကြီး ··· မှ အဆက်

Minister of State ဖြစ်သူ Mr. JAIME GARCIALEGAZPONCE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံး၊ ဧည့်ခန်းမ (၁)၌ လက်ခံတွေ့ဆုံပြီး မြန်မာ-စပိန် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ့ထွက်ကုန်ပစ္စည်းများ နိုင်ငံ တကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ နည်းပညာနှင့် အရင်းအနှီးများ ကူညီထောက်ပံ့ပေးနိုင်ရေး၊ အရည်အသွေးမြင့် နည်းပညာများကို ပိုင်ဆိုင်ထားသည့် စပိန်နိုင်ငံမှ ကုမ္ပဏီကြီးများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် နှစ်နိုင်ငံ အစိုးရများမှ ကူညီပံ့ပိုးပေး သွားရေးနှင့် စပိန်လူမျိုးများသည်လည်း ဆန်ကို စားသုံးသူများဖြစ်သည့်အပြင် ကမ္ဘာ့အကြီးဆုံး ဆန်ကုမ္ပဏီများမှာ စပိန်ကုမ္ပဏီများဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ ဆန်များတိုးမြှင့် ဝယ်ယူသွားနိုင်ရေး ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၀၉း၀၀ နာရီ အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီး ကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဒုတိယအုပ်ချုပ်ရေးမှူး H. E. Mr. Chen Gang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံး၊ အစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ စက်တင် ဘာလအတွင်း (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သလို နောင်နှစ် ပြပွဲများတွင်လည်း ကုမ္ပဏီများ ပိုမိုပါဝင် ပြသနိုင်ရေးအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# New Golden Gate (1991)

COMPANY LIMITED

Export & Import




No.46, 19th Street, Latha Township, Yangon, Myanmar.

Tel : + 951 382320, + 951 382331 Fax : + 951 382331 E-Mail: newgoldengate1991@gmail.com

website: www.agribizmm.com

# INTERCHEM

## INTERCHEM INTERNATIONAL

68/1 U MG MG LANE,KAN STREET,HLAING TOWNSHIP,YANGON,MYANMAR.

TEL: (+95-1) 524454, FAX :(+ 95-1) 501906, E-MAIL : mamyoaye@hotmail.com

BLK 198,# 01-55 BOONLAY DRIVE SINGAPORE 640198

TEL: ( 0065 ) 66388371, Fax :(0065 ) 66388371 E-mail : mamyoaye@hotmail.com

We,Interchem,have been supplying industrial chemicals in Myanmar since 1998,from Australia,China,Egypt,Indonesia,Malaysia,Singapore and Thailand.




# M.I.L

# Myanmar Intelligent Logistic Trading Co., Ltd.

## Your Satisfaction is our future





**BUSINESS SCOPE**

1. CUSTOM CLEARANCE SERVICES
2. TRUCK TRANSPORTATION
3. TRADING
4. FREIGHT FORWARDING
5. CROSS BORDER

No.16, Ground Floor, Warkhaema Street, Sanchaung Township, Myanmar.

Office: +951 502011, +959 262990524 Mobile : +959 252271277, +959 259639243 Email: wuttyee@myanmarintelligent.com

# AUNG HTOO WAI TRADING COMPANY LIMITED

## (Hotel Supplies & Furnitures)



- Hotel Banquet Chair and Table
- Banquet Table - clothes and Chair Covers (various colour and design and fabrics)
- Kitchen Equipments
- Cooking Equipments
- Bar Equipments and Accessories
- Serving and Buffet Dsplay
- Tableware and Glassware
- Houskeeping and cleaning Equipments
- Hotel Linen and Towels
- Lobby Equipments
- Guest Room Amenities

Head Office : No. 22, Aung San Stadium (North), Mingalar Taung Nyunt Township,Yangon,Myanmar. Ph : 01-256294, 09-31031021,09-795233303,09-792527792
Branch : No. (17-18), AKK Shopping Centre, Second Floor, Thingunkyun Township, Yangon, Myanmar. Ph : 09-49313513, 09-792527791
Email : aunghtoowai99@126.com, Website : www.aunghtoowai.com



## ပြောင်း

### တရုတ်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းလေးခုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၆၀ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၇၃၃၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၄၁၁၂ တန်၊ လွယ်ဂျယ်မှ ၂၁၄၆ တန်ကျော်၊ ချင်းရွှေဟော်မှ ၈၇၇ တန်ကျော်နဲ့ ကန်ပိုက်တီးမှ တန် ၂၀၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါ စခန်းလေးခုပေါင်းမှပြောင်းတန်ချိန် ၂၃၉၃၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ပြောင်းတန်ချိန် သုံးထောင်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၇ ရက်က ပြောင်းတစ်တန် ပေါက်ဈေး ၂၈၈၈၀၀ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၁၄ ရက်မှာတော့ ၂၈၂၇၂၀ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ (၅၅-၅၇) ကျပ်ရှိပြီး၊ ကားစီးရေ ၉၇၅ စီးဝင်ရောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် ပြောင်းဖူးစေ့ကို မုန့်လုပ်ရာတွင်သာမက အရက်ချက်လုပ်ငန်းတွင်လည်း အသုံးပြုကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းပြောင်းကို အစာစပ်စက်ရုံများက ဝယ်ယူ

ရှမ်းပြည်ရဲ့အဓိကထွက်ကုန်ဖြစ်တဲ့ အစေ့ထုတ်ပြောင်း/မိုးပြောင်းတွေ ဈေးကွက်မှာစပြီး ဝင်လာပါပြီ။ ပြောင်းအဟောင်းတွေကုန်ခါနီးမှာ ရေသွင်းပြောင်းတွေဝင်လာပြီး နောက်ပိုင်းအခုတော့ မိုးပြောင်းတွေစပြီး ဝင်လာပါတယ်။ ဒါကြောင့် ဈေးကွက်မှာတော့ ပြောင်းက တစ်နှစ်ပတ်လုံး အရောင်းအဝယ် ဖြစ်နေတဲ့ သီးနှံဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ကယားပြည်နယ်က အစေ့ထုတ်ပြောင်းတွေက တောင်ကြီးဈေးကွက်ကိုဝင်ပေမယ့် အခုလတ်တလောမှာတော့ အဝင်နည်းနေပါသေးတယ်။ တန်ဆောင်မုန်းမှာ အဝင်လျှိုင်လာမယ်လို့ဈေးကွက်မှ သိရပါတယ်။ အခုမှထွက်ရှိတဲ့ မိုးပြောင်းတွေကိုလည်း တိရစ္ဆာန်အစာစပ် စက်ရုံတွေက ဝယ်ယူနေသလို နှစ်စဉ်ဝယ်ယူနေကျဖြစ်တဲ့ စီပီကုမ္ပဏီကလည်း ဝယ်ယူနေပါပြီ။ အစိုဓာတ်တွေတော့ရှိနေသေးမယ့် အစိုဓာတ်ပါဝင်မှုရာခိုင်နှုန်းပေါ်မူတည်ပြီး အရောင်းအဝယ်ပြုလုပ်ကြတယ်လို့လည်း သိရှိပါတယ်။ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ အစေ့ထုတ်ပြောင်း (သစ်)က တစ်ပိဿာကို ကျပ် ၂၈၀ မှ ကျပ် ၂၉၀ ဈေးပေါက်ပြီး အဟောင်းဈေးကတော့ ကျပ် ၃၀၀ ဈေးရှိတယ်လို့ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## သီဟိုဠ်

### တရုတ်နဲ့ ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့တန် ၂၀ ကျော်တင်ပို့

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၁ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၂၁ တန်ကို မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှသာ သီဟိုဠ်စေ့ ၁၆ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ငါးတန်ကျော်ပိုမိုတင်ပို့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၂ တန်ကျော်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ရှစ်တန်ကျော်ကို အသီးသီးတင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ငှက်ပျော

### တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ - တရုတ် နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၈ရက်မှ ၁၄ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၆၀၆၄၂၅ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၅၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန်၃၀၀၀သာ တင်ပို့ ခဲ့လို့ ယခုတစ်ပတ်မှာ တစ်သျှူးငှက်ပျော တန် ၂၀၀၀ ပိုမိုတင်ပို့ခဲ့ပါတယ်။

တစ်သျှူးငှက်ပျောမှာ ဇူလိုင်၊ ဩဂုတ်တွင် ရာသီကုန်ပြီး အောက်တိုဘာလောက်မှ အပင်မျိုးပွား၍ ပြန်စိုက်ကြကြောင်း ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ တစ်ဆင့် သိရပါတယ်။

**မော်မော်အောင်**

## ပျားရည်

### ပျားရည်တန်၃၀ တရုတ်နိုင်ငံသို့ တင်ပို့

မြန်မာ့ပျားရည်ကို ပြည်တွင်းသုံးစွဲမှုထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့ ရကြောင်း၊ ပျားရည်ကို ပြည်တွင်းမှာ ဆေးဝါးအဖြစ်သာ အသုံးပြုကြပြီး ပြည်ပနိုင်ငံတွေမှာ သကြားအစား ပျားရည်ကို စားသုံးကြောင်း၊ အအေးပိုင်းနိုင်ငံတွေမှာ ပျားရည်ကို အဓိကထားပြီး သုံးစွဲကြကြောင်း ပျားလုပ်ငန်းဌာနမှ သိရပါတယ်။မြန်မာ - တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၈ရက်မှ ၁၄ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၁၀၀၀ တန်ဖိုးရှိ ပျားရည် တန်၃၀ တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာလက ပျားရည်တင်ပို့မှု မရှိဘဲ ဩဂုတ်လ အတွင်းက ၂၄တန်ခွဲ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## လက်ဖက်ခြောက်

### တာချီလိတ်မှ လက်ဖက်ခြောက် ပိုမိုတင်ပို့

အောက်တိုဘာ ၈ရက်မှ ၁၄ရက်တာကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၈၉၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၅၁တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၃ တန်သာ တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ လက်ဖက်ခြောက် ၃၈တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လက်ဖက် (အခါးခြောက်)ကို ဂျာမနီနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့အနီး ဝန်းကျင်နဲ့ တာချီလိတ်မြို့ရဲ့ တောင်တန်း၊ တောင်ကြောတွေပေါ်မှာ စိုက်ပျိုးကြပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံကို တင်ပို့ရောင်းချကြကြောင်းသိရပါတယ်။

**မော်မော်အောင်**

## ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၁၄ ရက်အထိ ရော်ဘာစိမ်း တန်လေးသောင်းရှစ်ထောင်ကျော် တင်ပို့

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၂၈၁ တန်ခန့် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၂၂ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-1 ၄ တန်၊ RSS-3 ၉၀၅ တန်နီးပါး MSR-20 ၃၆၆ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၆ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေး မှာ RSS-3 တစ်တန်ကို ကျပ် ၁၆ ဒသမ ၁၈၂ သိန်းဖြစ်ပြီး ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ကျပ် ၃၄၈၀၀ ကျဆင်းခဲ့ကြောင်းသိရှိရပါတယ်။ မော်လမြိုင်ဒေသရှိ ရော်ဘာဈေးမှာ RSS 3 တစ်တန်ကျပ် ၁၄ ဒသမ ၈၉ သိန်းနဲ့ RSS 5 တစ်တန်ကျပ် ၁၂ ဒသမ ၆၈ သိန်းရှိကြောင်း သိရှိရပါတယ်။

အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်အထိကာလအတွင်းပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုညဒသမ ၇၆၂ သန်းဖိုးရှိ ရော်ဘာ ၅၈၄တန်ကို မလေးရှား၊ ဂျပန်နဲ့ အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 ၅၃၉ တန်၊ ဂျပန်နိုင်ငံသို့ MSR-20 ၂၉ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ MSR-10 ၁၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၅၁၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ရော်ဘာစိမ်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၇၅၅ သန်းတန်ဖိုးနဲ့ တန်ချိန် ၄၈၇၉၅ ကျော်ဖြစ်ပါတယ်။ ကာလတူ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၉၇၅ တန်ကျော် ပိုမိုတင်ပို့ထားနိုင်ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း နိုင်ငံတကာရော်ဘာပေါက်ဈေး တစ်တန်လျှင် ဒေါ်လာ ၅၀ ကျော်ဈေးတက်လာကြောင်း သိရှိရပါတယ်။ဒါကြောင့်ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ တိုး၍ တင်ပို့သင့်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ခဲ့တဲ့ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀ -၁၅၀၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀ -၁၈၀၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၁၀၁၀- ၁၀၆၀ |

ယဉ်ယဉ်အေး

# ရှင်စောပုယာဉ်ရပ်နားစခန်းအား ယခုလကုန်တွင် ရပ်နားတော့မည်




ရန်ကုန်တိုင်းဒေသကြီး၊ ရှင်စောပု လမ်းပေါ်ရှိ ရှင်စောပုယာဉ်ရပ်နားစခန်းအား ယခုလကုန်တွင် ရပ်နားတော့မည် ဖြစ်ကြောင်း အဆိုပါယာဉ်ရပ်နားစခန်းအား ကန်ထရိုက်ယူထားသည့်လုပ်ငန်းရှင်က ပြောကြားခဲ့သည်။

ယခုအခါတွင် ရှင်စောပုယာဉ်ရပ်နားစခန်း၏ကန်ထရိုက်သက်တမ်းမှာ ကုန်ဆုံးသွားခဲ့ပြီဖြစ်ရာ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စခန်းဝင်းအတွင်းရှိ တစ်နိုင် တစ်ပိုင် ယာဉ်ရောင်းဝယ်သူများက အခြားယာဉ်ရပ်နားစခန်းတစ်ခုခု တည်ဆောက်ပြီးသည့်အချိန်အထိ ခေတ္တစောင့်ဆိုင်းပေးရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြခဲ့ရာ သက်ဆိုင်ရာဌာနက အောက်တိုဘာလ ၁၅ ရက်တွင် အကြောင်းပြန်ကြားမည်ဟု ဆိုခဲ့သော်လည်း ယနေ့အထိ အကြောင်းပြန်ကြား ခြင်းမရှိသေးကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါယာဉ်ရပ်နားစခန်းအား ကန်ထရိုက်ယူထားသူက ယခုလ ၂၅ ရက်တွင် ကန်ထရိုက်၏ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ကဏ္ဍများအား ရပ်နားမည်ဖြစ်ပြီး ယခုလကုန်တွင် လုံခြုံရေးနှင့် အခြားဝန်ထမ်းများကို ဖယ်ထုတ်မည့်အပြင် ကားရပ်နားစခန်းဝင်းအတွင်း တည်ဆောက်ထားသည့် ပါကင်နေရာများမှ အမိုးများကိုလည်း ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

တစ်ပိုင်တစ်နိုင်ကားရောင်းဝယ်သူ များက နေရာအတွက် အစိုးရမှ တစ်စုံတစ်ခုစီစဉ်ပေးမည်ဟု မျှော်လင့်နေကြပြီး တိကျသေချာသော ထုတ်ပြန်ချက် မထွက်လာခင်အထိ ယာဉ်ရပ်နားစခန်း ၌ ညစောင့်လုံခြုံရေးဌားရမ်းကာ ကားအစီးရေအလိုက် အခကြေးငွေ ကောက်ခံပြီး တိုင်းဒေသကြီးအစိုးရထံ ပေးသွင်းသွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

ကားတင်သွင်းရောင်းချမှုနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူတစ်ဦးကမူ "ဒီနေရာကို ယာဉ်ရောင်းဝယ်ရေးစခန်း အဖြစ်ဖော်ဆောင်ပေးဖို့တောင်းဆိုတာ မဟုတ်ပါဘူး။ သေချာရေရာတဲ့ နောက်တစ်နေရာ ဖြစ်မလာခင်အထိ လက်ရှိအတိုင်း ခဏထားပေးဖို့ပဲ တောင်းဆိုတာပါ၊ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဆီ အသနားခံစာ တင်ထားပေမယ့် အခုအထိတော့ အကြောင်းမထူးသေးပါဘူး၊ ကန်ထရိုက်ဖက်ကတော့ အပြင်ကကား (ရပ်ကွက်နေ ပြည်သူတို့၏ ညအိပ်ကား) တွေကို လက်မခံတော့ပါဘူး။ ဒီနေရာအတွက် သက်ဆိုင်ရာက အစီအမံနဲ့ ထားချင်ထား၊ ကန်ထရိုက်ပေးချင်ပေး၊ ဒါမှမဟုတ် စည်ပင်ကို ခဏလွှဲပြီး ကိုင်ချင်ရင်လည်းကိုင်၊ အဲဒီလိုပုံစံတစ်ခုခုနဲ့ ထိန်းပေးစေချင်ပါတယ်" ဟုဆိုသည်။

အဆိုပါရှင်စောပုယာဉ်ရပ်နားစခန်းတွင် ရှင်စောပု ရပ်ကွက်မှ ပြည်သူများ၏ ကိုယ်ပိုင်ကားများကိုလည်း ညအိပ်ရပ် နားထားရှိရာ ယာဉ်ရပ်နားခအဖြစ် တစ်နာရီလျှင် ကျပ် ၂၀၀ ပေးသွင်းရကြောင်း သိရသည်။

# ကမ္ဘောဇဘဏ်က စင်ကာပူနိုင်ငံတွင် ပထမဦးဆုံး နိုင်ငံတကာကိုယ်စားလှယ်ရုံးကို စတင်ဖွင့်လှစ်

ကမ္ဘောဇဘဏ်လီမိတက်သည် ၎င်း၏ဒုတိယမြောက် နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးခွဲကို အာဆီယံ အသိုက်အဝန်းအတွင်းရှိ နိုင်ငံတစ်နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံတွင် ထပ်မံဖွင့်လှစ်လိုက်ကြောင်း ကမ္ဘောဇဘဏ်၏ သတင်းထုတ် ပြန်ချက်များအရ သိရသည်။

ယင်းသို့ ဖွင့်လှစ်လိုက်ခြင်းဖြင့် ကမ္ဘောဇဘဏ်လီမိတက်သည် သမိုင်းမှတ်တိုင်တစ်ခု ထပ်မံစိုက်ထူလိုက်နိုင်ပြီ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံဘဏ်လုပ်ငန်းနယ်ပယ်တွင်လည်း စင်ကာပူနိုင်ငံ၌ ရုံးခွဲဖွင့်လှစ်နိုင်သည့် ပထမဦးဆုံးသော ဘဏ်ဖြစ်လာခဲ့သည်။

ယခုနှစ် ဩဂုတ်လအတွင်းကလည်း ထိုင်းနိုင်ငံတွင် နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးခွဲကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကမ္ဘောဇဘဏ်သည် အရှေ့တောင်အာရှ (အာဆီယံ)ဒေသနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိစွာဖြင့် မားမားမတ်မတ် ရပ်တည်နိုင်သည့် မြန်မာ့ပထမဦးဆုံး ပုဂ္ဂလိကဘဏ်ကြီး ဖြစ်လာရေး မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ကမ္ဘောဇဘဏ် လီမိတက်၏ နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးခွဲကို #40-01, One Raffles Place Office Tower One, Singapore 048616 တွင် ဖွင့်လှစ်ထားရှိပြီး စင်ကာပူနိုင်ငံနှင့် အခြားသော နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများအား မြန်မာနိုင်ငံအတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အောင်မြင်စွာ လုပ်ကိုင်နိုင်ရန် အတွက် လိုအပ်သည့် အကြံဉာဏ်များ ပေးခြင်းနှင့် အောင်မြင်နိုင်ခြေအလားအလာများအား တွက်ချက်အကြံပြုပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်သည် စင်ကာပူနိုင်ငံရှိ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့အစည်းကြီးများနှင့်လည်း ရေရှည်တည်တံ့ခိုင်မြဲသော ဆက်ဆံရေးကောင်းများကို တည်ဆောက်သွားရန် ရည်သန်လျက်ရှိပြီး အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးတားမြစ်ပိတ်ပင်မှုများ ရုပ်သိမ်းလိုက်သည့် ကြေညာချက်ကြောင့် မကြာမီကာလအတွင်း တိုးတက်ဖွံ့ဖြိုးမှုများ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာတော့မည့် မြန်မာ့စီးပွားရေးနယ်ပယ်တွင် လာရောက် ရင်းနှီးမြှုပ်နှံလိုသော ကမ္ဘာ့အရပ်ရပ်မှ ရင်းနှီးမြှုပ်နှံသူများနှင့် စင်ကာပူနိုင်ငံသားများအတွက် သိလိုဖွယ်များ မေးမြန်းစုံစမ်းနိုင်မည့် နေရာတစ်နေရာဖြစ်လာရန်လည်း မျှော်မှန်းထားကြောင်း သိရသည်။

ထို့အပြင် မလေးရှားနိုင်ငံဗဟိုဘဏ်ကလည်း ကမ္ဘောဇဘဏ် လီမိတက်အား မလေးရှားနိုင်ငံတွင် နိုင်ငံတကာကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်ပြုကြောင်း စက်တင်ဘာလ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာထားခဲ့သဖြင့် ကမ္ဘောဇဘဏ်လီမိတက်၏ တတိယမြောက် နိုင်ငံတကာကိုယ်စားလှယ်ရုံးကိုလည်း မလေးရှားနိုင်ငံတွင် မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ (၁၂) ➢➢➢➢➢➢ မြန်မာ့ဆန်စပါးဈေးကွက်အရွေ့ မှ အဆက်

မြန်မာနိုင်ငံတွင် ကြိတ်ခွဲပြီးဆန် ထွက်ရှိမှုမှ ဆန်တန်ချိန် ၁၂သန်းခန့်သာရှိပြီး ပြည်ပတင်ပို့မှု ခန့်မှန်း ၁ဒသမ ၅ သန်းခန့်သာရှိသဖြင့် ထွက်ရှိမှုပမာဏ၏ ၁၂ဒသမ ၅ ရာခိုင်နှုန်းသာ ပြည်ပဈေးကွက်သို့ ရောက်ရှိပါသည်။ ဆိုလိုသည်မှာ ပြည်တွင်း စားသုံးသူ ဈေးကွက်သည် အကြီးမားဆုံး ဈေးကွက်ဖြစ်နေပြီး ထုတ် လုပ်သူများမှ ထွက်ရှိစပါးပမာဏ၏ ၁၅ ရာခိုင်နှုန်းမျှကို ဝိုင်းဝန်း ထိန်းသိမ်းထားရုံဖြင့် ဈေးကွက်ကို ဖော်ဆောင်နိုင်သော အနေအထား ဖြစ်ပါသည်။ ဈေးကွက် သဘောတရားနှင့် ဆန့်ကျင်၍ လူများရာဘက်သို့ ဘက်ပြောင်းသူများကြောင့် ဈေးကွက်ပြောင်းလဲမှုကိုပိုမို မြန်ဆန်နိုင်သည်ကိုသတိပြုရန် လိုအပ်ပါသည်။

## ကမ္ဘာ့ဆန်ဈေးနှုန်းလားရာဘယ်လဲ

ပညာရှင်များက ကမ္ဘာ့ဆန်ဈေးကွက်ကို ခန့်မှန်းတွက်ချက်ရာ တွင် ဆန်အများဆုံး တင်ပို့သူ ငါးနိုင်ငံ (E5) နှင့် ဆန်အများဆုံး တင်သွင်းသူ ငါးနိုင်ငံ (I5) တို့၏ ကုန်သွယ်မှု ပမာဏနှင့် လက်ကျန် ပမာဏတို့ကို အခြေခံ၍ ခန့်မှန်းကြပါသည်။

၂၀၁၆ခုနှစ် အောက်တိုဘာလအတွင်း E5 နှင့် I5 တို့၏ ဆန်လက်ကျန် အခြေအနေမှာ

| E5 | တန်ချိန်သန်း | I5 | တန်ချိန်သန်း |
|---|---|---|---|
| အိန္ဒိယ | ၁၇. ၃ | အင်ဒိုနီးရှား | ၃. ၆၆ |
| ပါကစ္စတန် | ၀. ၈၃ | ဖိလစ်ပိုင် | ၁. ၈၆ |
| ထိုင်း | ၆. ၆၂ | အီးယူ | ၁. ၃ |
| ဗီယက်နမ် | ၁. ၉၂ | နိုက်ဂျီးရီးယား | ၀. ၃ |
| အမေရိကန် | ၁. ၉၄ | ဘရာဇီး | ၀. ၃၈ |
| စုစုပေါင်း | ၂၈. ၆၁ | | ၇. ၅ |

(တရုတ်နိုင်ငံသည် ဆန်တင်ပို့သူ ဖြစ်သလို ဆန်တင်သွင်းသူ လည်း ဖြစ်သဖြင့် E5 နှင့် I5 တွင် မထည့်သွင်းပါ)

USDA စာရင်းအရ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ အောက်တိုဘာရှိ ဆန်လက်ကျန်ပမာဏမှာ တန်ချိန် သုညဒသမ ၈၄သန်း ဖြစ်ပြီး ၂၀၁၅ ခုနှစ် ကာလတူ လက်ကျန်ပမာဏမှာ တန်ချိန် သုည ဒသမ ၈၉သန်း ဖြစ်ပါသည်။ ကမ္ဘာ့အရန်ဆန် ပမာဏ၏ ၆၁ဒသမ ၁၈ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက သိုလှောင်ထားပြီး E5 လက်ဝယ် တွင် ၂၅ဒသမ ၄ရာခိုင်နှုန်း I5 လက်ဝယ်တွင် ၆ဒသမ ၆ရာခိုင်နှုန်းသာ လက်ဝယ်ရှိနေပါသည်။ E5၏ လက်ဝယ်ပမာဏသည် ၎င်းတို့ တင်ပို့ သော ၂၀၁၆ခုနှစ် (ခန့်မှန်း) တင်ပို့ပမာဏ တန်ချိန် ၃၂ဒသမ ၅ သန်း အောက်နှင့် I5 ၏ လက်ကျန် ပမာဏသည် ၎င်းတို့ တင်ပို့သော ၂၀၁၆ ခုနှစ် (ခန့်မှန်း) တင်သွင်းပမာဏ ခုနစ်သန်းနှင့် အနည်း ငယ်သာ ပိုနေသည်ကို တွေ့ရပါသည်။ ဈေးကွက်သဘောတရားနှင့် လက်ရှိလက်ကျန် ပမာဏများအရ ဈေးကွက်ပြောင်းလဲမှု အနည်း ငယ်သာ ရှိမည်ဟု ထင်မြင်မိပါသည်။

မြန်မာ့ဆန်စပါး ဈေးအနေနှင့် စပါးပေါ်ချိန်တွင် မြင့်တက် လာတတ်သော ငွေလဲနှုန်းသည် ဆန်စပါး ဈေးကွက်ကို မျက်နှာသာ ပေးသော အချက်တစ်ချက် ဖြစ်ပါသည်။

## မြန်မာ့ဆန်လောကထွက်ပေါက်

USDAကိန်းဂဏန်းများအရမြန်မာနိုင်ငံထက် စိုက်ဧက ရှစ်ရာခိုင်နှုန်းသာ များသော ဗီယက်နမ်နိုင်ငံ၏ ကြိတ်ခွဲပြီးဆန် ထွက်ရှိမှု ပမာဏသည် ၁ဒသမ ၉၅ဆ ထွက်ရှိပြီး စိုက်ဧကတူ ဖိလစ်ပိုင်နိုင်ငံ၏ ကြိတ်ခွဲပြီး ဆန် ထွက်ရှိမှု ပမာဏသည် ၁ဒသမ ၄ဆ ထွက်ရှိသည်ဟု စာရင်းများအရ မှတ်သားရပါသည်။ တစ်ဧကချင်း စိုက်ပျိုးစရိတ်၊ လုပ်အား၊ အချိန်၊ ရင်းနှီးမြှုပ်နှံမှု တူပါလျက် ထွက်နှုန်းကွာခြားရသည့် အကြောင်းရင်းမြစ်ကို အဖြေရှာရန် လိုပါ သည်။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော စီးပွားရေးစနစ်အရ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်သော ဈေးကွက်စီးပွားရေးနှင့် စီးပွားရေး ပိတ်ဆို့မှု (Sanction) မရှိသော ဈေးကွက်တွင် ယှဉ်ပြိုင် ရောင်းချနိုင်သည်ဖြစ်၍ ကမ္ဘာ့ဆန် ဈေးကွက်တွင် သင့်တင့်သောဈေးဖြင့် ရောင်းချ နိုင်မည် ဖြစ်ပါသည်။

ဆန်စပါးမှ ဝင်ငွေတိုးရန် အခြားဆန်စပါး စိုက်ပျိုးသည့် နိုင်ငံ များကဲ့သို့ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်မှတစ်ပါး အခြား မရှိပါ။ စပါးအထွက်နှုန်းတိုးအောင် ဘယ်လို ဆောင်ရွက်ကြမှာလဲ ဆိုတာ . . . .။

## ဗီယက်နမ်နိုင်ငံ၏ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် Vietjet က အထူးဈေးနှုန်းများဖြင့် လက်မှတ်စောင်ရေပေါင်း သုံးသိန်းကို ရောင်းချပေးမည်

Vietjet လေကြောင်းလိုင်းမှ အောက်တိုဘာ ၂၀ ရက်တွင် ကျရောက်မည့် ဗီယက်နမ်နိုင်ငံ၏ အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သုည ကျပ်မှစတင်မည့် အထူးဈေးသက်သာသော လေယာဉ်လက်မှတ်ပေါင်း ၃၀၀,၀၀၀ (သုံးသိန်း)ကို ရောင်းချပေးသွားမည် ဖြစ်သည်။

ယခုအစီအစဉ်သည်"ဒါ Vietjet ရဲ့ အချိန်ပဲ" အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်နှင့်အညီ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါဈေးလျှော့ရောင်းချမှုတွင် Vietjet ၏ ရန်ကုန်ခရီးစဉ်အပါအဝင် အခြားပြည်ပခရီးစဉ်များဖြစ်သည့် ဟောင်ကောင်၊ ကောင်းရှမ်၊ တိုင်ပေ၊ တိုင်နန်၊ ဆိုးလ်၊ စင်ကာပူ၊ ဗန်ကောက်နှင့် ကွာလာလမ်ပူခရီးစဉ်များ ပါဝင်မည်ဖြစ်သည်။

ယခုရောင်းချပေးမည့် ဈေးနှုန်းသက်သာ လက်မှတ်များဖြင့် လာမည့် နို ဝင်ဘာ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၂၅ ရက်အထိ (အများပြည်သူရုံးပိတ်ရက်များမှအပ) အသုံးပြုသွားလာနိုင်မည်ဖြစ်သည်။ မကြာသေးခင်ကမှ အသစ်စတင်ပြေးဆွဲနေသည့် ဟိုချီမင်း-ဟောင်ကောင်ခရီးစဉ်ကို ၂၀၁၆ ဒီဇင်ဘာ ၉ ရက်တွင်လည်းကောင်း၊ ဟိုချီ မင်း-ကောင်းရှမ်ခရီးစဉ်နှင့် ဟိုင်ဖောင်-ဆိုးလ်ခရီးစဉ်ကို ၂၀၁၆ ဒီဇင်ဘာ ၁၂ ရက်တွင်လည်းကောင်း စတင်သွားလာနိုင်မည်ဖြစ်သည်။

ဗီယက်နမ်အမျိုးသမီးများနေ့တွင် အာရှ၏ လူကြိုက်အများဆုံးလေကြောင်းလိုင်း Vietjet ဖြင့် ခရီးသွားသူများအတွက်လည်း စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာ အစီအစဉ်များစွာဖြင့် ခရီးဦးကြိုဆိုမည်ဖြစ်သည်။ အထူးသဖြင့် Vietjet ကို စီးနင်းသွားလာသူ အမျိုးသမီးများအတွက် မေတ္တာလက်ဆောင်များ၊ ပန်းစည်းများ၊ နာမည်ကျော် အမျိုးသားဂီတတီးဝိုင်း၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ကံစမ်းမဲလက်မှတ်/အစီအစဉ်များစွာကိုလည်း စီစဉ်ထား ပြီးဖြစ်သည်။

ခေတ်မီလေကြောင်းလိုင်းဖြစ်သည့် အားလျော်စွာ Vietjet သည် ခရီးသွားပြည်သူများအား အစဉ်အမြဲတန်ဖိုးထားလျက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝေဟင်ခရီးသွားလာနိုင်မည့် အစီအစဉ်ကောင်းများစွာကို ဖြည့်ဆည်းပေးလျက်ရှိသည်။ မြင့်မားသော ဝန်ဆောင်မှု အရည်အသွေး၊ အထူးသက်သာသော ဈေးနှုန်းများနှင့် ရွေးချယ်စရာ များပြားသောလက်မှတ် အမျိုးအစားများဖြင့် Vietjet သည် ခရီးသည်များအား ပျော်ရွှင်ဖွယ်ရာ ဝေဟင်ခရီးစဉ်များကို ပေးနေသည့်အပြင် တက်ကြွဖော်ရွေဝန်ဆောင်မှုကောင်းသည့် လေယာဉ် မောင်/မယ်များ၊ သက်သာအနားယူဖွယ်ရာ ထိုင်ခုံများ၊ အရသာကောင်းမွန်သည့် လေယာဉ်တွင်းအစားအသောက်များနှင့် ထူးခြားသည့် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များကိုလည်း စီစဉ်ထားရှိသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇)လွှာ၊ အခန်းဖွဲ့ | ၁၆၀၀ သိန်း | အဆင့်မြင့် ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၂။ | တိုက်ခန်း | အလုံမြို့နယ်၊ စက်တွင်းလမ်း (အနီး) | ၇၅၀ စ/ပေ | မြေညီ (ပြင်ဆင်ပြီး) | ၁၁၀၀ သိန်း | ဆိုင်ဖွင့်နိုင် | ၀၉/၅၁၁၇၂၆၂ |
| ၃။ | လုံးချင်းအိမ် | မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီကန်လမ်း | ၃၀၀၀ စ/ပေ | RC ၂ထပ် | ၆၅၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(အပိုင်း ၁) | မြေ ၆၄၀၀ အိမ် ၂၄၀၀ | RC ၂ထပ်၊ MB ၃ ခန်း | ၃၂ သိန်း | တစ်လအငှား စိတ်ငြိမ်ရပ်ကွက် | ၀၉/၅၁၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ VIP ရပ်ကွက် | (၆၀×၈၀) ပေ | RC ၂ထပ် | ၇၀၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၆။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ သော်မဆင်ရိပ်သာလမ်း | ၇၅၀စ/ ပေ | ၄လွှာ၊ အခန်းဖွဲ့ | ၄၅၀ သိန်း | ၁လ အငှားနှုန်း | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | မြေ/အိမ် | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN ၁ ထပ်အိမ် | ၂၃၅၀ သိန်း | ရပ်ကွက်လမ်းသန့် မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့ ညောင်နီရွာ | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၁၆၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၈၀၀ စ/ ပေ | အိမ်ငယ်တစ်လုံးပါ | ၂၅၀၀ သိန်း | လမ်းမဘေးရပ်ကွက် | ၀၉/၅၁၁၇၂၆၂ |

## မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော တန်ဖိုးနည်းအိမ်ရာအရောင်းပြပွဲစတင် ကျပ် ၉၅သိန်းမှ ကျပ် ၁၂၅ သိန်းအထိ တန်ဖိုးနည်းအိမ်ရာများအား ရောင်းချ




House.com.mm ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောတန်ဖိုးနည်းအိမ်ရာ အရောင်းပြပွဲ (The Affordable Housing Expo 2016) ပြပွဲကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ MICT Park တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာအရောင်းပြပွဲတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ခဲ့သည့် တန်ဖိုးနည်းအိမ်ရာများအား အနည်းဆုံး ကျပ် ၉၅ သိန်းမှ ကျပ် ၁၂၅ သိန်းအထိ တန်ကြေးရှိသည့် တိုက်ခန်းများကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယခုပြပွဲတွင် ရောင်းချခဲ့သည့် တန်ဖိုးနည်းအိမ်ရာများမှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရှိ ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁)၊ အပိုင်း(၂)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ကနောင်တန်ဖိုးနည်း အိမ်ရာစီမံကိန်းနှင့် လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ဗန်းအိမ်ရာစီမံကိန်း အပိုင်း(၁၊၂၊၃)တို့ရှိ အခန်းပေါင်း ၂၂၀၈ ခန်းကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါတန်ဖိုးနည်းအိမ်ရာစီမံကိန်းများရှိ အခန်းများကို ဝယ်ယူရန်အတွက် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်၍ ဝယ်ယူရမည်ဖြစ်သည်။ အိမ်ရာဝယ်ယူလိုသူတစ်ဦးသည် အိမ်ပိုင်မရှိသူဖြစ်ရမည်ဖြစ်ပြီး ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် တန်ဖိုးနည်းအိမ်ရာဝယ်ယူရန်ဟူသည့် ခေါင်းစဉ်အောက်တွင်ရှိသည့် ငွေစုစာအုပ်တစ်အုပ်ကို ပြုလုပ်ရမည်ဖြစ်သည်။

ထို့ပြင် အဆိုပါတန်ဖိုးနည်းအိမ်ရာဝယ်ယူသူ၏မိသားစုတစ်လဝင်ငွေသည် အနည်းဆုံး ကျပ်သုံးသိန်း ရှိရမည်ဖြစ်ကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာ ဝယ်ယူလိုသူသည် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းဖြစ်သည့် အနည်းဆုံးစုငွေကျပ် သိန်း ၃၀ ရှိရမည်ဖြစ်ပြီး အိမ်တန်ဖိုး၏ ကျန်ငွေ ၇၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က စိုက်ထုတ် ပေးသွားမည်ဖြစ်ပြီး နှစ်ရှည်ချေးငွေအဖြစ်ဖြင့် တစ်လလျှင် အနည်းဆုံးကျပ်တစ်သိန်းမှစတင်ကာ မိမိဝယ်ယူသည့် တိုက်ခန်းတန်ဖိုးအလိုက် ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့၊ မုံရွာမြို့နှင့် ပုသိမ်မြို့တို့တွင် တန်ဖိုးနည်းအိမ်ရာများကိုဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ပြီး သင့်တင့်သည့်နှုန်းထားများဖြင့် ပြည်သူလူထုသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## အီတလီဖက်ရှင်ရှိုးပြပွဲနှင့် နာမည်ကြီး အီတလီအမှတ်တံဆိပ်ကုန်ပစ္စည်းများ မိတ်ဆက်ပွဲ ပြသမည်

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်ကျင်းပမည့် အီတလီဖက်ရှင်ရှိုးပြပွဲနှင့် နာမည်ကြီး အီတလီအမှတ်တံဆိပ်ကုန် ပစ္စည်းများပြပွဲကို ရန်ကုန်မြို့ရှိ Junction Square Shopping Centre တွင် အောက်တိုဘာ ၂၃ ရက်မှ ၃၀ ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို အီတလီသံရုံးက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး "Italian & Creativity"- Fashion show and exhibition of Italian Brands" ပြပွဲဟု အမည်ပေးထားကြောင်း သိရသည်။

ပြပွဲတွင် KUKA-philosophy by Ana Cecilia Cervigni၊ သင်းစုထွေး၊ မိုးကုတ်ပေါက်ပေါက်နှင့် Bonara by Meme Ekpenyong အစရှိသည့် နာမည်ကြီးဖက်ရှင်ဒီဇိုင်နာလေးဦးက ဖက်ရှင်ရှိုးများဖြင့် ပါဝင်ပြသကြမည်ဖြစ်သည်။

ထို့အပြင် အီတလီနိုင်ငံမှ စားသောက်ကုန်၊ ဖက်ရှင်၊ ကားနှင့် အားကစားဆိုင်ရာ ကုန်ပစ္စည်းမှတ်တံဆိပ်ပေါင်း ၂၀ ခန့်မှ အီတလီနိုင်ငံရှိ ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းပိုင်းဆိုင်ရာသမိုင်းနှင့် ပြောင်းလဲလာမှုများအား အောက်တိုဘာ ၃၀ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် ပြသသွားမည်ဖြစ်သည်။

စိတ်ပါဝင်စား၍ တက်ရောက်လိုသည့် ပုဂ္ဂိုလ်များသည် အသေးစိတ်အချက်အလက်များ သိရှိလိုပါက https://www.facebook.com/ events/ 316315838745070/နှင့် အသင်းချုပ်ပြပွဲဌာနစိတ် ဖုန်း ၂၃၁၄၃၄၄~၄၉ Ext:301/မိုဘိုင်း-၀၉-၄၅၀၂၀၀၃၅၀၊ E-mail: ma@ umfcci.com.mm သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကရောင်းဆလွန်း(၂၀၀၃) | ယာယီ | ၂၆၅ သိန်း | 2.5 ဓာတ်ဆီ |
| ၂။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၃၇၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၂၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၃) | ယာယီ | ၁၇၀ သိန်း | ပဲခူးလိုင်စင် |
| ၅။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | မန်းလိုင်စင် |
| ၆။ | ပရိုဘောက် (၂၀၁၀) | FF | ၁၃၀ သိန်း | ကားကောင်း |
| ၇။ | ဝှရှ် (၂၀၀၃) | ယာယီ | ၂၂၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | နစ်ဆန်းနတ် (၂၀၀၉) | 3I | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၉။ | အပ်ကား | နစ်၂၀ | ၁၁၀ သိန်း | ကားကောင်း |

## မအူပင်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁/၂၀၁၆) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



မအူပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၏ ခရိုင်စား သုံးသူအငြင်းပွား မှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၆) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၁၃ ရက်က ခရိုင် ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး မအူပင် ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူးဦးဇော်မင်းက စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြပြီး စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ဇော်ဦးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Consumer (MT)**

## ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရုံးချုပ်မှ ဦးစီးမှူးတို့သည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမ ဦးစီးဌာနတို့နှင့် ပူးပေါင်းလျက် ဆိုင်ကယ်တစ်စီးလုံးတွင် အဓိကကျသည့် အင်ဂျင်ပိုင်းဆိုင်ရာနဲ့ မီးလိုင်းများနဲ့ ပတ်သက်သည့် ဝါယာရိန်းပညာရပ်များကို စနစ်တကျ တတ်မြောက်စေရန် တိုင်းအတွင်း မြို့နယ်များတွင် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရပါတယ်။

လပွတ္တာမြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမ အသင်းစုတို့နှင့် ပူးပေါင်းလျက် အောက်တိုဘာ ၁၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ သင်တန်းသား ၄၀ ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ပူးပေါင်းလျက် အောက်တိုဘာ ၁၀ ရက်မှ ၃၁ ရက်အထိ သင်တန်းသား ၅၀ ဦးတို့ကို ဦးစီးမှူးဦးကြည်မော် (ရုံးချုပ်)နဲ့ ပုသိမ်ရုံးမှ ဒုတိယဦးစီးမှူးဦးမြင့်ဆန်း၊ စက်မှုကျွမ်းကျင်(၄) ဦးဇင်မင်း၊ အငယ်တန်းစာရေးဦးထက်နိုင်ထွန်းတို့က သင်ကြားပို့ချပေးလျက်ရှိပြီး၊ ကျိုက်လတ်မြို့နယ်တွင် သမဝါယမဦးစီးဌာနနဲ့ ပူးပေါင်း၍ နိုဝင်ဘာ ၁ ရက်မှ ၂၁ ရက်အထိ သင်တန်းထပ်မံဖွင့်လှစ်ရန် စီစဉ်ထား ရှိကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## BUILD Myanmar 2016 ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းပြပွဲ ကျင်းပပြုလုပ်မည်

GLOBE International Events Consultancy Pte. Ltd. မှ ကြီးမှူး၍ BUILD Myanmar 2016 ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းပြပွဲကို အထက် ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်တွင် နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရပါသည်။

BUILD Myanmar 2016 ကို မြန်မာ့ ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ Concrete Technology ကဏ္ဍတွင် ကွန်ကရစ် နည်းပညာ၊ ထုတ်ကုန်များနှင့် ဆောက် လုပ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ မြန်ဆန်စေမည့် ကိရိယာပစ္စည်းများကို ပြသသွားမည်ဖြစ်သည်။ Underground Construction ကဏ္ဍတွင် မြေအောက်ဆောက်လုပ်ရေးနှင့် နည်းပညာပစ္စည်းများကိုပြသသွားမည်ဖြစ်သည်။ HVACR ကဏ္ဍတွင် အပူပေးစနစ်၊ လေဝင် လေထွက်စနစ်၊ အအေးခန်းနှင့် လေအေးပေးစနစ်နှင့် ပတ်သက်သောနည်းပညာပစ္စည်းများကို ပြသသွားမည်ဖြစ်သည်။ PPVC ကဏ္ဍတွင် ပန့်၊ ရေပိုက်၊ Valves၊ ကွန်ပရက်ဆာ စသည့် ပစ္စည်းများကို ပြသသွားမည်ဖြစ်ကာ Rental & Hospitality ကဏ္ဍတွင် Professional Audio, LED, Lighting နှင့် ဆက်စပ် ပစ္စည်းများကို ပြသသွားမည်ဖြစ်သည်။

ပြပွဲသို့ အဆောက်အဦးပုံစံ ရေးဆွဲသူများ၊ ကွန်ကရစ်နှင့် ဘိလပ်မြေလုပ်ငန်းများ၊ စီးပွားဖြစ် ကန်ထရိုက်တာများ၊ မြို့ပြအင်ဂျင်နီယာများ၊ မြို့ပြ စီမံကိန်းရေးဆွဲသူများ၊ အစိုးရဌာနများ၊ အဝေးပြေးယာဉ်လိုင်း အဖွဲ့အစည်းများ၊ အဆောက်အဦးဝန်ဆောင်မှု၊ ထိန်းသိမ်းမှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ အကြံပေးများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးပညာရှင်များ တက်ရောက်ရန် သင့်လျော်ပါသည်။ ပြပွဲကာလအတွင်း စင်ကာပူနိုင်ငံမှ ပညာရှင်များ လာရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာဟောပြောပွဲများ၊ စီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲများ ကျင်းပပြုသွားမည် ဖြစ်ကာ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များအကြား အပြန်အလှန်အဆက်အသွယ်ကောင်း များ ရရှိစေမည် ဖြစ်ပါသည်။

**ကောင်းထွဋ်အောင်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးလောက ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီစပါးအခြောက်ခံစက်များ ပြောင်းလဲ တပ်ဆင်အသုံးပြု

ဆန်စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး၊ ဆန်အရည်အသွေး မြင့်မားပြီး ဈေးကွက်ဝေစု ကျယ်ပြန့်လာစေရန် ခေတ်နှင့်အညီ အရည်အသွေး မြင့်မားသော ဆန်စက်ယူနစ်များ အစားထိုး တပ်ဆင်လျက် ရှိသည့် အပြင် ခေတ်မီစပါး အခြောက်ခံစက်များကို ပြောင်းလဲ တပ်ဆင် အသုံးပြုလျက်ရှိရာ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဘဲဂရက်ကျေးရွာ၊ အောင်သိဒ္ဓိ ဆန်စက်တွင် တရုတ် (တိုင်ပေ)နိုင်ငံ SAN SHWE Agricultural Machinery Science & Technology Co.,Ltd မှ ထုတ်လုပ်သော တန် ၂၀ ကျ စပါး အခြောက်ခံစက်နှစ်လုံးကို တပ်ဆင်လျက်ရှိကြောင်း ဆန်စက်ပိုင်ရှင် ဦးမောင်မောင်ခင်က ပြောပါတယ်။

စပါးအခြောက်ခံစက်မှာ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယားနိုင်ငံများမှ ဝင်ရောက်မှုရှိသော်လည်း တရုတ် (တိုင်ပေ)နိုင်ငံထုတ် စပါးအခြောက်ခံစက်မှာ လူကြိုက်များပြီး သုံးတန်ခွဲ၊ ၁၂ တန်၊ တန် ၃၀၊ တန် ၁၃၀အထိ အရွယ်အစားအမျိုးမျိုးရှိ၍ ပုသိမ်မြို့ပေါ်ရှိ ဆန်စက်များတွင်လည်း ဝယ်ယူအသုံးပြုလျက်ရှိကြောင်း၊ ယခင်က ကားလမ်းဘေးတွင် စပါးလှမ်းရာ၌ အချိန်ကုန်၊ ငွေကုန်၊ လေလွင့်မှုများရှိပြီး၊ ယခုစပါး အခြောက်ခံစက်ကို အသုံးပြုခြင်းဖြင့် အစိုဓာတ်ကို လျှော့ချနိုင်သည်သာမက အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ၊ အမှိုက်၊ အညာများကိုပါ မှုတ်ထုတ်ပေးသည့် အတွက် စပါးများ ပို၍ သန့်စင်သွားပြီး ဆန်အရည်အသွေး ပိုမိုမြင့်မားလာမှာဖြစ်ကြောင်း၊ ဧရာ ပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်ယူတင်သွင်း၍ ရောင်းချပေးလျက်ရှိသည့် အပြင် အသေးစိတ် ထပ်မံသိရှိလိုပါက ကုမ္ပဏီရုံးအမှတ် -၀၄၂ -၂၂၅၆၉၊ ၂၂၅၅၁ သို့လည်း ဆက်သွယ်မှာယူနိုင်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ဗိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဒြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၄-၁၀-၂၀၁၆ မှ ၃၀-၁၀-၂၀၁၆ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင်ကောင်းမွန်ကာ လုံ့လဝီရိယရှိနေမည်။ စီးပွားရေးတွင် ရွှေတူးခြင်းလုပ်ငန်းများ လုပ်ကိုင်ရတတ်ပါသည်။ သင့်တင့်အောင်မြင်တတ်ပါသည်။ ပညာဉာဏ်ရည်ကောင်း သော်လည်း လက်တွေ့ထက်စိတ်ကူးယဉ်မှုများနေမည်။ ကျန်းမာရေးတွင် အရိုးထိခိုက်သော ရောဂါဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကံကောင်းမှုများရရှိနေတတ်ပါသည်။

**ယတြာ။ ။မိမိမွေးနံထောင့်ဘုရားတွင် ပန်း၊ ရေချမ်းကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ကိုယ်၏ချမ်းသာခြင်းနှင့်ပြည့်စုံနေမည်။ ရေမှဖြစ်သောပုလဲရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နွားနို့နှင့်ပြုပြင်လုပ်ကိုင်သောဒိန်ခဲ၊ ထောပတ်၊ မလိုင်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုအားကောင်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်လေ၊ သလိပ်လွန်ကဲသောရောဂါတို့ကို သတိပြုဆင်ခြင်ဂရုစိုက်သင့် ပါသည်။ ပညာရေးအားကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိ စိတ်တိုင်းကျသူကို ရွေးချယ်ရတတ်ပါသည်။

**ယတြာ။ ။နို့မလိုင်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ဆွေမျိုးအသိုင်းအဝိုင်း၏ အားကိုးမှုကိုခံရမည်။ စီးပွားရေးတွင် လက်ဖက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ အချက်အပြုတ် အကြော်အလှော်လုပ်ငန်းတို့ အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးတိုးတက်မှု အားကောင်းနေပါသည်။ ကျန်းမာရေးတွင်မျက်စိနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ အချစ်ရေးနှင့်အိမ်ထောင်ရေး စိတ်ဝင်စားမှုအားနည်းနေလိမ့်မည်။

**ယတြာ။ ။ဆီးယိုဇီးဖျော်ရည်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာဝါသနာပါနေလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင် ဦးကြီး၊ ဦးလေးတို့နှင့်တွဲဖက်လုပ်ကိုင်ရတတ်သည်။ မြေဩဇာကဲ့သို့သော ပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့်ပတ်သက်ပြီး စီးပွားရေးကောင်းလိမ့်မည်။ ပညာဉာဏ်အားထက်မြက်နေမည်။ ကျန်းမာရေးတွင် အရေပြားထိခိုက်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် တွေဝေမှုများနေ တတ်သည်။

**ယတြာ။ ။ဘုရားကျောင်းဇရပ်တို့တွင် တံမြက်စည်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အကျင့်သီလ၊ သိက္ခာနှင့်ပြည့်စုံနေတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ပညာသင်ကြား ခြင်းလုပ်ငန်း၊ ဘာသာရေး ဆိုင်ရာလုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုအားကောင်းနေတတ်ပါသည်။ ပညာဉာဏ်ထက်မြက်ထူးချွန်မှုရှိနေမည်။ ကျန်းမာရေးတွင်အူကျခြင်း၊ အူထုံးသော ရောဂါဝေဒနာတို့ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင်တည်ငြိမ်မှုရှိနေမည်။

**ယတြာ။ ။စာကလေးများကိုဆန်ကျွေးပါ။**



**သောကြာသားသမီးများအတွက်** ဆက်ဆံရေးကောင်းမွန်နေတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ရေမွှေးလုပ်ငန်း၊ ပန်းဥယျာဉ်ခြံလုပ်ငန်း၊ စတူဒီယိုခန်းမလုပ်ငန်းများ အောင်မြင်ကျော်စောမှုရှိနေတတ်ပါသည်။ ပညာဉာဏ်ထက်မြက်နိုင်စွမ်းရှိပါသည်။ ကျန်းမာရေးအနေဖြင့် သွေးတိုးရောဂါ၊ အဆီများသောရောဂါ၊ လေပြွန်ရောင်သောရောဂါဝေဒနာများ ခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်သူခင်သူဝိုင်းဝိုင်း လည်နေတတ်သောပျော်ရွှင်မှုများရနေမည်ဖြစ်ပါသည်။

**ယတြာ။ ။သာကူနို့အေးလှူပါ။**



**စနေသားသမီးများအတွက်** ဘာသာရေးလုပ်ငန်းများကို ထိထိရောက်ရောက်လုပ်ကိုင်လိုသောဆန္ဒရှိနေမည်။ စီးပွားရေးတွင် ပဲ၊ ပြောင်းတောင်ယာလုပ်ငန်းများဖြစ်ထွန်းလိမ့်မည်။ နိုင်ငံရပ်ခြားစီးပွားကုန်သွယ်မှုအားကောင်းလိမ့်မည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် နှလုံးရောဂါ၊ စိတ်ထိခိုက်သောရောဂါ အန္တရာယ်များရှိတတ်သည်။

**ယတြာ။ ။ထန်းသီးလှူပါ။**

## စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးက ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့်ပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၁၉ ရက်က ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြဝတ်ရည်ခန်းမတွင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ပြည်သူများအား စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြော ဆွေးနွေးပွဲတွင် ကြည့်မြင်တိုင်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကမ္ဘာ၊ အာဆီယံနှင့် မြန်မာနိုင်ငံတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပေါ်ပေါက်လာပုံ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့သည့် တိုင်း/ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းမှုအပါအဝင် သက်ဆိုင်ရာ ကော်မတီများ ဖွဲ့စည်းပြီးစီးထားရှိမှု အခြေအနေ၊ စားသုံးသူတစ်ဦးအနေဖြင့် စားသုံးသူ၏ အခွင့်အရေးများကို ရယူတတ်ရန်နှင့် တာဝန်များကိုလည်း လိုက်နာရန်လိုအပ်ပုံ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များကို လိုက်နာရန်လိုအပ်ပုံ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်နှင့် ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ၊ ဌာနမှစားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စားသုံးသူတိုင်ကြားမှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကွင်းဆင်းဖြေရှင်းပေးခဲ့မှု ဆွေးနွေးပြီး တက်ရောက်လာကြသူများက စားသုံးသူကာကွယ်ရေး လုပ်ငန်းများကို ဝိုင်းဝန်းပူး ပေါင်းဆောင်ရွက်ပေးရန်နှင့် အကြံပြု ဆွေးနွေးပေးရန်တို့ကို ပြောကြားခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာခန့်ခန့်ဝင်းရွှေက ဌာန၏ နောက်ခံသမိုင်း၊ ပြည်တွင်း/ပြည်ပမှ အစားအသောက်နှင့်ဆေးဝါးများ ထုတ်လုပ်တင်သွင်းရာတွင် ထောက်ခံချက်ထုတ်ပေးခြင်းနည်းစဉ် အဆင့်ဆင့်၊ အမှတ်တံဆိပ် သတ်မှတ်ချက်များ၊ စားသောက်ကုန်များတွင် အသုံးပြုနေသည့် ဆိုးဆေးများအကြောင်း၊ ဆေးဝါးများ ဝယ်ယူသုံးစွဲမှုနှင့် ပတ်သက်၍ သတိပြုရမည့်အချက်များ၊ အလှကုန်များနှင့်ပတ်သက်၍ ဝယ်ယူသုံးစွဲရမည့် နည်းစနစ်များကို ဟောပြောဆွေးနွေးခဲ့ပြီး ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်မောင်လွင်က လူများအသက်ရှင်နေထိုင်နိုင်ရန် ရေ၊ လေ၊ နေရောင်ခြည်နှင့် အစားအသောက်များ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ (၂၀)ရာစု နှောင်းပိုင်းမှစ၍ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း၊ ရေကိုလည်းကျိုချက်အသုံးပြုသင့်ပုံနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ခရမ်းလွန်ရောင်ခြည် ကျရောက်မှုများပြားပြီး အရေပြားကင်ဆာဖြစ်ပွားနိုင်ကြောင်း၊ ဆိုးဆေးအသုံးပြုမှုကြောင့် ဆေးရုံများတွင် ကျောက်ကပ်ဝေဒနာရှင်များ များပြားနေမှုတို့ကို ဆွေးနွေးသွားပါသည်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အနောက်ပိုင်းခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ တာဝန်ရှိသူများ၊ ကြည့်မြင်တိုင်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြည့်မြင်တိုင်ညဈေးတွင် ဈေးရောင်းချသူများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၂၀ဦး တက်ရောက်ခဲ့ပါသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ကွပ်ကဲမှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် သုံးနေရာ၊ အနောက်ပိုင်းခရိုင်တွင် သုံးနေရာ၊ တောင်ပိုင်းခရိုင်တွင် ငါးနေရာ၊ မြောက်ပိုင်းခရိုင်တွင် ခုနစ်နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အိန္ဒြေအောင်**
**(စားသုံးသူ)ရန်ကုန်**

## ချမ်းမြေ့ရိပ်သာ ကုသိုလ်ဖြစ်မျက်စိကုဆေးခန်းတွင် အခမဲ့မျက်စိအလင်းဒါနပြုလုပ်မည်

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော မြန်မာနိုင်ငံမှ မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့၊ သမားတော်ကြီးများအဖွဲ့၊ ထိုင်းနိုင်ငံမှ မျက်စိခွဲစိတ်အထူးကု ဆရာဝန်နှင့်အဖွဲ့တို့သည် မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင်များကို ဒီဇင်ဘာလတွင် အခမဲ့ခွဲစိတ်ကုသပေးမည် ဖြစ်ပါသည်။

မျက်စိအတွင်းတိမ်ရောဂါ ခွဲစိတ်ကုသလိုသော ဝေဒနာရှင်များသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်အတွင်း ချမ်းမြေ့ရိပ်သာကျောင်း၊ အမှတ် ၅၅-က၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ဖြစ်စေ၊ ဖုန်းအမှတ် ၀၉-၄၅၈၂၈၂၄၂၈ သို့ဖြစ်စေ၊ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ စာရင်းပေးသွင်းထားသူများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နှင့် ၄ ရက်များတွင် အမှတ် ၅၅-က၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ချမ်းမြေ့ရိပ်သာကျောင်းတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပဏာမစမ်းသပ်စစ်ဆေးပေးမည်ဖြစ်ပါသည်။

ခွဲစိတ်ကုသရန် လိုအပ်သော အတွင်းတိမ်မျက်စိဝေဒနာရှင်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅၊၆၊၇၊၈ ရက်များတွင် ချမ်းမြေ့ရိပ်သာ(မှော်ဘီ)ရှိ ချမ်းမြေ့ရိပ်သာ ကုသိုလ်ဖြစ် မျက်စိကုဆေးခန်းတွင် မျက်စိအထူးကုဆရာဝန်များက အခမဲ့ခွဲစိတ် ကုသပေးမည်ဖြစ်ပါသည်။



## မြို့ကြီးများ၏ ၂၄-၁၀-၂၀၁၆ မှ ၂၈-၁၀-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၄-၁၀-၂၀၁၆) | အင်္ဂါ(၂၅-၁၀-၂၀၁၆) | ဗုဒ္ဓဟူး(၂၆-၁၀-၂၀၁၆) | ကြာသပတေး(၂၇-၁၀-၂၀၁၆) | သောကြာ(၂၈-၁၀-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၇°F |
| မြစ်ကြီးနား | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | ၅၀% ၂၉°C/၈၅°F |
| လားရှိုး | ၃၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၄°F | ၄၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၂°F | ၄၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၃°F |
| လွိုင်ကော် | ၈၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၈°F | ၄၀% ၂၇°C/၈၀°F |
| တောင်ကြီး | ၈၀% ၂၄°C/၇၆°F | ၅၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F |
| မော်လမြိုင် | ၇၀% ၃၀°C/၈၆°F | ၄၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F |
| ဘားအံ | ၉၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၃°C/၉၁°F |
| တောင်ငူ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F |
| မုံရွာ | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၇၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၇°F |
| ပုသိမ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၄၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၈°F |
| မြိတ် | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၇°F |
| မကွေး | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F |
| ဖလမ်း | ၄၀% ၂၂°C/၇၂°F | ၃၀% ၂၅°C/၇၇°F | ၅၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F |

## ဂျပန်နိုင်ငံအနောက်ပိုင်းဒေသတွင် အင်အား ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်

ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသများ တွင် အောက်တိုဘာလ ၂၁ ရက်နေ့လယ်ပိုင်းက အင်အား ရစ်ခ်ျတာစကေး ၆ ဒသမ ၂ အဆင့် ရှိ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံငလျင်တိုင်းတာရေး အေဂျင်စီ က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာဒေသ၏ အနောက်ဖက် ကူရာယိုရှီမြို့အနီး မြေအောက် ၃ ဒသမ ၆ကီလိုမီတာအကွာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကူရာယို ရှီမြို့ရှိ လူနေအိမ်များနှင့်ရုံးအဆောက်အဦ စုစုပေါင်း ရှစ်သောင်းခန့်တွင် လျှပ် စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ ခဲ့ကြရသည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုသည် အင်အား ပြင်းထန်သော်လည်းအသေးစားထိခိုက် ဒဏ်ရာရရှိမှုများသာရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါကူရာယိုရှီမြို့တွင် တည်ဆောက်ထားသည့် နျူကလီးယား ဓာတ်အားပေးစက်ရုံတွင်လည်း ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြခဲ့သည်။

ချီဂိုကုနှင့်အိုကာရာမအဝေးပြေး လမ်းမကြီးတွင်လည်း ပျက်စီးဆုံးရှုံးမှု များမရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ် ပြီး နာရီပိုင်းအကြာတွင် အဆိုပါလမ်းပေါ် ၌ မော်တော်ယာဉ်များ သွားလာနေပြီဖြစ်ကြောင်း အဆိုပါလမ်း၏ထိန်းသိမ်း ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် အချို့သောအိမ်များ၏မျက်နှာကျက်အမိုးများ ပြုတ်ကျခြင်း၊ အထပ်မြင့်အဆောက်အဦများ အနည်းငယ်ခါယမ်းသွားခြင်း တို့သာဖြစ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု အနည်းငယ်ဖြစ်ခဲ့သည်မှအပ လူအသေအပျောက် မရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်တို့က စီအန်န်အန်န်သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံ မိုးလေဝသဌာနမှလည်း နောက်နှစ်ရက်အတွင်း ဂျပန်နိုင်ငံတွင် အင်အားပြင်းထန်သည့်ငလျင် လှုပ်ခတ်နိုင်ဖွယ်ရာရှိကြောင်း ကြိုတင်သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။ **မယ်သီတာ**

## တရုတ်နိုင်ငံ၊ တောင်ပိုင်းရှိ ဟိုင်နန်ကျွန်းသို့ တိုင်ဖွန်းမုန်တိုင်း ဟာအီမာ ဝင်ရောက်တိုက်ခတ်

အောက်တိုဘာလ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံတွင်းသို့ ဖြတ်သန်းဝင် ရောက်တိုက်ခတ်ခဲ့သည့်ဆီရီနာတိုင်ဖွန်း မုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်နန်ကျွန်းသို့ တိုင်ဖွန်းဟာအီမာအမည်ဖြင့်ဆက်လက်ဝင်ရောက်တိုက် ခတ်ခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါမုန်တိုင်းသည်ဗီယက်နမ်နိုင်ငံအတွင်းသို့ ကုန်းတွင်းမုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်ခဲ့သော်လည်း အားပျော့သွားခြင်းမရှိဘဲ ဆက်လက်အား ကောင်းလာကာ တရုတ်နိုင်ငံတောင်ပိုင်းရှိဟိုင်နန်ကျွန်းသို့ဆက်လက်ဝင်ရောက် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

တိုင်ဖွန်းမုန်တိုင်း ဟာအီမာသည် ဟိုင်နန်ကျွန်းသို့ တစ်နာရီလျှင် ကီလိုမီ တာ ၁၆၀ နှုန်းဖြင့် ဝင်ရောက်တိုက်ခတ် ခဲ့ရာ လူပေါင်း ငါးသိန်းကျော်မှာ မုန်တိုင်းအန္တရာယ်မှလွတ်ကင်းသည့်ဒေသများသို့ တိမ်းရှောင်ခဲ့ရသည်ဟုဆိုသည်။

မုန်တိုင်းမတိုက်ခတ်မီနှင့်တိုက်ခတ် နေစဉ်ကာလ နှစ်ရက်အတွင်း မိုးသည်း ထန်စွာရွာသွန်းခဲ့ရာ မိုးရေချိန် ၂၅၈ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် ဖိလစ်ပိုင် နိုင်ငံသို့ ပထမဦးစွာ စတင်ဝင်ရောက် တိုက်ခတ်ခဲ့ပြီးနောက် ဆက်လက်အား ကောင်းလာခဲ့ကာ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ဟာအီမာမုန်တိုင်းတိုက်ခတ်မှုကြောင့် ဟိုင်နန်ကျွန်းတွင် လူတစ်ဦးသေဆုံးခဲ့ရပြီး လျှပ်စစ်မီးများ ပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

ယခုအခါ တရုတ်နိုင်ငံတောင်ပိုင်း ရှိ ဟိုင်နန်ကျွန်းသို့ ဝင်ရောက်တိုက်ခတ် ပြီးနောက် အားပျော့ပျက်ပြယ်ခဲ့ကြောင်း စီအန်န်အန်န် သတင်းတွင် ဖော်ပြထား သည်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သည့် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဟိုင်နန်ကျွန်းတို့တွင် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံတွင် လေကြောင်း ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသဖြင့် ဗီယက်နမ်နိုင်ငံ၏ခရီးသွားလုပ်ငန်းများတွင် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့ ရသည်ဟု ဆိုသည်။

ဟာအီမာမုန်တိုင်းသည် အားပျော့ ပျက်ပြယ်ခဲ့သော်လည်းမုန်တိုင်း၏ အရှိန်ကြောင့် ဟောင်ကောင်တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်သည်ဟု ဆိုသည်။

# [illegible]

|ရီလင်းထွင့် (မုံရွာ)|



ကမ္ဘာ့နိုင်ငံအသီးသီးမှာ မီးခိုးမထွက်တဲ့ စီးပွားရေး လုပ်ငန်းများဟာ ဝင်ငွေအများဆုံးရရှိတဲ့လုပ်ငန်းများဖြစ်နေတာကိုတွေ့ရပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ သဘာဝသယံဇာတတွေကို အခြေခံထားပြီး လုပ်ကိုင် ကြရတဲ့လုပ်ငန်းများအနက် မီးခိုးမထွက်တဲ့ စီးပွားရေးလုပ်ငန်းဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သလို ဝင်ငွေ အကောင်းဆုံးလုပ်ငန်းတစ်ခုဖြစ်နေတာကြောင့် ကမ္ဘာ့နိုင်ငံ အသီးသီးဟာ အဲဒီမီးခိုးမထွက်တဲ့ဝန်ဆောင်မှု လုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်နေကြတာကို တွေ့မြင်နေရပါတယ်။ မီးခိုးမထွက်တဲ့လုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ GDP(Gross Domestic Product) မှာ ပါဝင်မှုအချိုးအစားမြင့်မားလာတဲ့ လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း မီးခိုးမထွက်တဲ့ ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းလို့ခေါ်တဲ့ ခရီးသွားလုပ်ငန်း အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို အခြေခံတဲ့ခရီးသွားလုပ်ငန်းကနေ နှစ်စဉ် ဝင်ငွေတိုးတက်ရရှိနေတာကို တွေ့နေရပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုအခြေခံတဲ့ခရီးသွားလုပ်ငန်းဟာ တခြားသော လုပ်ငန်းတွေဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းစတဲ့ တိုင်းပြည်ရဲ့ စီးပွားရေးလုပ်ငန်းတွေအနက် ဝင်ငွေ အများဆုံးရရှိနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပါတယ်။

သဘာဝ အခြေခံခရီးသွားလုပ်ငန်းကြောင့် ဝေးလံခေါင်သီတဲ့ဒေသတွေဟာ ယခင်ကထက် ပိုမို ဖွံ့ဖြိုး တိုးတက်လာနိုင်တဲ့ အပြင် ဒေသခံလူငယ်လူရွယ်များလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး လူနေမှု အဆင့်အတန်းများလည်း ပိုမိုမြင့်မားလာနိုင်ခြင်း၊ သမိုင်းယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာသို့ ဖော်ထုတ်ပြသနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်မှာဖြစ်ပါတယ်။

မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတာကို တွေ့ရှိရပြီး ၂၀၁၅ ခုနှစ်အတွင်း ခရီးသည်ဝင်ရောက်မှု ၄ ဒသမ ၆ သန်းရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရသိရပါတယ်။ ဒါ့အပြင် လာမယ့် ၂၀၂၀ ခုနှစ်မှာလည်း ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းကျော် လာရောက်နိုင်လိမ့်မယ်လို့လည်း ခန့်မှန်းထားကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံတကာ ခရီးသွားလာရေးဆိုင်ရာ အဖွဲ့အစည်းများရဲ့အသွားသင့်ဆုံးလို့ သတ်မှတ်ထားတဲ့ ကမ္ဘာ့နေရာများအနက် ထိပ်ဆုံးနေရာတွင် သုံးနှစ် ဆက်တိုက်ရပ်တည်နေခဲ့ကြောင်း ဟိုတယ်နှင့် ခရီး သွားလာရေးလုပ်ငန်းမှ သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း ကမ္ဘာလှည့် ခရီးသည်များ စိတ်ဝင်စားဖွယ်ရာနေရာများ အများအပြား ရှိရာ သဘာဝအလှပတ်ဝန်းကျင်နှင့် ပြည့်စုံတဲ့ ကသာခရိုင်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကုန်းတွင်းရေချိုငါးလုပ်ငန်း လုပ်ကိုင်နိုင်ကာ စိုက်ပျိုးရေးကို အထောက်အပံ့ဖြစ်စေသော ကသာပတ်ဝန်းကျင်တွင် မြစ်ကျိုးအင်းများတည်ရှိသဖြင့် နိုင်ငံခြားသားများစိတ်ဝင်စားကြပါတယ်။ ရှေးကျသော သက်မျိုးနွယ်စုတွင် ပါဝင်သည့် ကဒူး ကနန်းလူမျိုးများနေထိုင်ရာဒေသဖြစ်ပြီး ကောလင်းရွှေတူးဖော်ရေးလုပ်ငန်းဟာလည်း အများစိတ်ဝင်စားရာနေရာတစ်နေရာဖြစ်ပါတယ်။

မူးမြစ်အစတောင်သုံးလုံးကဟု အဆိုရှိသည့် တောင်သုံးလုံးတောင်သည် မီးတောင်ဟောင်းအမျိုးအစားဖြစ်ပြီး ဗန်းမောက်မြို့နယ်အတွင်း တည်ရှိကာ အထူးလေ့လာသင့်သောနေရာဖြစ်ကြောင်းသိရပါတယ်။ ဗန်းမောက်မြို့မှာရှိတဲ့ ဇလုံတောင်ဘုရားနဲ့ သဘာဝတောတောင်လမ်းခရီးစဉ်ကလည်း ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားဖွယ် နေရာတစ်ခုဖြစ်ပါတယ်။ ကိုလိုနီခေတ်က ထင်ရှားကျော်ကြားသည့် အင်္ဂလိပ်စာရေးဆရာကြီး ငါးနှစ်တာ နေထိုင်အမှုထမ်းခဲ့သော ကသာမြို့ကို ဇာတ်အိမ်တည်ရေးဖွဲ့ထားသည့် Burmese Day ဆိုတဲ့ဝတ္ထုကြောင့် ကမ္ဘာ့စာဖတ်ပရိသတ်များဖြစ်သော နိုင်ငံခြားသားများသည် အပျော်စီးသင်္ဘောများဖြင့်ဖြစ်စေ၊ အငှားအမြန်ယာဉ်ဖြင့်ဖြစ်စေ လာရောက်လည်ပတ်ကာ ဝတ္ထုအတွင်းမှ ဇာတ်ဝင်ခန်းနေရာများနှင့် သဘာဝရေမြေတောတောင်များရှိတဲ့ ဆင်စခန်းသို့ကြည့်ရှုလည်ပတ်လေ့ရှိကြောင်း သိရပါတယ်။ ဒါကြောင့် ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်။

ကသာခရိုင်တွင်မြို့နယ်ခုနစ်မြို့နယ် ပါဝင်ပြီး ခရိုင်အကျယ်အဝန်း ၆၁၂၅ စတုရန်းမိုင်မှာ သစ်တောမြေဧက ၄၉ရာခိုင်နှုန်းခန့်ရှိကာ မင်းဝံတောင်၊ ကန့်ကော်တောင်၊ တကောင်းတောင်တန်းများ၊ ဧရာဝတီမြစ်၊ မဲဇာမြစ်၊ အင်းတော်အင်းတို့တည်ရှိပါတယ်။ ဆန်စပါး၊ ကောက်ညှင်း၊ ကြံ၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံများထွက်ရှိပြီး မန္တလေး၊ မြစ်ကြီးနား၊ ဗန်းမော်မြို့များကို တင်ပို့ရောင်းချရပါတယ်။ ဆန်စပါး၊ ပဲမျိုးစုံအပြင် အခြားလူသိများတဲ့ ဒေသထွက်ကုန်များကတော့ ကသာငါးလေးချဉ်၊ အင်းတော်ငါးကြီးချဉ်နှင့် သစ်ပရိဘောဂ၊ ဗန်းမောက်သစ်၊ မြစ်ဆုံပန်းပု၊ ထီးချိုင့်ကြံ၊ သကြား၊ ပွက်ရည်၊ ကောလင်းရေစိမ်ခေါက်ဆွဲ၊ ပင်လည်ဘူးပျားရည်၊ ဝန်းသိုနှီးခြင်း၊ တင်းပြည်တောင်းတို့ ဖြစ်ကြပါတယ်။

နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်းများ၊ တံတားများကို တည်ဆောက်ပေးထားတဲ့အတွက် ကျေးရွာတော်တော်များများလည်း မြို့နှင့် ကူးလူးဆက်သွယ်မှု ယခင်ကလောက် မခက်ခဲတော့တာတွေ့ရပါတယ်။ ၎င်းတို့အနက် ကားလမ်းများဟာ သိသာ ထင်ရှားစွာ တိုးတက်လာတဲ့အတွက် ခရီးသည်များအတွက် အဆင်ပြေလာခဲ့ပါတယ်။ ရထားလမ်းနဲ့ ရေကြောင်းလမ်းများကတော့ ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် အားထားသုံးစွဲလျက် ရှိကြပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ရေကြောင်းမှာ မန္တလေးမှ ဧရာဝတီမြစ်ကြောင်း လမ်းအတိုင်း ထီးချိုင့်-ကသာ-ဗန်းမော်အထိ ရာသီမရွေး သွားလာနိုင်ပါတယ်။ ကားလမ်းကြောင်းအနေနဲ့ မန္တလေး-ရွှေဘို-အင်းတော်-မြစ်ကြီးနားလမ်း၊ ဧရာဝတီမြစ်ကူးတံတား ထီးချိုင့်ရှိပြီး မန္တလေး-တကောင်း-ထီးချိုင့်-ဗန်းမော်-မြစ်ကြီးနားလမ်းတို့ဖြစ်ပါတယ်။ မီးရထားလမ်းအနေနဲ့ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း တစ်လျှောက်အတွင်း ကောလင်း-ဝန်းသို(ဂျိုးထောင်)-အင်းတော်(နဘား)ဘူတာများမှာ ကုန်တင်ကုန်ချလုပ်ငန်းများ ပြုလုပ်ရာမှာ အဓိကကျတဲ့နေရာများပဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း ရထားလမ်းနဲ့ ကုန်သွယ်ရာမှာ အချိန်မမှန်ခြင်း၊ လမ်းခရီးတွင် ကြန့်ကြာခြင်းစတဲ့ အခက်အခဲများကြောင့် ကုန်စည်ဝန်ဆောင်ခများမှာ မြင့်တက်လျက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကသာခရိုင်အတွင်း ကုန်စည်သယ်ယူပို့ဆောင်ရာမှာ လျင်မြန်ချောမွေ့လာစေရေးအတွက် အဓိကထားပြီး လုပ်ဆောင်ပေးနိုင်ပါက ကုန်စည်သယ်ယူပို့ဆောင်ခများ ကျဆင်းလာနိုင်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာမှာဖြစ် ပါတယ်။

ဧရာဝတီမြစ်ကြောင်းလမ်းမှ တစ်ဆင့် ရန်ကုန်မှ ဓာတ်ဆီဒီဇယ်ပီပါများဟာ ကသာမြို့နယ် သဖန်းကိုင်း သင်္ဘောဆိပ်မှာကုန်ချပြီး ကုန်းလမ်းမှ တစ်ဆင့် အင်းတော်မြို့သို့ရောက်ရှိကာ ထိုမှ တစ်ဆင့် မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်အထိ ဆက် လက်ပို့ဆောင်ကြပါတယ်။

မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသမှတင်ပို့လာတဲ့ အခြားအိမ်ဆောက်ပစ္စည်း၊ လူသုံးကုန်စားသောက်ကုန်များကိုလည်း ကသာမြို့ရဲ့ ဆိပ်ကမ်းမှာချပြီး ကားလမ်းကြောင်းများနဲ့ ဗန်းမော်သို့တင်ပို့ကာ ဗန်းမော်မှတစ်ဆင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါတယ်။ ဗန်းမော်မြို့ဟာ တရုတ်နိုင်ငံရဲ့နယ်စပ်နဲ့လည်း ထိစပ်နေတဲ့အတွက် သစ်မှောင်ခို၊ မူးယစ်ဆေးဝါးနဲ့ ကျွဲနွားမှောင်ခိုများကိုလည်း ဂရုစိုက်ဆောင်ရွက်နေရကြောင်း သိရှိရပါတယ်။

ဒါ့အပြင် အင်းတော်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်ဒေသမှ ထွက်ရှိတဲ့ဆန်များဖြစ်တဲ့ ဆင်းဧကရီ(၃)နှင့် မှော်ဘီ(၂)ဆန်များကို ကချင်ပြည်နယ်ဘက်သို့ လစဉ် ဆန်အိတ်ရေ ၁၅၀၀၀၀ ခန့် တင်ပို့ရောင်းချ စီးထွက် လျက်ရှိတာ သိရပါတယ်။ ကသာခရိုင်အတွင်း ကောလင်းမြို့နယ်မှာ ဆန်စက်အများဆုံးရှိပြီး စက်ကြီး၊ ငါးပုံ၊ ဟာလာစတဲ့ ဆန်စက်စုစုပေါင်း ၇၄၀ ခန့်ရှိရာ စက်ကြီး ၉၃ လုံးခန့်သာရှိတဲ့အတွက် အဆင့်မြင့်ဆန်စက် အရေအတွက် တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဖို့လိုအပ်နေပါတယ်။

အဆင့်မြင့်ဆန်စက်အရေအတွက် ပိုမိုတိုးတက်လာမှသာ အရည်အသွေးကောင်းတဲ့ ဆန်တွေ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ အခုခေတ်ကာလဟာ အရည်အသွေးခေတ်ကိုရောက်ရှိနေတာကြောင့် ဆန်အရည်အသွေးကောင်းကို ဈေးကွက်က တောင်းဆိုနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်ဝင်အရည်အသွေးကောင်းဆန်များ ဈေးကွက်သို့ ဝင်ရောက်လာတဲ့အတွက် ဈေးကွက်အတွင်းမှာ အရည်အသွေးနိမ့်ဆန်များနည်းသွားပြီး တန်းမြင့်ဆန်များသာ ထုတ်လုပ်မှုများလာကာ ဈေးကောင်းရရှိနေပြီဖြစ်ပါတယ်။

ဒါ့အပြင် ကသာဒေသမှာ နှစ်ရှည်ပင်များဖြစ်တဲ့ သရက်၊ လျှော်ဖြူများနှင့် ရာသီဥတုကောင်းလို့ ပန်းမျိုးစုံဖြစ်ထွန်းသလို ဂျပန်မြက်စိုက်ပျိုးရေး ကုမ္ပဏီများကလည်း စမ်းသပ်စိုက်ပျိုးလျက်ရှိတာတွေ့ရပါတယ်။ သကြားစက်ရုံများရှိလို့ အလုပ်အကိုင်အခွင့်အလမ်းရှိသလို မန္တလေးသကြားဈေးကွက်မှာ ကသာကြံပွက်ရည်ကအဓိကဈေးကွက်ဖြစ်လျက်ရှိပါတယ်။ ကသာဒေသဟာ မိုးများချိန်မှာရေဝင်တတ်လို့ မြစ်ချောင်း အင်းအိုင်များကို စနစ်တကျ စီမံခန့်ခွဲရေးစဉ်ဆက်မပြတ်ဆောင်ရွက်ပေးခြင်း၊ သဘာဝအရင်းအမြစ်အရရော ရေမြေအနေအထားအရပါ အခွင့်အလမ်းကောင်းများရှိလို့ ဒေသခံ ပြည်သူအားလုံး ကိုယ်ပိုင်အင်အားကို အသုံးချခြင်းဖြင့် ဒေသဖွံ့ဖြိုး တိုးတက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတော့တယ်။

■

# ဆူဇူကီးဖလား အကြိုပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အိုမန်လက်ရွေးစင် ဘောလုံးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်



လာမည့်နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာနိုင်ငံ၌ စတင်ယှဉ်ပြိုင်တော့မည့် ဆူဇူကီးဖလားပြိုင်ပွဲအတွက် အကြိုပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် နိုဝင်ဘာ ၄ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းကစားပြီးနောက် နိုဝင်ဘာ ၁၄ ရက်တွင် အာရှအဆင့် ဘောလုံးအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိုမန်အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲတစ်ရပ်ကို ထပ်မံ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အိုမန်အသင်းသည် အာရှဖလား ခြေစစ်ပွဲ တတိယအဆင့်သို့ တက်ရောက်လာသည့်အသင်းဖြစ်ပြီး လက်ရှိတွင် ကမ္ဘာ့အဆင့် ၁၂၉ ၌ရပ်တည်နေသည့်အသင်းဖြစ်သည်။ ထို့ပြင် အိုမန်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲလေးပွဲတွင် အိုင်ယာလန်အသင်းကို ရှုံးနိမ့်ထားကာ တာ့ခ်မေးနစ္စတန်၊ဂျော်ဒန်နှင့် ဘာရိန်းအသင်းတို့ကို အနိုင်ရရှိထားသည်။

အိုမန်အသင်းတွင် အင်္ဂလန်ကလပ် ဝီဂန်အသင်း၏ ကစားသမားဟောင်းနှင့် လက်ရှိချန်ပီယံရှစ်ကလပ် ရက်ဒင်းအသင်း၏ ဂိုးသမားဖြစ်သူ အယ်လ်ဟက်ဘ်ဆီက အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ပါဝင်လျက်ရှိသည်။

မြန်မာအသင်းနှင့် အိုမန်အသင်းတို့သည် ၂၀၁၁ ခုနှစ်က ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဒုတိယအဆင့်တွင်တွေ့ဆုံခဲ့ကြဖူးပြီး ပထမအကျော့အဖြစ် အိုမန်နိုင်ငံတွင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒုတိယအကျော့အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ပရိသတ်များ စံချိန်တင်လာရောက်ကြည့်ရှုခဲ့ကြပြီး ပရိသတ်အချို့၏ အလွန်အကျူး အားပေးမှုများကြောင့် ပွဲရပ်ဆိုင်းခဲ့ရကာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အရေးယူမှုကိုခံခဲ့ရသည်။

အဆိုပါပွဲမှုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အိမ်ကွင်းပွဲစဉ်များ ကျင်းပခွင့် ဆုံးရှုံးခဲ့ရသည်။

# အာရှယူ-၁၉ အမျိုးသမီးချန်ပီယံရှစ် ၂၀၁၇ ခြေစစ်ပွဲကို ထိုင်းနိုင်ငံတွင် ကျင်းပတော့မည်မဟုတ်ဘဲ မြန်မာနိုင်ငံ၌ ကျင်းပမည်

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ ခုနှစ် အာရှအသက် ၁၉ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အကြိုခြေစစ်ပွဲအုပ်စု (ဂ) ပွဲစဉ်များကို လာမည့် ဒီဇင်ဘာ ၂၀ရက်မှ ၂၄ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် မူလက သတ်မှတ်ထားသော်လည်း ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းကြောင့် ထိုင်းနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကာ ရန်ကုန်မြို့၊သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါခြေစစ်ပွဲ၏ အုပ်စု (ဂ)တွင် မြန်မာအသင်းနှင့်အတူ ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ္စတန် အစရှိသည့်အသင်းများ ပါဝင်လျက်ရှိသည်။

## ၂၀၁၆ အာဆီယံဖူဆယ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ပျက်ပြယ်

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဖူဆယ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲမှာ ကျင်းပနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။ မူလက အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၇ရက်အထိ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် သတ်မှတ်ထားသော်လည်း ထိုင်းဘုရင်မင်းမြတ်နတ်ရွာစံခြင်းကြောင့် ထိုင်းနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်း မရှိတော့ကြောင်း ထိုင်းနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို အခြားပြိုင်ပွဲဝင်နိုင်ငံများက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိရန် အာဆီယံဘောလုံးအဖွဲ့ချုပ်က ဆန္ဒတောင်းခံခဲ့သော်လည်း ကျင်းပမည့်နိုင်ငံ ထွက်ပေါ်လာခြင်းမရှိသဖြင့် ယခုကဲ့သို့ ပြိုင်ပွဲအားဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

# ၂၀၁၉ အာရှဖလား ဝင်ခွင့်အတွက် တတိယအဆင့် ခြေစစ်ပွဲများကစားရမည့် မြန်မာအပါအဝင် ၂၄ သင်းစာရင်းအား အေအက်ဖ်စီထုတ်ပြန်

အာရှ ဘောလုံးအဖွဲ့ချုပ် (AFC) သည် ယူအေအီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၉ အာရှဖလား 2019 AFC Asian Cup ပြိုင်ပွဲအတွက် ခြေစစ်ပွဲ (တတိယအဆင့်) ယှဉ်ပြိုင်ကစားရမည့် ၂၄-သင်းစာရင်းကို အောက်တိုဘာ ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့်လည်း ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုတွင် အဆင့်(၄)နေရာ ရရှိခဲ့သည့်အတွက် အဆိုပါ ၂၄ သင်းစာရင်းတွင် ပါဝင်လာခဲ့သည်။

AFC သည် ခြေစစ်ပွဲတတိယအဆင့်ကစားမည့် ပွဲစဉ်များနှင့်ရက်စွဲကိုမူ လတ်တလော ထုတ်ပြန်ကြေညာထားခြင်းမရှိသေးပေ။ တတိယအဆင့် ခြေစစ်ပွဲဝင်အသင်း ၂၄ သင်းအနက် ၁၂ သင်းသည် နောက်ဆုံးအဆင့် ပွဲစဉ်များသို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ လက်ရှိအချိန်အထိ နောက်ဆုံးအဆင့်သို့ တက်ရောက်ကစားခွင့် ရရှိထားသည့်အသင်း ၁၂ သင်းရှိပြီး တတိယအဆင့်မှ ခြေစစ်ပွဲအောင်မြင်လာမည့် အသင်း ၁၂ သင်းနှင့်ပေါင်း၍ နောက်ဆုံးအဆင့် 2019 AFC Asian Cup ပြိုင်ပွဲကြီးကို စုစုပေါင်းအသင်း ၂၄ သင်းဖြင့် ယူအေအီးနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။

တတိယအဆင့် ခြေစစ်ပွဲကစားရမည့်အသင်းများမှာ မြောက်ကိုရီးယား၊ ဂျော်ဒန်၊ အိုမန်၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်၊ ဟောင်ကောင်၊ တာ့ခ်မင်နစ္စတန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ကူဝိတ်၊ ဖိလစ်ပိုင်၊ ဂူအမ်၊ မြန်မာ၊ ဘာရိန်း၊ အာဖဂန်နစ္စတန်၊ ယီမင်၊ တာဂျစ်ကစ္စတန်၊ မလေးရှား၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ မော်လ်ဒိုက်စ်၊ ဘူတန်၊ တရုတ် (တိုင်ပေ)တို့ဖြစ်ပြီး နောက်ဆုံး အဆင့်တွင် ကစားခွင့် ရရှိထားသည့် ၁၂ သင်းစာရင်းမှာ ယူအေအီး (အိမ်ရှင်)၊ ကာတာ၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ဆော်ဒီအာရေဗျ၊ ဩစတြေးလျ၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ အီရတ်၊ အီရန်၊ တရုတ်တို့ဖြစ်ကြောင်း သိရသည်။

# ကလေးမီးဖွားပြီး တစ်လအကြာ အမေရိကန်ဘောလုံးကြယ်ပွင့် လော်ရန်ဟောလီးဒေး၏ ဦးနှောက်အတွင်းမှ ကင်ဆာအကျိတ်ကို အောင်မြင်စွာ ခွဲထုတ်နိုင်ခဲ့

အမေရိကန် အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်း၏ ကြယ်ပွင့်ဖြစ်သူ လော်ရန်ဟောလီးဒေးသည် ၎င်း၏ ပထမဦးဆုံးကလေးကို မွေးဖွားပြီးနောက် ဦးနှောက်အတွင်းတည်ရှိနေသည့် ကင်ဆာအကျိတ်ကို အောင်မြင်စွာခွဲစိတ်၍ ဖယ်ရှားနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လော်ရန်ဟောလီးဒေးသည် ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျပန်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲတွင် အမေရိကန်အသင်းအတွက် အနိုင်ဂိုးများရရှိစေရန် အများဆုံး အထောက်အကူပေးခဲ့သူ တစ်ဦးဖြစ်သည်။

အဆိုပါပွဲတွင် လော်ရန်ကို ဘောလုံး ပရိသတ်အများစုက အကောင်းဆုံးဘောလုံးသမားအဖြစ် အသိအမှတ်ပြုခဲ့သည်။ ယင်းပြိုင်ပွဲအပြီးတွင် လော်ရန်သည် ဦးနှောက်အတွင်း အကျိတ်တည်သည့် ဝေဒနာကို ခံစားခဲ့ရသဖြင့် ဘောလုံးသမားဘဝမှ အနားယူခဲ့သည်။

ထို့နောက်လော်ရန်သည် ၎င်း၏ ပထမဦးဆုံးကလေးကို ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မွေးဖွားခဲ့ပြီးနောက် ဦးနှောက်အတွင်းမှ အကျိတ်ကိုခွဲထုတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လော်ရန်၏ ခင်ပွန်းဖြစ်သူမှာ NBA ဘတ်စ်ကက်ဘော အားကစားသမားဖြစ်သူ ဂျူရီဟောလီးဒေးဖြစ်ပြီး လော်ရန်၏ရောဂါကို ကုသရန်နှင့် ၎င်းတို့နှစ်ဦး၏သမီးငယ်ကို ပြုစုစောင့်ရှောက်ရန် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၁ သန်းပေးထားခဲ့သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ■



## ၂၀၁၇ အာဆီယံ ယူ–၁၈ ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိ

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွင်းကျင်းပမည့် အာဆီယံ ယူ-၁၈ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည့် အာဆီယံ ယူ-၁၈ ချန်ပီယံရှစ်ပြိုင်ပွဲသည် ယခင်နှစ်များက နှစ်စဉ်ကျင်းပခဲ့သည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကိုအသွင်ပြောင်းလဲ၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါပြိုင်ပွဲကိုဒုတိယ အကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာတွင် စတုတ္ထဆုသာ ရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲ၌ ချန်ပီယံ တစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ စတုတ္ထလေးကြိမ်ရရှိထားခဲ့သည်။

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲများသည် အရည်အသွေးမြင့် လူငယ်ကစားသမားများ ထွက်ပေါ်လေ့ရှိသဖြင့် ယင်းပြိုင်ပွဲသည် အာဆီယံဘောလုံးလောကအတွက် အရေးပါသည့် ပြိုင်ပွဲတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်အတွက် အခြားပြိုင်ပွဲများဖြစ်သည့် ဖိတ်ခေါ်ဖူဆယ်ကလပ် ချန်ပီယံရှစ်ကို ထိုင်းနိုင်ငံတွင်လည်းကောင်း၊ ယူ-၁၅ အမျိုးသမီး ချန်ပီယံရှစ်ကို လာအိုနိုင်ငံတွင်လည်းကောင်း၊ အမျိုးသား ယူ-၁၅ ချန်ပီယံရှစ်ကို စင်ကာပူနိုင်ငံ (သို့မဟုတ်) ထိုင်းနိုင်ငံတွင်လည်းကောင်း၊ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ကို ထိုင်းနိုင်ငံတွင် လည်းကောင်း၊ အာဆီယံဖူဆယ်ချန်ပီယံရှစ်ကို ဗီယက်နမ်နိုင်ငံတွင် လည်းကောင်း ကျင်းပသွားရန် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ပြိုင်ပွဲကျင်းပရေး ကော်မတီက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

## မြင်းခြံမြို့နယ် နတ်ထားကျေးရွာနှင့် ဆားခါးကျေးရွာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အဖွဲ့များ ဖွဲ့စည်း

မြင်းခြံမြို့နယ်၊ နတ်ထားကျေးရွာနှင့် ဆားခါးကျေးရွာတို့တွင် စားသုံးသူရေးရာဦးစီးဌာန၊ မြင်းခြံခရိုင် ဦးစီးမှူးရုံးမှ ဦးဇော်မင်း (ခရိုင်ဦးစီးမှူးတာဝန်) နှင့် ဝန်ထမ်းများသည် စားသုံးသူ အကာ အကွယ်ပေးရေး အဖွဲ့များကို အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်များတွင် ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါအဖွဲ့ကို ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ မိမိတို့ဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ဟောပြောဆွေးနွေးခဲ့ပြီးနောက် ကျေးရွာနေပြည်သူများအနေဖြင့် ဟောပြောပွဲမှ ရရှိသည့် အတွေ့အကြုံများကို ထိန်းသိမ်းဆောင်ရွက်စေရေး၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသန္တရ သတင်းများကို စားသုံးသူရေးရာဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားဆောင်ရွက်စေရေး၊ စားသုံးသူ အသိပညာပေးလုပ်ငန်းများအား တက်တက်ကြွကြွ ဆောင်ရွက်စေရေး၊ ကျေးရွာနေ ပြည်သူများအနေဖြင့် စားသုံးသူ နစ်နာဆုံးရှုံးမှုများကို အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် အရေးဆို တိုင်ကြားမှုများအား ဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက် ပေးစေရေး တို့အတွက် ရည်ရွယ် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့များကို ဖွဲ့စည်းရာတွင် အဖွဲ့တစ်ဖွဲ့လျှင် ခုနစ်ဦးစီဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ကျောက်ပန်းတောင်းမြို့၊ နွားထိုးကြီးမြို့၊ တောင်သာမြို့၊ ငါန်းဇွန်မြို့တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့များကို စာသင်ကျောင်းများ၊ ဈေးများ၊ ကျေးရွာများ စသည်တို့တွင် ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ အဖွဲ့များကို စနစ်တကျဆောင်ရွက်စေရေးအတွက် သင်တန်းများ ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**နေခြည်ဦး (မန္တလေး)**

## ကျိုက်ထီးရိုးဘုရားရှိ တောင်ပေါ် တောင်အောက် ဈေးတန်းများတွင် ရောင်းချနေသည့် ဈေးဆိုင်များအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်

မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ပြီး ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်အများဆုံး လာရောက်ဖူးမြော်လျက်ရှိသည့် သမိုင်းဝင်ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်ကြီး၏ ဘုရားပွဲရာသီမစတင်မီ တောင်ပေါ် တောင်အောက် ဈေးတန်းများတွင် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရန် အသိပညာပေးခြင်း၊ ဈေးတန်း ဈေးဆိုင်များတွင် တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိစစ်ဆေးခြင်းတို့အား မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ဘုရားဂေါပကအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီအဖွဲ့များ၊ ကျိုက်ထီးရိုးဘုရား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပါသည်။



အောက်တိုဘာ ၁၂ ရက်တွင် ကျိုက်ထီးရိုးဘုရား တောင်ခြေကင်ပွန်းစခန်းတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများအား ဟောပြောဆွေးနွေးပြီး မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရန် လိုက်နာရမည့် အချက်ငါးချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။ အောက်တိုဘာ ၁၃ ရက်တွင် ဘုရားတောင်ပေါ်ရှိ ဆီမီး ၉၀၀၀ ဓမ္မာရုံ၌ အသိပညာပေး ဟောပြောခြင်းအား ဆက်လက်ဆောင်ရွက်ပြီး တောင်ပေါ်ရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ဈေးဆိုင်များမှ တားမြစ်ကုန်စည်အချို့ ရောင်းချနေမှုများအား မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီမှ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

## ပုသိမ်ခရိုင်အတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအား စားသုံးသူရေးရာအသိပညာပေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီး ဌာနသည် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများ ပူးပေါင်း၍ ပုသိမ်မြို့ အမှတ်(၁၃) ရပ်ကွက်ရှိ စက်မှုဇုန်၊ ရွှေဝတ်မှုံ၊ ကင်မလင်းကျွန်းရပ်ကွက်အတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖြစ်ကြသော မုန့်မျိုးစုံလုပ်ငန်း၊ ဝေဖာတောင့်လုပ်ငန်း၊ ဟာလဝါလုပ်ငန်း၊ နန္ဒွင်းမှုန့်လုပ်ငန်းရှင်များအား အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်အထိ စားသုံးသူရေးရာ အသိပညာပေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ အခမ်းအနားမှာ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးက ယခုလုပ်ကိုင်လျက်ရှိတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား မိမိတို့ဌာနတွင် ကုန်အမှတ်တံဆိပ်များဖြင့် လိုင်စင်များပြုလုပ်ဆောင်ရွက်ပေးပါကြောင်း၊ ထုတ်လုပ်သောကုန်ပစ္စည်းများအားလည်း စားသုံးရန် သင့်မသင့်၊ ဓာတုဆိုးဆေးများ ပါမပါဓာတ်ခွဲစမ်းသပ်စစ်ဆေးလျက်ရှိပါကြောင်း၊ ဓာတုဆိုးဆေးများပါဝင်မှုမရှိဘဲ စားသုံးရန် သင့်တော်ပါက စားသောက်ရန် ခွင့်ပြုသည့် ထောက်ခံချက်များအား ထုတ်ပေးပြီးမိမိတို့ ထုတ်ကုန်ပစ္စည်းများတွင် တရားဝင်ကြေညာ၍ရောင်းချနိုင်ပါကြောင်း၊ စမ်းသပ်၍ ဓာတုဆိုးဆေးများပါဝင်ပါကလည်း ထုတ်ကုန်များအားပြန်လည် စိစစ်ထုတ်လုပ်ခွင့်ပြုပါကြောင်း၊ ထို့ပြင်အသေးစားလုပ်ငန်းရှင်များအား ကုန်ပစ္စည်းထုတ်လုပ်ပုံ၊ ဆိုးဆေးသုံးစွဲပုံများကို စားသုံးသူများအန္တရာယ် ကင်းစွာ စားသောက်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များက သင်တန်းပို့ချပေးလျက်ရှိပါကြောင်း ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ဖွံ့ဖြိုးတိုးတက်လျက်ရှိသောနိုင်ငံများသည်လည်း အသေးစား စက်မှုလက်မှုလုပ်ငန်းများကို ကူညီပံ့ပိုးမှုများပြုလုပ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့ရပါကြောင်း၊ သို့အတွက် အသေးစား စက်မှုလက်မှုလုပ်ငန်းများသည် တိုင်းပြည်အတွက် အရေးကြီးပါကြောင်း၊ ယခုအခါ အချို့လုပ်ငန်းများသည် လိုင်စင်မရှိဘဲ တံဆိပ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိရာ စားသုံးသူပြည်သူများအတွက် အန္တရာယ်ရှိပါကြောင်း၊ ထို့ကြောင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အန္တရာယ်ကင်းစွာ စားသုံးနိုင်သည့် ထောက်ခံချက်ပါရှိသဖြင့် စားသုံးသူများမှလည်း ဈေးကွက်အတွင်းလုပ်ငန်းရှင်များ ထုတ်လုပ်သော ကုန် ပစ္စည်းများကိုယုံကြည်စွာ စာသုံးလာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များ ထုတ်လုပ်သောကုန်ပစ္စည်းများ ဈေးကွက်အတွင်း ပို မိုကျယ်ပြန့်စွာရောင်းဝယ်နိုင်မည်ဖြစ်ပြီး မိမိတို့ဌာနမှလည်း လိုအပ်သည့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အသိ ပညာပေးဆောင်ရွက်ပေးမည်ဖြစ်ကာ လုပ်ငန်းရှင်များမှလည်း မိမိတို့လိုက်နာဆောင်ရွက်ရမည့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေညွှန်ကြားချက်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြင့် စားသုံးသူ ပြည်သူများအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန် အတ္တပရညီမျှစွာ ထုတ်လုပ်ရောင်းချရန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထူးကြိုးစားဆောင်ရွက်ကြပါရန် အသိပညာပေးဆွေးနွေး ပြောကြားခဲ့ပါကြောင်း သိရှိရပါတယ်။

**မောင်ပုသိမ်**

## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ တတိယပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်တွင် လျာထားချက်များအတိုင်း ဆောင်ရွက်ခဲ့ရာ မန္တလေးခရိုင်မှာ ဟောပြောပွဲ သုံးကြိမ်နှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးနှင့် လုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေးတစ်ကြိမ်၊ မြင်းခြံခရိုင်တွင် နှစ်ကြိမ်၊ ကျောက်ဆည်ခရိုင်တွင် နှစ်ကြိမ်နှင့် မိတ္ထီလာခရိုင်တွင် နှစ်ကြိမ် စုစုပေါင်း ကိုးကြိမ်ကျင်းပပြုလုပ်ခဲ့ပါတယ်။ မန္တလေးခရိုင်မှာ အောက်တိုဘာ တတိယပတ်အတွင်း အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက်၊ မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁)ရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်တို့မှာ ကျင်းပခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲများတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ အစားအသောက်များတွင် ကျန်ရှိနေသော ပိုးသတ်ဆေး ဓာတ်ကြွင်းဓာတ်ကျန်များအကြောင်း၊ ကျန်းမာရေးဌာနမှ ခွင့်မပြုဆိုးဆေးနှင့် ပတ်သက်သော အန္တရာယ်များအကြောင်းနှင့် ဥပဒေချုပ်ရုံးမှ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာဥပဒေ သိကောင်းစရာများ အကြောင်းများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါတယ်။

ယခု တတိယပတ်အတွင်း မန္တလေးခရိုင်မှာ ရပ်ကွက်များ၌ အဓိကထားဟောပြောခဲ့ရာ ကျန်းမာရေးဌာနက အိမ်ရှင်မများနှင့် ပတ်သက်သော အစားအသောက်များတွင် အများဆုံးပါဝင်သော သဘာဝဆိုးဆေး (Natural Food Dyes) နဲ့ ဓာတုဆိုးဆေး (Artificial Dyes) အကြောင်းကို ရပ်ကွက်နေပြည်သူများအား တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါတယ်။

**နေခြည်ဦး (မန္တလေးတိုင်း)**

# ပွင့်ဖြူမြို့နယ်နှင့်ဆင်ပေါင်ဝဲမြို့နယ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲများကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို ကျင်းပလျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ်၊ ချောင်းကောက်ကျေးရွာ အထကတွင်လည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် ပွင့်ဖြူမြို့နယ် ဝါစိုက်ပျိုးရေးတပ်တွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုတို့ကို ဆွေးနွေးဟောပြောခဲ့ကြသည်။

ဆင်ပေါင်ဝဲမြို့နယ်၊ ချောင်းကောက်ကျေးရွာ အထကတွင် ပြုလုပ်သည့် ဟောပြောပွဲသို့ ကယားပြည်နယ် ဦးစီးမှူး ဦးခမ်လျန်စွမ်းကိုယ်တိုင်လာရောက်၍ စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူများ၏ အခွင့်အရေးများနှင့် တာဝန်များ၊ လုပ်ငန်းရှင်များအတွက် တားမြစ်ထားချက်များ စသည့်အချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ အောက်တိုဘာ ၈ ရက်ကကျင်းပခဲ့သည့် ပွင့်ဖြူမြို့နယ် ဝါစိုက်ပျိုးရေးတပ်တွင် ကျင်းပခဲ့သည့် ဟောပြောပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက အစားအသောက်နှင့်ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများတွင် သက်ဆိုင်ရာဌာန အသီးသီး၏ ထောက်ခံချက်များပါရှိမှသာ ဝယ်ယူစားသုံးသင့်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံဒေါက်တာပြည့်ထူးနှင့် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်အေးအေးမိုးတို့က အစားအသောက်များနှင့် လူသုံးကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲရာတွင် အန္တရာယ် ရှိ/မရှိ ချင့်ချိန်ပြီးမှ ဝယ်ယူသုံးစွဲကြရန် ဟောပြောခဲ့ကြသည်။

ဆင်ပေါင်ဝဲမြို့နယ်၊ ချောင်းကောက်ကျေးရွာ အထကတွင် ပြုလုပ်သည့် ဟောပြောပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၉၃၀ ဦးတက်ရောက်ခဲ့ပြီး ပွင့်ဖြူမြို့နယ်၊ ဝါစိုက်ပျိုးရေးတပ်တွင် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ တပ်မှူးအပါအဝင် အရာရှိ၊ အရာခံ တပ်သားများ၊ ရဲမေများ စုစုပေါင်း ၂၆၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**



# မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အစည်းအဝေး (၅/၂၀၁၆) ကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအစည်းအဝေး (၅/၂၀၁၆) ကို မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် အောက်တိုဘာ ၁၄ ရက်က ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုကော်မတီမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီး၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်စွာဝင်းက ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယသုံးလပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခဲ့မှုများ၊ စံချိန်စံညွှန်း၊ အရည်အသွေးမီ ကုန်ပစ္စည်းများတွင် ပါဝင်ရမည့်အချက်များ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စီမံခန့်ခွဲမှုနည်းလမ်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုအခြေအနေ၊ စစ်ဆေးတွေ့ရှိချက်များအပေါ် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရန်အချက်များ၊ ခရိုင်အလိုက် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးကွင်းဆင်းစစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများအား ပါဝါပွိုင့်များဖြင့် အသေးစိတ်ရှင်းလင်းခဲ့ပါသည်။

ထို့နောက် ဆက်လက်၍ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာပြည့်ထူးက ထုတ်ကုန်လုံခြုံမှုပိုင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုဆိုးဆေးနှင့် ခွင့်မပြုဆိုးဆေးများအကြောင်း၊ မုန့်ဟင်းခါးဖတ်များတွင် တွေ့ရှိရသည့် အရောင်ချွတ်ဆေးများအကြောင်း၊ အောက်တိုဘာ ၃ ရက်မန္တလေးမြို့တွင် တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကိုယ်စား USAID မှ ကူညီပံ့ပိုးသည့် SOPs မူကြမ်းရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး တက်ရောက်ခဲ့မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ အဖွဲ့ဝင်များက အပြန်အလှန် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး ဈေးကွက်အတွင်း တွေ့ရှိရသော ကုန်အမှတ်တံဆိပ်သာပါရှိပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် အချက်အလက်များမပါရှိသော မုန့်များ၊ အရောင်ချွတ်ဆေးများ အသုံးပြုထားသော မုန့်ဟင်းခါးဖတ်များ ထုတ်လုပ်ရောင်းချနေမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များအား ခေါ်ယူ၍ အရည်အသွေးမီသော နည်းပညာထောက်ပံ့မှုများပေးပြီး လိုက်နာမှုမရှိမှသာ အရေးယူဆောင်ရွက်ရန်၊ စည်ပင်သာယာဈေးများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်ဟုထုတ်ပြန်ထားသည့် ကုန်ပစ္စည်းများ ထပ်မံတွေ့ရှိရမှုနှင့် စပ်လျဉ်း၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုကော်မတီမှ အဖွဲ့ဖြင့် သိမ်းဆည်းပြီး တစ်ပါတည်း ဖျက်ဆီးရန်၊ မြို့နယ်များတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဆက်စပ်ဌာနများဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားပေးနိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရန်တို့ကို တက်ရောက်လာသည့် အဖွဲ့ဝင်များမှ ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**



# မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၅/၂၀၁၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးက ကြီးမှူး၍ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၅/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၉ရက်က ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။ ဝန်ကြီးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများသည် စားသုံးသူများ ကုန်စည်နှင့် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ကျေနပ်မှု ရရှိစေရန် လုပ်ဆောင်ပေးရခြင်းဖြစ်ကြောင်း၊ စားသုံးသူများအား မိမိတို့အခွင့်အရေးများကို သိရှိနားလည်ပြီး တောင်းဆိုမှု ရယူနိုင်ရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်သော အသိပညာ ဗဟုသုတများကို ဟောပြောပညာပေးရန်လိုကြောင်း၊ သို့မှသာ စားသုံးသူများအနေဖြင့် စားသုံးသူ အခွင့်အရေးများကို ပြည့်ဝစွာ ခံစားနိုင်မှာဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများသည် စားသုံးသူပြည်သူများအတွက် ဇီဝိတဒါန ပြုလုပ်ရာရောက်၍ စိတ်ကောင်းစေတနာ အရင်းခံပြီး တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။

စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်က အဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော အငြင်းပွားမှု ဖြစ်စဉ်များအကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းမှ လက်ရှိလုပ်ဆောင်နေသော စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆောင်ရွက်မှုများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ အတွင်းရေးမှူး ဦးကြည်စိန်က စားသုံးသူ အကာအကွယ်ပေးရေး ကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ခရိုင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့မှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လေးလပတ်အလိုက် စားသုံးသူ အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက် နေမှု၊ ဆက်လက်ဆောင်ရွက်ရန် လျာထားမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**တင်ချစ်ကောင်း**
**(စားသုံးသူ-မန္တလေး)**

# ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ်အား စတင်မိတ်ဆက်

ကမ္ဘောဇဘဏ် လီမိတက်သည် ၎င်း၏ အကြွေးဝယ်ကတ်ဖြစ်သည့် KBZ UnionPay International (UPI) Credit Card အား အများ ပြည်သူသို့ စတင် မိတ်ဆက်လိုက်ပြီဖြစ်သည်။

ကမ္ဘောဇဘဏ်လီမိတက်သည် KBZ UnionPay International Credit Card များကို Classic ကတ်နှင့် Platinum ကတ်ဟူ၍ ပုံစံနှစ်မျိုးဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။ Platinum ကတ်အသုံးပြုသူများသည် ကမ္ဘောဇဘဏ်မှ ပေးအပ်သော အထူး ခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့အပြင် UnionPay ၏ Asia Prestige အစီအစဉ်အောက်ရှိ အထူး ခံစားခွင့်များဖြစ်သော ကမ္ဘာတစ်ဝန်းရှိလေဆိပ်များ၏ VIP နားနေခန်း အသုံးပြုခွင့်နှင့် တရုတ်နိုင်ငံရှိမီးရထားဘူတာ ရုံ ၂၀ တို့၏ နားနေခန်းအသုံးပြုခွင့်၊ ပြည်ပခရီးသွားအာမခံတို့ကို ရယူနိုင်မည်ဖြစ်ပါသည်။

သုံးစွဲသူများသည် အဆိုပါအကြွေးဝယ်ကတ်များဖြင့် ပြည်တွင်း၊ ပြည်ပမှ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအတွက် ငွေပေးချေနိုင်မည်ဖြစ်သည်။ Smart Chip နှင့် တည်ဆောက်ထားပြီး ကတ်လုံခြုံရေးအတွက်ပင် ကုတ်နံပါတ်ကို ထည့်သွင်းထားကြောင်း သိရသည်။

MPU နှင့် UPI ငွေပေးချေမှု ကွန်ရက်များနှင့် ချိတ်ဆက်ထားသောကြောင့် မြန်မာနိုင်ငံရှိ အရောင်းဆိုင် ၇၀၀၀ ကျော်နှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀ ကျော်၏ မိတ်ဖက် အရောင်းဆိုင်များတွင် အသုံးပြုနိုင်မည် ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအနှံ့အပြားရှိ ATM စက်များအားလုံးနှင့် ကမ္ဘာတစ်ဝန်းရှိ UPI ကွန်ရက်အောက်တွင်ရှိသော ATM စက်များတွင် ငွေ ထုတ်ယူခြင်း ပြုလုပ်နိုင်သကဲ့သို့ အွန်လိုင်းမှ ငွေပေးချေခြင်း များအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

အကြွေးဝယ်ကတ်သည် သာမန် ATM ကတ်များနှင့် သဘာဝအားဖြင့် မတူညီသောကြောင့်သုံးစွဲသူများဘက်မှ အကြွေးဝယ်ကတ်များကို တာဝန်သိစိတ်ရှိရှိ အကျိုးအပြစ် ခွဲခြားသိကာ အသုံးပြုဖို့လိုမည်လည်း ဖြစ်သည်။ ကမ္ဘောဇဘဏ်အနေဖြင့်လည်း သုံးစွဲသူများအတွက် လိုအပ်သောအကြံဉာဏ်များကို ဘဏ်ခွဲများ၊ Call စင်တာများ မှတစ်ဆင့်ကူညီပေးသွားမည်ဖြစ်သည့်အပြင် Credit ကတ်ကို အကျိုးရှိစွာ အသုံးပြုနိုင်မည့် နည်းလမ်းများနှင့် လိုက်နာသင့်သည်များကိုပြသပေးမည့် #KBZCredit Smart ဆိုသည့်အစီအစဉ်တစ်ခုကိုလည်း စတင်သွားမည်ကြောင်း သိရသည်။

KBZ UnionPay International Credit Card များအတွက် ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ +၉၅၁ ၃၇၀၀၅၅ (Classic Card) နှင့် +၉၅၁ ၃၇၀၀၆၆ (Platinum Card)၊ hotline.cards@kbzbank.com တို့ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များကို https://www.kbzbank.com/en/cards/upi-credit-card/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

# INTERMACH & SUBCON MYANMAR 2016 ပြပွဲ ပြသ

UBM Asia (Thailand) နှင့် မြန်မာနိုင်ငံ စက်မှုကုန် ထုတ်လုပ်သူများ အသင်းတို့ပူးပေါင်းကျင်းပသည့် INTERMACH & SUBCON MYANMAR 2016 ပြပွဲကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း၏ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက “ကျွန်တော်တို့အနေနဲ့ UBM Asia (Thailand) နဲ့ ယခုအကြိမ်မှာ ပူးပေါင်း ပါဝင်ခွင့်ရတာ ဝမ်းသာပါတယ်။ အခုပြပွဲမှာ ပါဝင်မယ့်ဆွေးနွေးပွဲများနဲ့ စီးပွားရေး တွဲဖက်ဆောင်ရွက်ခြင်း အစီအစဉ်များမှတစ်ဆင့် ကျွန်တော်တို့ရဲ့ အသင်းဝင်များကို အကျိုးရှိစေနိုင်မှာဖြစ်ပြီးတော့ ပြပွဲမှာ လာရောက်ပြသတဲ့ နိုင်ငံတကာက လုပ်ငန်းရှင်တွေနဲ့ ပြည်တွင်းစက်မှုလုပ်ငန်းထုတ်လုပ်သူတွေကို အချိတ်အဆက်တစ်ခုဖြစ်လာနိုင်စေမှာပါ။ နောက်ပိုင်းမှာလည်း ကျွန်တော်တို့က ပြည်တွင်းစွန့်ဦးတီထွင်သူများကို လုပ်ငန်း အချိတ်အဆက်ပေးနိုင်မယ့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြပွဲတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် စက်ပစ္စည်းအမျိုးအစားပေါင်း ၃၀၀၀ ကျော်ကို ပြသခဲ့ပြီး ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်၊ ဩစ တြေးလျ၊ ဆွီဒင်၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့အပါအဝင် နိုင်ငံ ပေါင်း ၂၂ နိုင်ငံမှ နာမည်ကြီးအမှတ် တံဆိပ်ပေါင်း ၂၀၀ ကျော် ပါဝင်ပြသခဲ့ကြောင်း သိရ သည်။

ထို့ပြင် အဆိုပါပြပွဲတွင် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် ကုန်သည်လုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးနိုင်သည့် Business Matching များကိုလည်း ထည့်သွင်း ကျင်းပခဲ့ကြောင်း သိရသည်။

ယခုပြသခဲ့သည့် INTERMACH & SUBCON MYANMAR 2016 ပြပွဲသည် စတုတ္ထအကြိမ်မြောက် ပြသသည့်ပြပွဲဖြစ်ပြီး ယခင်နှစ်ပြပွဲများနှင့် မတူဘဲ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများမှ ရရှိလာသည့် အချက်အလက်များအား ဆွေးနွေးအဖြေရှာ၍ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်း လုပ်ဆောင်သွားမည် ဖြစ်သည်ဟု UBM Asia ၏ စီးပွားရေးဆိုင်ရာ တာဝန်ခံ မစ္စတာ အမ်ဂန္ဒီက ပြောကြားခဲ့သည်။

# Vietjet က Samsung Galaxy Note 7 များကို လေယာဉ်များပေါ်တွင် သယ်ဆောင်ခြင်းအား တားမြစ်

Vietjet လေကြောင်းအား စီးနင်းသွားလာနေကြသည့် ခရီးသည် များနှင့် လေကြောင်းခရီးစဉ်များ ဘေးကင်းလုံခြုံရေးအတွက် Samsung Galaxy Note 7 ဖုန်းအမျိုးအစားကို Vietjet လေကြောင်းလိုင်း၏ မည်သည့်လေကြောင်း ခရီးစဉ်အားလုံးတွင်မဆို လက်ဆွဲခရီးဆောင်အိတ်အတွင်း သယ်ဆောင်ခြင်း၊ ကုန်စည်ဝန်ဆောင်မှုကဲ့သို့ ခရီးဆောင်အိတ်များ စစ်ဆေးသည့် အခြေအနေများအပါအဝင် မည်သည့်ပုံစံမျိုးဖြင့် သယ်ဆောင်ခြင်းမျိုးကိုမဆို တားမြစ်ပိတ်ပင်ကြောင်း Vietjet လေကြောင်းလိုင်းက တရားဝင်သတင်း ထုတ်ပြန်လိုက်သည်။

ယခုထုတ်ပြန်ကြေညာချက်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်မှစတင်ကာ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း Vietjet ၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်ကို ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းလေကြောင်း အာဏာပိုင်အဖွဲ့အစည်းက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် ညွှန်ကြားချက်၊ ဥရောပလေကြောင်းလုံခြုံရေးအေဂျင်စီ(EASA)၏ ထောက်ခံချက်နှင့် Vietjet လေကြောင်း၏ ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် လုံခြုံရေးအသိပေးချက် အမှတ် ၁၄/၂၀၁၆ စသည့်ညွှန်ကြားချက်များအရ Samsung Galaxy Note 7 ဖုန်းဘတ္ထရီပေါက်ကွဲ မီးလောင်မှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များမှ ကင်းဝေးပြီး လေကြောင်းခရီးစဉ်များ ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရန် ယခုကဲ့သို့ ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၂ ရက်ကလည်း Vietjet လေကြောင်းလိုင်းအနေဖြင့် Samsung Galaxy Note 7 ဖုန်းအမျိုးအစားကို ခရီးဆောင်အိတ်များစစ်ဆေးသည့် အချိန်တွင် ထည့်သွင်း သယ်ဆောင်ခြင်းမပြုရန် ဗီယက်နမ်နိုင်ငံ၏ လေကြောင်းညွှန်ကြားမှုဌာနမှ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် ညွှန်ကြားချက်အမှတ် 3729/CT – CHK အရ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

အဆိုပါသတိပေးချက်ကို www.vietjetair.com တွင်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ Vietjet ၏ check-in ကောင်တာများတွင်လည်းကောင်း၊ နိုင်ငံတကာ လေဆိပ်များတွင်လည်းကောင်း ထုတ်ပြန်ထားသည့်အပြင် Vietjet လေယာဉ်များပေါ်တွင်လည်းကောင်း ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ ■

# Myanmar Water 2016 နှင့် Renewable Energy Myanmar 2016 ပြပွဲများ ကျင်းပ

မြန်မာနိုင်ငံရှိရေနှင့် စွမ်းအင်စက်မှု လုပ်ငန်းများဆိုင်ရာ ပြပွဲများဖြစ်သည့် Myanmar Water 2016 နှင့် Renewable Energy Myanmar 2016 ပြပွဲ ကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အမှာစကားပြောကြားကာ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းပြပွဲတွင်ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက “ဖွံ့ဖြိုးမှုရေရှည်တည်တံ့ နိုင်ဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးတည်ချက် အထမြောက်ရေးတွေမှာ အကောင်းမွန်ဆုံးနည်းလမ်းတွေနဲ့ ချဲ့ထွင်နိုင်ဖို့ဆိုတာမှာ နည်းပညာဆန်းသစ်တီထွင်မှုတွေနဲ့ သုတေသနပြုလုပ်ခြင်းတွေက အဓိကကျပါတယ်။ အခုကျင်းပတဲ့ Myanmar Water 2016 ပြပွဲကြီးက စက်မှုလုပ်ငန်းရှင်တွေ၊ ရေနဲ့စွမ်းအင် ပညာရှင်တွေ၊ အစိုးရရဲ့ဆုံးဖြတ်ပိုင်ခွင့်ရှိသူတွေ၊ အများပြည်သူနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေအတွက် အတွေ့အကြုံတွေဖလှယ်ဖို့ မိတ်ဆွေဖွဲ့ဖို့နဲ့ ရေနဲ့စွမ်းအင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ပေးဖို့အတွက် အရမ်းကို အရေးပါတဲ့ စင်္ကြံတစ်ခုဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

Myanmar Water 2016 နှင့် Renewable Energy Myanmar 2016 တွင် ရေနှင့် ရေဆိုး စီမံဖြေရှင်းမှု နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ပြည့်ဝနည်းပညာစသည့် စာတမ်းဖတ်ပွဲတို့ကိုပါ ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပိုလန်၊ အစ္စရေး၊ တရုတ် (တိုင်ပေ)၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် ဂျပန် စသည့် နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ပြခန်း ကြီးများဖြင့် ပါဝင်ပြသခဲ့ပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၅၀ ကျော်မှ လုပ်ငန်း ကျွမ်းကျင်သူများ၊ ရေနှင့် ရေဆိုးစီမံ ဖြေရှင်းမှုကျွမ်းကျင် ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ကန်ထရိုက် တာများ စသည့်ပုဂ္ဂိုလ်များ လာရောက်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲတွင် Renewable Energy Myanmar 2016 ညီလာခံကို အောက်တိုဘာလ ၂၀ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံရှိ ဈေးကွက်ဖွံ့ဖြိုးမှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲမှုဆိုင်ရာ ရွေးချယ်ပိုင်ခွင့်များ ခေါင်းစဉ်ဖြင့် ပြည်တွင်းမှ ပညာရှင်များကလည်းကောင်း၊ ရေနှင့်ရေဆိုးစီမံခန့်ခွဲမှုအတွက် ဂျပန်နိုင်ငံ၏ အတွေ့အကြုံများ၊ လက်ရှိအခြေအနေများနှင့် အနာဂတ် အစီအစဉ်များခေါင်းစဉ်ဖြင့် Japan Water Forum (JWF) ကလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**

# tEd,yrdqk &uowwpf

အောက်တိုဘာ ၁၇ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွက် ထုတ်ပြန်သော အဂရီဝပ်ချ်၏ ရက်သတ္တပတ် အစီရင်ခံစာအရ အိန္ဒိယ လက်ငင်းပဲဈေးကွက်မှာ ကုလားပဲနှင့်မတ်ပဲတို့မှအပ ပဲမျိုးစုံ အရောင်းအဝယ်ပါးနေသည်။ အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ပေါက်ဈေးမြင့်တက်မှုကြောင့် ဝယ်လိုအား မြင့်တက်မှုနှင့် ပွဲတော်ကာလ တိုက်ဆိုင်မှုတို့ကြောင့် ကုလားပဲဈေး မြင့်တက်ခဲ့ခြင်း ဖြစ်သည်။ မွမ်ဘိုင်းဈေးကွက်တွင် ကုလားပဲ တစ်ကွင်တယ်ကို ရူပီး ၅၅၀၀ နှင့် ၅၆၀၀ ကြားတွင်ရှိသည်။ ဈေးကွက်တွင် မိုးသီးနှံသစ်များ ဝင်လာတော့မည်ဖြစ်သဖြင့် စားသုံးသူများက ကုလားပဲ စားသုံးရာမှ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲကို ပြောင်းလဲစားသုံးကြသည်။ ပဲဝါလေးဈေးကလည်း ကျဆင်းလာသည်။ ကုလားပဲဈေးက အနည်းငယ်မာလာပြီး အခြားပဲမျိုးစုံက ဈေးကျဆင်းလျက်ရှိသည်။

အောက်တိုဘာ ၈ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံ ၁၄၁၈၄၄ တန် တင်သွင်းခဲ့သည့်အတွက် ယခင်ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက ၂၆ ဒသမ၆၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်။ အောက်တိုဘာ ၂ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်၌ ပဲမျိုးစုံတန်ချိန် ၁၁၂၀၃၀ တင်သွင်းခဲ့သည်။ စစ်တမ်းကောက်ယူသော ရက်သတ္တပတ်အတွင်း အရေအတွက်အများ ဆုံးတင်သွင်းသောပဲမှာ ပဲဝါလေးဖြစ်သည်။ အိန္ဒိယနိုင်ငံက ပဲဝါလေး ၁၁၇၈၉၉ တန်၊ ပဲစင်းငုံ တန်ချိန် ၉၇၅၀ နှင့် ကုလားပဲ ၄၅၉၅ တန်တင်သွင်းခဲ့သည်။ အခြားတင်သွင်းသော ပဲများမှာ ဘိုစားပဲ အပါအဝင် အခြားပဲမျိုးစုံဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ ကုလားပဲတင်သွင်းလျက်ရှိသော ဩစတြေးလျနိုင်ငံ၏ ကုလားပဲစိုက်ပျိုးရာ ရပ်ဝန်းများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲတင်ပို့မှုမှာ သတ်မှတ်ရက်ထက် ၁၀ ရက်မှ ၁၅ ရက်အထိ နှောင့်နှေးကြန့်ကြာမှုရှိခဲ့သည်။ ထို့ပြင် အရည်အသွေးနှင့် ပတ်သက်၍လည်း စိုးရိမ်စရာဖြစ်ခဲ့ရသည်။ မွမ်ဘိုင်းပဲစင်းငုံ ပေါက်ဈေးမှာ တစ်ကွင်တယ် ရူပီး ၆၁၀၀ နှင့် ကုလားပဲက ရူပီး ၁၀၀၀၀ဈေးရှိခဲ့သည်။ မြန်မာ ပဲစင်းငုံ CNF ဈေးက တစ်တန်ကို အမေရိကန် ဒေါ်လာ ၈၆၅၊ FAQ က အမေရိကန်ဒေါ်လာ ၁၁၈၀ နှင့် SQ က အမေရိကန် ဒေါ်လာ ၁၂၃၀ နှုန်းရှိခဲ့သည်။ ဩစတြေးလျ ကုလားပဲက မွမ်ဘိုင်းတွင် တစ်ကွင်တယ်ကို ရူပီး ၁၀၅၀၀ ရှိခဲ့သည်။ တန်ဇန်နီးယားနှင့် အီသီယိုးပီး ယား ကုလားပဲများ၏ ပေါက်ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၁၀၀၀၀နှင့် ၉၈၀၀ နှုန်းရှိခဲ့သည်။ မကြာမီ ကာလအတွင်း ကုလားပဲဈေးမာလာနိုင်သည်။




အိန္ဒိယနိုင်ငံ ချန်နိုင်းနှင့် ကရစ်ရှနာပက်တနမ်ဆိပ်ကမ်းများသို့ အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း ပဲမျိုးစုံ ကုန်သေတ္တာ ၂၁၃ လုံးဝင်ရောက်ခဲ့သည်။ ကွန်တိန်နာ ၂၁၃ စီးအနက် မတ်ပဲကုန်သေတ္တာအလုံး ၅၀၊ ပဲစင်းငုံကုန်သေတ္တာအလုံး ၁၁၀၊ ပဲဝါလေး ၁၉ လုံး၊ ပဲတီစိမ်း ၁၀ လုံးနှင့် ကျန်ကုန်သေတ္တာများမှာ အခြားပဲမျိုးစုံတို့ ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲတို့ဖြစ်သည်။ စာတိုက်မှတစ်ဆင့် ပေးပို့ရခြင်း၏ ရည်ရွယ်ချက်မှာ ဝေးလံခေါင်းပါးသော ဒေသများသို့ အရောက်ပေးပို့နိုင်ရန်ဖြစ်သည်။ အစိုးရက အရန်သိုလှောင်ထားသော ပဲများကို ဆက်လက် ရောင်းချသွားပြီး ရောင်းလိုအားနှင့် ဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်ဖြစ်သည်။ မိုးစိုက်ပဲများ ဈေးကွက်အတွင်း ဝင်လာ

ဖြစ်သည်။ ဩစတြေးလျ ကုလားပဲက ကုန်သေတ္တာ ၁၁ လုံးရှိပြီး နောက်ထပ်ကုလားပဲခြမ်း ၈ လုံး ရောက်ရှိဦးမည်ဟု သတင်းရရှိထားသည်။

ဝန်ကြီးဌာနများဆိုင်ရာ ကော်မတီ၏ ဆုံးဖြတ်ချက်အရ ပဲမျိုးစုံကို စာတိုက်မှတစ်ဆင့် ဖြန့်ဖြူးမည်။ စာတိုက်မှတစ်ဆင့် ပေးပို့မည့် ပဲမျိုးစုံမှာ အစိုးရက ထောက်ပံ့ကြေး ပေးထားသော

ခြင်း၊ ပြည်ပမှ ဆက်လက် တင်သွင်းနေခြင်းနှင့် အရန်သိုလှောင်ပဲများ ထုတ်ရောင်းနေခြင်းတို့ကြောင့် လာမည့်သီတင်းပတ်များတွင် ဈေးနှုန်းမြင့်တက်မည့်ဒဏ်မှ သက်သာရာရနိုင်သည်။

၁၉၅၅ ခုနှစ် အခြေခံကုန်စည်များ အက်ဥပဒေ (Essential Commodities Acd, 1955) အရသက်ဆိုင်ရာ အာဏာပိုင်တို့က အရေးကြီး ကုန်စည်တစ်မျိုးမျိုး ကန့်သတ်ထိန်းချုပ်ခြင်း ပြုပါက လက်လီဈေးကွက်များရှိ အခြေခံကုန်စည်များကိုလည်း အလားတူကျင့်သုံးဆောင်ရွက်လေ့ရှိသည်။

အဂရီဝပ်ချ်သတင်းဌာနက အောက်တိုဘာ ၁၇ ရက်တွင်ထုတ်ပြန်သော အပြည်ပြည်ဆိုင်ရာ ပဲမျိုးစုံ အစီရင်ခံစာအရ ဇူလိုင်မှစက်တင်ဘာလအတွင်း ရုရှားနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သော ကုလားပဲမှာ တန်ချိန် ၇၂၈၀၀ ရှိခဲ့ရာ ၁၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခင်နှစ်ကာလတူက ရုရှားနိုင်ငံက အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ တင်ပို့သောပဲ ပမာဏမှာ တန်ချိန် ၆၀၂၀၀ ရှိခဲ့သည်။ ရုရှားမှတင်ပို့သော ကုလားပဲအနက် တူရကီက ၆၀ ရာခိုင်နှုန်းဝယ်ယူပြီး အိန္ဒိယက ၂၂ ရာခိုင်နှုန်း ဝယ်ယူခဲ့သည်။ အိန္ဒိယ နိုင်ငံတွင် ပဲအမျိုးမျိုး ရောင်းလို အားနည်းနေသည့်အတွက် နိုင်ငံ အသီးသီးမှ ပဲများ ဆက်လက်ဝင်ရောက်လာမည်ဟု ခန့်မှန်းရသည်။

ကုလားပဲမှာ ပြည်တွင်းဈေးကွက်ရှိလက်လီလုပ်ငန်းများနှင့် ကြိတ်ခွဲရေးလုပ်ငန်းများမှ ဝယ်လိုအားကောင်းနေသည့်အတွက် တက်ရိပ်ပြလျက်ရှိသည်။ သို့သော် ဩစတြေးလျမှ တင်ပို့မှုအနည်းဆုံး တစ်လခန့်ကြာနေမည်ဖြစ်သည့်အတွက် စိုးရိမ်မှုများရှိနေသည်။ ကုလားပဲကို သိုလှောင်မှု မပြုရန် အစိုးရက ကန့်သတ်ချက်ထုတ်ပြန်ထားသည်။ မတ်ပဲဈေးကွက်မှာ လယ်သမားများက ဈေးကောင်းစောင့်ပြီး မရောင်းသေးဘဲ ထိန်းထားခြင်းနှင့် သီးနှံအသစ်အထွက်မှာလည်း မူလခန့်မှန်းချက်အောက်ကျဆင်းမည်ဟု ခန့်မှန်းထားသည့်အတွက် မတ်ပဲဈေးသည် ပုံမှန်အနေအထားမှ ထပ်မံ မြင့်တက်မည့် သဘောရှိသည်။ သီးနှံအထွက် ပုံမှန်ရှိသော်လည်း ဈေးကွက်အတွင်းသို့ ပစ္စည်း အဝင်နည်းသဖြင့် ပဲစင်းငုံဈေးက ပုံမှန်ရှိနေသည်။

**စံမီအောင်**

# အင်ဒိုနီးရှားအရန်ဆန် အဆမတန်နိမ့်ကျ

အင်ဒိုနီးရှားနိုင်ငံ၏ ဆန်အရန်ထားရှိမှုကို အနိမ့်ဆုံး သတ်မှတ်ချက်အထိရရှိရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ လောလောဆယ်တွင် အင်ဒိုနီးရှား၏ အရန်ဆန်သိုလှောင်မှုက တစ်နှစ်ကို ပျမ်းမျှတန် ၃၀၀၀၀၀ မှ ၄၀၀၀၀၀ အထိရှိသည်။ ရာသီဥတုသွင်ပြင် လက္ခဏာများကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှု ကျဆင်းလျက်ရှိသည့်အတွက် နိမ့်ကျလျက်ရှိသော လက်ရှိဆန် သိုလှောင်မှုက အင်ဒိုနီးရှားနိုင်ငံအတွက် ကြီးမားသော ပြဿနာတစ်ခုအဖြစ်ရောက် ရှိနေသည်။ ဆန်ရှားပါးနေချိန်တွင် အင်ဒိုနီးရှား နိုင်ငံသားများ၏ အဓိကအစားအစာဖြစ်သော ဆန်သိုလှောင် လက်ကျန် ကျဆင်းမှုက ငွေကြေး ဖောင်းပွမှုကိုဖြစ်ပေါ်စေပြီး ဆင်းရဲမှုမျဉ်းအထက်တွင်ရှိသူ သန်းပေါင်းများစွာကို ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်းအောက်သို့ ရောက်ရှိစေနိုင် သည်။

လွန်ခဲ့သော တစ်နှစ်ခွဲအတွင်း ဖြစ်ပေါ်ခဲ့သော ရာသီဥတု အခြေအနေက အင်ဒိုနီးရှားနိုင်ငံအတွက် ကောင်းမွန်သော အခြေအနေမရှိခဲ့သည်ကို တွေ့ရသည်။ အယ်လ်နီညိုရာသီဥတုကြောင့် ကာလရှည်ကြာစွာ ပူပြင်းခြောက်သွေ့မှုဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း လာနီညာရာသီဥတု အခြေအနေကြောင့် အင်ဒိုနီးရှားနိုင်ငံမှာ ပုံမှန်ထက်ပိုမို စိုစွတ်သော အခြေအနေမျိုး ဖြစ်ပေါ်ခဲ့သည်။ ဤအခြေအနေက အင်းဆက် ပိုးမွှားများ ပိုမိုပြန့်ပွားမှုကို ဖြစ်ပေါ်စေခဲ့ပြန်သည်။ အကျိုးဆက်



အားဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုကို ထိခိုက်ကျဆင်းစေခဲ့သည်။ ထို့ပြင် အင်ဒိုနီးရှား လယ်သမား များ၏ ဘဝကို ကြီးမားစွာ ဂယက်ရိုက်ခတ်မှု ဖြစ်ပေါ်စေခဲ့သည်။ ဝင်ငွေကျဆင်းသည့်အချိန်တွင် ပိုးမွှားနှိမ်နင်းရသည့်အတွက် ထုတ်လုပ်မှုစရိတ်ကို မြင့်တက်စေခဲ့သည်။

အင်ဒိုးနီးရှားနိုင်ငံတွင်အရန်သိုလှောင် ဆန်အလုံအလောက်ရှိထားရန် လိုအပ်သော အချိန်သုံးချိန်ရှိသည်။ ပထမအချိန်မှာ သဘာဝဘေးဒဏ်ကျရောက်ချိန်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ တည်နေရာ၊ အနေအထားသည် သဘာဝဘေးဒဏ်မကြာခဏ ကျရောက်တတ်သော နေရာဖြစ်သည်။ ဒုတိယအချိန်မှာ ဆန်ဈေး နှုန်းအတက်အကျမြင့်မားနေချိန်ဖြစ်ပြီး တတိယ အချိန်မှာ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် အခြေအနေ ပြောင်းလဲချိန်ဖြစ်သည်။ ဆိုလိုသည်မှာ ဒေသ တွင်းရှိအိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးဒဏ် ကျရောက်ပါက ဆန်ဖြန့်ဖြူးပေးရန် လိုအပ်တတ်သည်။ အင်ဒိုနီးရှား အစိုးရ၏ ဝယ်ယူ ဖြည့်တင်းရေး အေဂျင်စီဘူးလော့ (National Logistics Agency) သည် ဆန်စပါးတင်သွင်းမှုနှင့် တင်ပို့မှုကို တာဝန်ယူထားသည်။ အဆိုပါ အေဂျင်စီက ဆန်ဖြန့်ဖြူးရေး လုပ်ငန်း တည်ငြိမ်မှု ရှိစေရန်နှင့် ဆန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရန် တာဝန်ယူဆောင်ရွက်သည်။ အရန်ဆန်သိုလှောင်မှုအတွက် ဘူးလော့အာဏာပိုင်တို့က ထိုင်းနှင့် ဗီယက်နမ်တို့မှ ဆန်ကို မှာယူ တင်သွင်းလေ့ရှိသည်။

**စံမီအောင်**

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ဗီယက်နမ်အသင့်စားခေါက်ဆွဲဈေးကွက်အတွင်းသို့ ဂျပန်ထုတ်လုပ်သူများ ဝင်ရောက်လာ

ဗီယက်နမ်နိုင်ငံသည် အသင့်စားခေါက်ဆွဲကို အများဆုံး ကြိုက်နှစ်သက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် ဂျပန်အသင့်စားခေါက်ဆွဲ ထုတ်လုပ်သူများသည် ဗီယက်နမ်ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းလာသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်၊ အင်ဒိုနီးရှား နှင့် ဂျပန်နိုင်ငံတို့ပြီးလျှင် အသင့်စားခေါက်ဆွဲ စားသုံးရာ၌ စတုတ္ထအများဆုံးနိုင်ငံဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လူနေမှုဘဝပုံစံများလည်း ပြောင်းလဲလာခဲ့သည်။ ဤသို့ နေထိုင်မှုပုံစံ ပြောင်းလဲမှုများကြောင့် မိမိတို့၏ လုပ်ငန်းများကို ချဲ့ထွင်ရန် အကောင်းဆုံးနေရာအဖြစ် ယူဆလာကြကြောင်း ဂျပန်ထုတ်လုပ်သူတို့က ပြောသည်။

၂၀၁၅ ခုနှစ်က ဗီယက်နမ်လူမျိုးများ စားသုံးသော အသင့်စားခေါက်ဆွဲ အထုပ်ပေါင်းမှာ ၄ဒသမ ၈ ဘီလီယံရှိကြောင်း ဂျပန်နိုင်ငံ အိုဆာကာစီရင်စု၊ အီခေးဒါးရှိ ကမ္ဘာ့အသင့်စား ခေါက်ဆွဲအသင်းက ပြောသည်။

ဗီယက်နမ်နိုင်ငံ၏ လူဦးရေသည် သန်း ၉၀ ရှိသည့်အတွက် စားသုံးမှုမှာ လူတစ်ဦးကို အထုပ် ၅၀ နှုန်း စားသုံးသည့် သဘောဖြစ်သည်။ ဗီယက်နမ်၏ ဝယ်လိုအားမှာ ကမ္ဘာ့ဝယ်လိုအား၏ ငါးရာခိုင်နှုန်း ရှိသည်။

ဂျပန်ကုမ္ပဏီများက ခေါက်ဆွဲများကို ထုတ်လုပ်ရာတွင် ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရန်အတွက် ပလပ်စတစ် အိတ်များဖြင့်သာ ထုတ်လုပ်လေ့ရှိသည်။ သို့သော် ယခုအခါ ဈေးနှုန်းအနည်းငယ်မြင့်မားပြီး စားသောက်ရာတွင် ပြင်ဆင်ရ ပိုမိုလွယ်ကူပြီး ခွက်တွင်ထည့်ထားသော အမျိုးအစား အသင့်စားခေါက်ဆွဲများကို ထုတ်လုပ်ကာ ငွေကြေးတတ်နိုင်သည့် ဖောက်သည်တို့အား ဆွဲဆောင်ရန် ကြိုးပမ်းခဲ့သည်။

အိုဆာကာ အခြေစိုက် အေ့စ်ကွတ်ကုမ္ပဏီ၏ ဟန်ဒီဟောင်းဟောင်း (Handy Hao Hao) အသင့်စားခေါက်ဆွဲကို အသားနှင့် ဟင်းသီးဟင်းရွက် ပိုမိုထည့်ကာ ထုတ်လုပ်ရောင်းချခဲ့သည်။ ■

# စက်တင်ဘာလအတွင်း စင်ကာပူ၌ ပုဂ္ဂလိက အိမ်ရောင်းချမှု ကိုးရာခိုင်နှုန်းမြင့်တက်

စင်ကာပူတွင် ပုဂ္ဂလိက အိမ်ခြံမြေ ဆောက်လုပ်သူတို့က စီမံကိန်းသစ်များကို ဆက်လက် ဆောက်လုပ်ခြင်း မရှိသေးဘဲ ထိန်းထားသော်လည်း ပုဂ္ဂလိက အိမ်သစ် ရောင်းချမှုများမှာ ယခင်လနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာတွင် ၈ဒသမ ၈ရာခိုင်နှုန်း ပိုမိုတိုးတက် လာခဲ့သည်။

ပုဂ္ဂလိက အိမ်ရာဆောက်လုပ်သူတို့က စက်တင်ဘာတွင် အိမ်ခန်း ၅၀၉ ခန်း ရောင်းချခဲ့ရာ ဩဂုတ်နှင့် နှိုင်းယှဉ်ပါက ၁၄၁ခန်း ပိုမို ရောင်းချနိုင်ခဲ့ကြောင်း မြို့ပြပြန်လည်ဖွံ့ဖြိုး တိုးတက်ရေး အာဏာပိုင်အဖွဲ့ (Urban Redevelopment Authority - URA) က အောက်တို ဘာ ၁၇ရက်တွင် ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။




အိမ်ရာဆောက်လုပ်သူတို့က စက်တင်ဘာလ အတွင်း ဈေးကွက်အတွင်းသို့ စီမံကိန်းသစ်များ တင်သွင်းခြင်း မရှိခဲ့ပေ။ သို့သော်လည်း လက်ရှိဆောင်ရွက်နေဆဲ စီမံကိန်းများမှ ရောင်းချရန် အိမ်ခန်းရေ ၄၇၉ ခန်းကို ဈေးကွက်သို့ စတင်ပြီး တင်ပြခဲ့သည်။ ဈေးကွက် တင်လာသည့် အရေအတွက်ကို ယခင်လက တင်သွင်းခဲ့သည့် အိမ်ခန်းသစ်ဦးရေ ၅၉၀ ခန်းနှင့် နှိုင်းယှဉ် ပါက ၁၈ဒသမ ၈ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း URA မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

မြို့လယ်ပိုင်းဒေသအတွင်း ဗဟိုအချက်အချာ ဒေသ၏ ပြင်ပဒေသများသည် ရောင်းချရသော အိမ်ခန်း ၂၉၇ ခန်းဖြင့် ဦးဆောင်နေပြီး၊ ဆင်ခြေဖုံးဒေသ သို့မဟုတ် မြို့လယ်ပိုင်းဒေသ အပြင်မှ အိမ်ခန်း ၁၄၄ခန်း ရောင်းချခဲ့ရသည်။ မြို့လယ်ပိုင်းဒေသ၏ ဗဟိုအချက်အချာဒေသ သို့မဟုတ် Core Central Region မှာ ၆၈ ခန်း ရောင်းချခဲ့ရသည်။

ဂျူရောင်းလိပ်ခရိုင် (Jurong Lake District) ရှိ လိပ်ဂရင်း ကွန်ဒိုများသည် စက်တင်ဘာအတွင်း အရောင်းရဆုံး ဖြစ်သည်။ အဆိုပါဒေသများမှ အခန်းပေါင်း ၂၉ ခန်း ရောင်းချရပြီး ပျမ်းမျှ ဈေးနှုန်းမှာ တစ်စတုရန်းပေလျှင် စင်ကာပူဒေါ်လာ ၁၃၁၃နှုန်း ရှိသည်။ ကလီမင်တီဒေသရှိ ထရိုင်လင်း ဒေသတွင် ၂၈ခန်း ရောင်းချရပြီး ပျမ်းမျှ ဈေးနှုန်းမှာ တစ်စတုရန်းပေကို စင်ကာပူဒေါ်လာ ၁၄၀၅ နှုန်း ရှိသည်။

Eecutive Condomium အခန်းများမှာ ဩဂုတ်က ၃၃၁ ခန်း ရောင်းချခဲ့ရာမှ စက်တင်ဘာတွင် ၂၁၅ ခန်း ရောင်းချခဲ့ရသဖြင့် ၂၁ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသည်။

# တောင်ကိုရီးယားအစိုးရက သင်္ဘောတည်ဆောက်ရေးကဏ္ဍ ပြန်လည်ရှင်သန်အောင်ကြိုးပမ်း

တောင်ကိုရီးယား သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် လောလောဆယ်တွင် သင်္ဘောသယ်ဆောင်ခများ နိမ့်ကျမှု၊ လုပ်ငန်းကျဆင်းမှုများနှင့် ရင်ဆိုင်နေရသည်ဖြစ်ရာ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း ပြန်လည်ရှင်သန်လာရေးအတွက် အထောက်အကူဖြစ်စေမည့် အစီအမံများကို အစိုးရက မကြာမီ ထုတ်ပြန်တော့မည်ဖြစ်ကြောင်း ထိပ်တန်းကြီးကြပ်ရေးအဖွဲ့၏ ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ကြွေးမြီများ အဆမတန် မြင့်တက်လာသည့်အတွက် တောင်ကိုရီးယား၏ နံပါတ်(၁) ဟန်ဂျင်းသင်္ဘောပို့ဆောင်ရေး ကုမ္ပဏီက တရားရုံး၏ အုပ်ထိန်းမှုကို လျှောက်ထားလာခဲ့ပြီး နောက်ပိုင်း တောင်ကိုရီးယား သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၏ အနာဂတ်မှာ မရေမရာဖြစ်ခဲ့ရသည်။

"ဟန်ဂျင်းပြဿနာ ပေါ်လာတဲ့အချိန်ကစပြီး သင်္ဘောတည်ဆောက်ရေးလုပ်ငန်းရဲ့ ယှဉ်ပြိုင်မှုအခြေအနေကို အစိုးရက မြှင့်တင်မပေးဘဲထားလို့ မရတော့ဘူးဆိုတာကို သိမြင်လာပါတယ်"ဟု တောင်ကိုရီးယားဘဏ္ဍာ ရေးလုပ်ငန်းကော်မရှင် (Financial Services Commission) ဥက္ကဋ္ဌ ယင်ဂျောင်ယောင်းက သတင်းထောက်များကို ပြောသည်။

ယှဉ်ပြိုင်မှု စွမ်းရည် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို သက်ဆိုင်ရာ အာဏာပိုင်များက ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်လျက်ရှိကြောင်း သူက ပြောသည်။ Daewoo Shipping and Marine Engineering Co., မှာ ဆက်လက်ရပ်တည်နိုင်စွမ်း မရှိတော့ကြောင်း ကမ္ဘာ့အတိုင်ပင်ခံ လုပ်ငန်းကြီးတစ်ခုဖြစ်သော မက်ကင်ဆေးကုမ္ပဏီက ကိုရီးယားကမ်းလွန်နှင့် သင်္ဘောလုပ်ငန်းအသင်းသို့ တင်ပြထားကြောင်း သိရသည်။

မက်ကင်ဆေးကုမ္ပဏီ၏ အစီရင်ခံစာကို အပြီးသတ် မဆောင်ရွက်ရသေးကြောင်း ယင်က ပြောသည်။ အကယ်၍ အပြီးသတ်အစီရင်ခံစာကို ရရှိပါက သင်္ဘောတည်ဆောက်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရက ကြိုးပမ်းဆောင်ရွက်ရာတွင် ရည်ညွှန်းအကိုးအကားအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သူကပြောသည်။ ■

## ဖိလစ်ပိုင်အီးကောမတ်စ်လုပ်ငန်းက အိမ်နီးချင်းများထက် နောက်ကျကျန်

ဖိလစ်ပိုင် နိုင်ငံသည် အီးကောမတ်စ်ကို အသုံးပြုရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ခေတ်နောက်ကျကျန်ခဲ့သည့်အတွက် စီးပွားရေးလုပ်ငန်းများကို ပညာပေးရာတွင် အစိုးရနှင့် ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက် တိုးတက်ရေးအတွက် ကုန်ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်ရာတွင် ကြုံတွေ့ရသည့် ပြဿနာများကို ဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ဖိလစ်ပင်းစတား သတင်းမှာ ဖော်ပြပါတယ်။

အွန်လိုင်းအသုံးပြုသူ လူဦးရေ ပိုမို များပြားလာခြင်းနှင့်အတူ ဖိလစ်ပိုင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အီးကောမတ်စ်က အထောက်အကူ ပြုပေးမည့် အနေအထား ရှိနေသော်လည်း ဖိလစ်ပိုင်နိုင်ငံသည် အီးကောမတ်စ် နည်းပညာကို အသုံးပြုရာ၌ အာရှပစိဖိတ်ဒေသတွင်း၌ အနိမ့်ဆုံးဖြစ်ကြောင်း ပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာဝန်ကြီးဌာန၊ အီလက်ထရွန်းနစ် နည်းပညာတီထွင် ဆန်းသစ်ရေး အမှုဆောင် အတိုင်ပင်ခံ မွန်အီဘရာဟင်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် မှတ်ပုံတင်ထားသော စုစုပေါင်း စီးပွားရေးလုပ်ငန်းများအနက် လောလောဆယ်တွင် အွန်လိုင်းကိုသာ အသုံးပြုသူ ဦးရေသည် တစ်ရာခိုင်နှုန်းမျှသာ ရှိသည်။

"တကယ့်အခြေခံကျတဲ့ နယ်ပယ်တွေကစပြီး ကျွန်တော်တို့ ဆောင်ရွက်ရတဲ့ ဒီနယ်ပယ်တွေထဲမှာ ပညာပေးခြင်း၊ အွန်လိုင်းမှတစ်ဆင့် အရောင်းရောအဝယ်ပါ တိုးတက် ကောင်းမွန်အောင်လုပ်ဆောင်ရန် လိုအပ်ပါတယ်" ဟု သူကပြောသည်။

နိုင်ငံအတွင်း အီးကောမတ်စ်သုံးစွဲမှုကို မြှင့်တင်ရာ၌ အထောက်အကူပေးရန်နှင့် ဖြစ်ပေါ်လာသော အကျိုးစီးပွားကို ရယူသုံးစွဲနိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ စုပေါင်းပြီး ပညာပေးရန်ဖြစ်ကြောင်း အီဘရာဟင်က ပြောသည်။

ဖိလစ်ပိုင် အီးကောမတ်စ် ရှေ့လုပ်ငန်းစဉ်ကို ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ယခုနှစ် နှစ်ဆန်းပိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ရှေ့လုပ်ငန်းစဉ်အရ အဓိကရည်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် အီးကောမတ်စ် လုပ်ငန်းသည် ဖိလစ်ပိုင် စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)၏ ၂၅ရာခိုင်နှုန်းကို အကောင်အထည် ဖော်ပေးရန်ဖြစ်သည်။

ဥာဏ်တင်-စုစည်းတင်ပြသည်




အာရှဒေသရှိထွန်းသစ်စ ငွေကြေးများမှာ အောက်တိုဘာ ၂၁ ရက်တွင် တန်ဖိုး ကျဆင်းခဲ့သည်။ အဆ မတန် ဖြေလျှော့ထားသော ငွေကြေး မူဝါဒကို ဆက်လက် ကျင့်သုံးရန် ဥရောပ ဗဟိုဘဏ် (အီးစီဘီ)က ဆုံးဖြတ်ချက်ချပြီး နောက်ပိုင်း ယူရိုတန်ဖိုး ကျဆင်းကာ အမေရိကန် ဒေါ်လာ တန်ဖိုးမြင့်တက်မှုကြောင့်လည်းကောင်း၊ ရေနံဈေးနှုန်းများ ကျဆင်းမှုကြောင့် လည်းကောင်း ယခုကဲ့သို့ အာရှငွေကြေးများ တန်ဖိုး ကျဆင်းခဲ့ခြင်း ဖြစ်သည်။

တရုတ်ယွမ် ငွေကြေးတန်ဖိုးက ခြောက်နှစ်အတွင်း အနိမ့်ဆုံး ကျဆင်းခဲ့ပြီးနောက် ဒေသတွင်း ငွေကြေးများအပေါ် ဖိအားပေးမှုများ ကျရောက်ခဲ့ပြီး စင်ကာပူ ဒေါ်လာတန်ဖိုးက မတ်လ နောက်ပိုင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။

အီးစီဘီ၏ မူဝါဒရပ်တည်ချက်ကြောင့် ထွန်းသစ်စ အာရှငွေကြေး စာချုပ်စာတမ်းများ ဈေးကွက်ကို ဆက်လက် အထောက်အကူ ပြုသွားနိုင်စရာ ရှိသော်လည်း ရင်းနှီးမြှုပ်နှံသူများက ဒီဇင်ဘာတွင် အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေး မပေးကို အဓိကထား လေ့လာလျက်ရှိသည်။

## တရုတ်ယွမ်

ရက်အလိုက် နှိုင်းယှဉ်ပါက အမေရိကန် ဒေါ်လာတန်ဖိုးမြင့်တက်မှုကြောင့် အောက်တိုဘာ ၂၁ရက်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာမှာ ဟောင်ကောင်ရှိ Offshore ယွမ်က တစ်ဒေါ်လာကို ၆ဒသမ ၇၆၄၆ ယွမ်နှုန်း ရှိခဲ့ရာ ၂၀၁၀ပြည့်နှစ် နောက်ပိုင်း ယွမ်တန်ဖိုး အနိမ့်ဆုံး ဖြစ်ခဲ့သည်။

အောက်တိုဘာ ၂၁ရက် နံနက် ၁၁နာရီမှာ ရှန်ဟဲရှိ Onshore ယွမ်တန်ဖိုးက သုညဒသမ ၂ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၇၅၅၆ ယွမ်နှုန်း ရှိခဲ့သည်။ ယခုနှုန်းက ခြောက်နှစ်အတွင်း ယွမ်တန်ဖိုး အနိမ့်ဆုံး ရောက်ရှိသည့် နှုန်းဖြစ်ပြီး ရက်သတ္တပတ် သုံးပတ်မြောက်အဖြစ် ဆက်တိုက် ကျဆင်းခဲ့ခြင်း ဖြစ်သည်။

တရုတ်ဗဟိုဘဏ်က နေ့စဉ်ရည်ညွှန်း အတိုးနှုန်းကို သုညဒသမ ၃၇ ရာခိုင်နှုန်း လျှော့ချပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၇၅၅ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။

## အိန္ဒိယရူပီး

ဘဏ်များနှင့် သွင်းကုန် လုပ်ငန်းရှင်များ၏ ဒေါ်လာ ဝယ်လိုအား ထပ်မံမြင့်တက်လာမှုကြောင့် ဘဏ်အချင်းချင်း နိုင်ငံခြားငွေ ဖလှယ်ရေး ဈေးကွက်တွင် အောက်တိုဘာ ၂၀ရက်က အမေရိကန်ဒေါ်လာနှင့် ရူပီး ဖလှယ်ရာတွင် ရူပီးတန်ဖိုးက သုညဒသမ ၁၃ ရူပီးနှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆၆ ဒသမ ၈၁ ရူပီးနှုန်း ရှိခဲ့သည်။

ပင်လယ်ရပ်ခြားဒေသတွင် အချို့ငွေကြေးများနှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုး မြင့်တက်မှုနှင့် ပြည်တွင်း စတော့ရှယ်ယာများ ကျဆင်းမှုကြောင့် ရူပီးတန်ဖိုး ကျဆင်းမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ငွေကြေး ဝယ်ရောင်းသမားများက ပြောသည်။

## ဂျပန်ယန်း

ဒေါ်လာအညွှန်းကိန်း အမှတ်က ၉၈ဒသမ ၅၆၄အထိ ရောက်ရှိပြီး မတ်လ နောက်ပိုင်း အမြင့်ဆုံးကို ရောက်ရှိသဖြင့် ယူရိုငွေကြေး တန်ဖိုးက သုညဒသမ ၄ရာခိုင်နှုန်း ကျဆင်းကာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ဒသမ ၀၈၉၀နှုန်း ရှိခဲ့သည်။

ဒေါ်လာတန်ဖိုးကို ရက်အလိုက် နှိုင်းယှဉ်ပါက သုညဒသမ ၅ရာခိုင်နှုန်း မြင့်တက်ခဲ့သဖြင့် အပြောင်းအလဲ အနည်းငယ်သာ ရှိပြီး အမေရိကန် တစ်ဒေါ်လာကို ၁၀၃ဒသမ ၈၄ယန်းနှုန်း ရှိခဲ့သည်။

## မလေးရှားရင်းဂစ်

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ငွေကြေး ဖလှယ်နှုန်းမှာ အောက်တိုဘာ ၂၀ရက်က တစ်ဒေါ်လာကို ၄ဒသမ ၁၈၁၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉နာရီ ၃၀မိနစ်မှာ တစ်ဒေါ်လာကို ၄ဒသမ ၁၈၄၀ ရင်းဂစ်နှုန်းအထိ ကျဆင်းခဲ့သည်။

သို့သော်လည်း အခြားငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး မာလာသည်ကို တွေ့ရသည်။

## ကိုရီးယားဝမ်

ဆမ်ဆောင်း အီလက်ထရွန်းနစ်၏ ရှယ်ယာတန်ဖိုး ၂ရာခိုင်နှုန်းနီးပါး ကျဆင်းခြင်းနှင့် အီးစီဘီက အတိုးနှုန်း လျှော့ချမှုတို့ကြောင့် အောက်တိုဘာ ၂၁ ရက်မှာ တောင်ကိုရီးယား ရှယ်ယာတန်ဖိုးများ ကျဆင်းခဲ့သည်။ တောင်ကိုရီးယားဝမ် တန်ဖိုးမှာလည်း ယခင်နေ့ကနှင့် နှိုင်းယှဉ်ပါက ၇ဒသမ ၄၅၀မ်နှုန်း ကျဆင်းပြီး အောက်တိုဘာ ၂၁ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ၁၁၃၄ ဒသမ ၉၅ ဝမ်နှုန်း ထိ ရောက်ရှိခဲ့သည်။

## ထိုင်းဘတ်

ယခင်ရက်သတ္တပတ်က ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက် ကွယ်လွန်ပြီးနောက် ဘတ်ငွေတန်ဖိုး ကျဆင်းခဲ့ရာ အမေရိကန် တစ်ဒေါ်လာကို ၃၆ ဘတ် နှုန်းနီးပါးဖြင့် ရှစ်လအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီးမှ အမေရိကန် တစ်ဒေါ်လာကို ၃၅ဘတ်ရှိခဲ့သဖြင့် ဘတ်ငွေတန်ဖိုး ပြန်လည် ဦးမော့လာခဲ့သည်။

# အာမခံစာချုပ်စာတမ်းများ ဝယ်ယူမှုကို ဂျပန်ဗဟိုဘဏ်က ချက်ချင်း လျှော့ချမည် မဟုတ်ဟုဆို

ဂျပန်ဗဟိုဘဏ်၏ မူဝါဒ အပြောင်းအလဲရှိနေသော်လည်း ဗဟိုဘဏ်က ငွေချေး စာချုပ်စာတမ်းများ ဝယ်ယူမှုကို ချက်ချင်း လျှော့ချဦးမည် မဟုတ်ကြောင်း ဂျပန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဟာရူဟီကိုကူရိုဒါက အောက်တို ဘာ ၂၁ ရက်က ပြောသည်။

လက်ရှိတွင် ဂျပန်ဗဟိုဘဏ်က အစိုးရဘွန်း စာချုပ်များကို နှစ်စဉ် ယန်းထရီလီယံ ၈၀ (အမေရိကန်ဒေါ်လာ ဘီလီယံ ၇၇၀) ဝယ်ယူလျက် ရှိသည်။ သို့သော်လည်း လာမည့် အနာဂတ်ကာလတွင် ယခုနှုန်းထားအတိုင်း ဝယ်ယူသွားရန် လိုအပ်မည် မဟုတ်ကြောင်း ပါလီမန်တွင် မေးသော မေးခွန်းများကို ဖြေကြားစဉ် ကူရိုဒါက ပြောကြားသည်။

ငွေကြေးမူဝါဒ လျှော့ချမှု မူဘောင်သစ်ကို ဂျပန်ဗဟိုဘဏ်က စက်တင်ဘာလ အတွင်းက ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါ မူဘောင်သစ်ကို အကောင်အထည်ဖော်ရာတွင် ဗဟိုဘဏ်က ဆောင်ရွက်မည့် နည်းလမ်းများကို ရင်းနှီးမြှုပ်နှံသူတို့က စောင့်ကြည့် လေ့လာလျက် ရှိသည်။

ဂျပန်ဗဟိုဘဏ်၏ နောက်တစ်ကြိမ် မူဝါဒ အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်နှင့် နိုဝင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

မူဘောင်သစ်ကို အကောင်အထည် ဖော်ခြင်းဖြင့် ဂျပန်ဗဟိုဘဏ်သည် ငွေချေးစာချုပ် ဝယ်ယူမှု ပမာဏကို လျှော့ချနိုင်လိမ့်မည်ဟု အချို့စီးပွားရေး ပညာရှင်များက ခန့်မှန်းကြသည်။ ဂျပန်ဗဟိုဘဏ်၏ မူဝါဒအပြောင်းအလဲအရ ငွေကြေးမူဝါဒကို တင်းကျပ်ပြီး ဘွန်းစာချုပ် ဝယ်ယူမှုကို တဖြည်းဖြည်း လျှော့ချသွားလိမ့်မည်ဟု ယူဆရကြောင်း ဗဟိုဘဏ်ဘုတ် အဖွဲ့ဝင်ဟောင်း ဆာယူရီရှိရိုင်းက ပြောသည်။

# စက်တင်ဘာလအတွင်းက တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံခြားငွေအပ်နှံမှု ကျဆင်း

ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာ အပ်နှံမှု ကျဆင်းသည့်အတွက် ယခင်လနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာတွင် တောင်ကိုရီးယား ဘဏ်များသို့ နိုင်ငံခြားငွေ လာရောက် အပ်နှံမှု ကျဆင်းခဲ့ကြောင်း အောက်တိုဘာ ၁၇ရက်က တောင်ကိုရီးယား ဗဟိုဘဏ်၏ ထုတ်ပြန်ချက်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ပြည်တွင်း၌ အမြဲတမ်းနေထိုင်သူတို့က ဘဏ်များတွင် အပ်နှံထားသော ငွေလက်ကျန်မှာ စက်တင်ဘာလကုန် စာရင်းအရ အမေရိကန်ဒေါ်လာ ၆၆ဒသမ ၅ ဘီလီယံရှိရာ ယခင်လနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်း ၈၄၀ ကျဆင်းခဲ့ကြောင်း ကိုရီးယားဗဟိုဘဏ်မှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။ နိုင်ငံခြားအပ်နှံငွေ စာရင်းတွင် တောင်ကိုရီးယား နိုင်ငံ၌ ခြောက်လနှင့်အထက် နေထိုင်သူများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ အပ်နှံငွေများ ပါဝင်သည်။

လအလိုက် နှိုင်းယှဉ်ပါက စက်တင်ဘာတွင် နိုင်ငံခြားငွေ အပ်နှံမှု ကျဆင်းရခြင်းမှာ အမေရိကန်ဒေါ်လာနှင့် တရုတ်ယွမ် ငွေကြေးတို့ဖြင့် အပ်နှံငွေများ ကျဆင်းသောကြောင့်ဖြစ်သည်။ စက်တင်ဘာလကုန်တွင် အမေရိကန်ဒေါ်လာဖြင့် အပ်နှံငွေမှာ အမေရိကန်ဒေါ်လာ ၅၆ဒသမ ၅၂ဘီလီယံ ရှိခဲ့ရာ ယခင်လအောက် အမေရိကန်ဒေါ်လာ သန်း၄၀၀ ကျဆင်းခဲ့သည်။ တရုတ်ယွမ်ဖြင့် အပ်နှံငွေမှာ အမေရိကန် ဒေါ်လာ သန်း၃၀၀ ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁ဒသမ ၆ ဘီလီယံသို့လည်းကောင်း၊ ယူရိုငွေကြေးဖြင့် အပ်နှံငွေမှာ အမေရိကန် ဒေါ်လာ သန်း၄၀ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၃ဒသမ ၀၅ ဘီလီယံသို့ လည်းကောင်း ရောက်ရှိခဲ့သည်။

ညဏ်တင်-စုစည်းတင်ပြသည်

CB BANK

Let's Win - Win Together

## Trade Services

### Import Services

- Issuances & Amendment of Letter of Credit
- Import Payment under Letter of Credit
- Import Letter of Credit Confirmation
- Import Payment under Bills for Collection (DP/DA)
- Shipping Guarantee Issurance
- Import LC Trade Financing

### Export Services

- Letter of Credit Advising & Amendment Advising
- Cancellation
- Export Bill under Letter of Credit
- Telegraphic Transfer Payment by Buyers
- Export Bills Collection

### Export Financing

Pre-Shipment Financing

- Pre-Export Packing Loan

Post Shipment Financing

- Export Invoice Financing
- Export Bill Purchase under Letter of Credit
- Export Bill Purchase under Document against Payment

### Guarantee

- Issuances & Amendment of Standby Letter of Credit
- Advising & Amedment Advising of Standby Letter of Credit
- Bid Bond Guarantee
- Performance Guarantee

### International Funds Transfer (T.T.)

- Outward Remittance
- Inward Remittance

### Foreign Currency Deposit Account

- Opening Foreign Currency Deposit Account (Individual & Corporate)
- Funds Transfer (Inside & Outside)

### Foreign Remittance

- Western Union - From World Wide countries to Myanmar (Inward/ Outward)
- International Money Express- (IME) From Malaysia to Myanmar
- May Bank - From Malaysia to Myanmar
- DBS Bank - From Singapore to Myanmar
- Kasikorn Bank - From Thailand to Myanmar
- Krung Thai Bank - From Thailand to Myanmar



# International **Trade** Services

www.cbbank.com.mm contact@cbbank.com.mm CBBankMyanmar

**Hotline - 1874**


moon
Use in daily life.
ရရှိနိုင်သောနေရာများ
- ဂမုန်းပွင့်ဆိုင်များအားလုံး
- မင်္ဂလာဈေးသစ်လက်လီ / လက်ကားဆိုင်များ

COMMERCE INTERNATIONAL

# စင်ကာပူ လူငယ်လူရွယ်လေးဦးအနက် သုံးဦးက ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရန် ရည်မှန်း



သက္ကရာဇ် ၂၀၀၀ ဝန်းကျင်က အရွယ်ရောက်ခဲ့ကြသော စင်ကာပူ လူငယ်လူရွယ်များကို စစ်တမ်းကောက်ယူခဲ့ရာ လာမည့် ၁၀ နှစ်အတွင်း စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖြစ် ရောက်ရှိအောင် ကြိုးစားရန် စီစဉ်ထားသူ လူငယ်အရေအတွက်သည် လေးဦးလျှင် သုံးဦးနှုန်းရှိကြောင်းနှင့် ၃၀ ရာခိုင်နှုန်းကျော်သည် ကျောင်းနေစဉ်ကာလကပင် လက်ရှိစီးပွားရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဝက်ဘ်ဆိုက်ကုမ္ပဏီ GoDaddy က အောက်တိုဘာ ၁၉ ရက်တွင် ထုတ်ပြန်သော ကြေညာချက်ကို တူဒေးအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

"စွန့်ဦးတီထွင်သူအဖြစ် ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်က စင်ကာပူစီးပွားရေးမှာ အဓိကအရေးပါတဲ့ သဘောတရား ခံယူချက်များအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်"ဟု GoDaddy ၏ အာရှဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာ ရော်ဂျာချန်းက ပြောသည်။

စစ်တမ်းကို GoDaddy က ဦးစီးဆောင်ရွက်ပြီး Morar Consulting and Vrge Analytics က အကောင်အထည်ဖော် ဆောင်ရွက်ပေးသည်။ စစ်တမ်းကောက်ယူရာတွင် ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ မက္ကဆီကို၊ စင်ကာပူ၊ တူရကီ၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့မှ အတတ်ပညာရှင်ပေါင်း ၇၂၉၁ ဦးကို ကောက်ယူခဲ့ခြင်းဖြစ်သည်။

သက္ကရာဇ် ၂၀၀၀ ဝန်းကျင်တွင် အရွယ်ရောက်ခဲ့သူ စင်ကာပူနိုင်ငံသားများသည် ငယ်ရွယ်စဉ်ကပင် စွန့်ဦးတီထွင်သူများအဖြစ် ဆောင်ရွက်ခဲ့သူများဖြစ်ပြီး ကျောင်းနေစဉ်မှာပင် လက်ရှိလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသူ ၃၂ ရာခိုင်နှုန်းရှိကြောင်း စစ်တမ်းအရ သိရသည်။

စွန့်ဦးတီထွင်သူအဖြစ် ဆောင်ရွက်လိုစိတ် ပေါ်ထွန်းလာစေရန် နောက်ကွယ်က တွန်းအားပေးနေသော အဓိကမောင်းနှင်အားမှာ နည်းပညာကို အသုံးပြုရလွယ်ကူသည့်အတွက် နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရာတွင် 'ကိုယ်တိုင်ဖြေရှင်း'ရသော ပုံစံ၊ တစ်နည်းအားဖြင့် ကိုယ့်ဒူးကိုယ်ချွန်ပုံစံကို ပိုမိုသဘောကျသောကြောင့် ဖြစ်ကြောင်း ၄၅ ရာခိုင် နှုန်းက ပြောသည်။ အခြားသော မောင်း နှင်အားတစ်ခုမှာ အလိုအလျောက် စနစ်ကို အသုံးပြုနိုင်ခြင်း ဖြစ်သည်။

စွန့်ဦးတီထွင်လိုသူ အများစုရင်ဆိုင်နေရသော စိန်ခေါ်မှုများမှာ မတည်ရင်းနှီးငွေ၊ သယံဇာတ၊ အရင်းအမြစ်၊ ငွေကြေးရရှိနိုင်မှုနှင့် လူသားအရင်းအမြစ် ရှားပါးခြင်းတို့ဖြစ်သည်။ အချို့သော လုပ်ငန်းများတွင် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု မရှိခြင်းသည်လည်း စိန်ခေါ်မှုအဖြစ် ပါဝင်သည်။ သို့ဖြစ်ရာ အစီအစဉ်များကို ပိုမိုဆောင်ရွက်ပေး ခြင်း (သို့မဟုတ်) ငွေကြေး ပိုမိုထောက်ပံ့ပေးခြင်းတို့ဖြင့် စွန့်ဦးတီထွင်မှုကို မြှင့်တင်ပေးရန် အစိုးရက ပိုမိုဆောင်ရွက်ပေးဖို့လိုကြောင်း ၅၇ ရာခိုင်နှုန်းက ပြောသည်။ စီးပွားရေး လုပ်ငန်းမျှဝေ ခံစားမှုနှင့် ပတ်သက်သော ဥပဒေများ နှင့် စည်းမျဉ်းဥပဒေများကို အစိုးရက ပြင်ဆင်မှုပြုလုပ်ပေးရန်လိုကြောင်း ပြောကြားသူက ၅၇ ရာခိုင်နှုန်းရှိသည်။

**ညဏ်တင်**



## လုံခြုံရေး ဖောက်ဖျက်မှုကြောင့် အိန္ဒိယနိုင်ငံရှိ အကြွေးဝယ်ကတ် သုံးသန်းကျော် စိုးရိမ်မှုနှင့် ရင်ဆိုင်နေရ

အိန္ဒိယနိုင်ငံတွင် ကတ်ဒေတာ အချက်အလက်များကို ခိုးယူခံရပြီးနောက် စိုးရိမ်မှုများ မြင့်မားလာသည့်အတွက် အိန္ဒိယနိုင်ငံရှိ ဘဏ်ပေါင်းများစွာတို့က ဘဏ်ဖောက်သည်များ၏ အကြွေး ကတ်များကို အသစ်လဲပေးခြင်း (သို့မဟုတ်) လုံခြုံရေးသင်္ကေတများ ပြောင်းလဲခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးသော အကြွေးကတ် (Debit Cards) ပေါင်း ၃ ဒသမ ၂၅ သန်းရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘဏ်ဖောက်သည်များ၏ အကြွေး ကတ်များကို ခိုးယူအသုံးပြုခြင်း ခံနေရ ကြောင်း၊ ဖောက်သည်များမှာ အိန္ဒိယနိုင်ငံတွင် နေထိုင်သူများဖြစ်သည့်တိုင်အောင် အထူးသဖြင့် တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ခိုးယူ အသုံးပြုခြင်းခံနေရကြောင်း အချို့ဘဏ်များမှ တိုင်ကြားမှုများဖြစ်ပေါ်လာပြီး နောက် အကြွေးကတ် ထုတ်ပေးသော အဖွဲ့အစည်းများဖြစ်သည့် ဗီဇာကတ်၊ မာစတာကတ်နှင့် အိန္ဒိယနိုင်ငံ အမျိုးသား ငွေပေးချေရေး ကော်ပိုရေးရှင်း (NPCI) လက်အောက်ခံ အိန္ဒိယကုမ္ပဏီ RuPay တို့က အရေးယူ ဆောင်ရွက်မှုများကို စက်တင်ဘာလအတွင်း အပူတပြင်း ဆောင်ရွက်ခဲ့ကြောင်း NPCI အကြီးအကဲက ပြောသည်။

ထိခိုက်မှုရှိသော ဘဏ်အားလုံးကို ကတ်ကွန်ရက် ဆောင်ရွက်ပေးသူများက တပ်လှန့်နှိုးဆော်ထားပြီးဖြစ် ကြောင်းနှင့် ကတ်များကို အစားထိုးလဲလှယ်ပေးရန် ဘဏ်များကို အကြံပြု ထားပြီးဖြစ်သဖြင့် လုံခြုံမှုရှိကြောင်း၊ လိုအပ်သော အရေးယူဆောင်ရွက်မှုများကိုပြုလုပ်ထားပြီးဖြစ်သဖြင့် ဖောက်သည်များအနေဖြင့် ကြောက်ရွံ့ထိတ်လန့်စရာမရှိကြောင်း NPCI အမှုဆောင်ချုပ် အေပီဟိုတာက ပြောသည်။

ထိခိုက်ခံရသော အကြွေးကတ်များအနက် ဗီဇာကတ်နှင့် မာစတာကတ် ပလက်ဖောင်းတွင် ဖြစ်ပွားသော အရေအတွက်သည် ၂ ဒသမ ၆၅ သန်း နှင့် RuPay တွင် ၆၀၀၀၀၀ ရှိကြောင်း ဟိုတာက CNBC TV18 ကို ပြော သည်။ လုံခြုံရေးချိုးဖောက်ခံရသည့်အထဲတွင် ATM ကတ် ၉၀ ပါဝင်သည်။

**ညဏ်တင်**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 24th October 2016

<< October And November Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | | 14.10.2016 | 11.10.216 | 13.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | | | | 10.10.2016 | 7.10.2016 | 9.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | | | | 30.10.2016 | 29.10.2016 | 28.10.2016 | | | 7.11.2016 | 10.11.2016 | | |
| | S/O CUT | | | | | | | 26.10.2016 | 25.10.2016 | 24.10.2016 | | | | | | |
| MV.HOEGH CHENNAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 16.11.2016 | 17.11.2016 | 15.11.2016 | | 25.11.2016 | 30.11.2016 | | 6.12.2016 |
| | S/O CUT | | | | | | | | 12.11.2016 | 13.11.2016 | 11.11.2016 | | | | | |
| MV.CITY OF MUMBAI V.36 | 1.55 | 1.90 | 2.20 | 3.50 | | | | 27.11.2016 | 28.11.2016 | 29.11.2016 | | | 9.12.2016 | 13.12.2016 | | |
| | S/O CUT | | | | | | | 23.11.2016 | 24.11.2016 | 25.11.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။